# မြန်မာ့အလင်း

ထစ်ချုန်းရွာမည်

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

ဒါနဋ္ဌ ဇော်မင်္ဂလ မုတ္တမံ
စွန့်ကြဲပေးကမ်း
လှူဒါန်းခြင်းသည်
မြတ်သောမင်္ဂလာမည်၏။

■ အတွဲ [၅၄]
အမှတ် [၃၂၂]

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက် [23-8-2015]

MYANMA ALINN SUNDAY ISSUE


# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကလေးနှင့် တမူးမြို့များ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စစ်ဆေး



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခမ်းပါတ်မြို့ အမှတ်(၁)ရပ်ကွက်၌ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။ (သတင်း၊ စာမျက်နှာ-၃) (ဓာတ်ပုံ-ပြန်/ဆက်)

## တနင်္ဂနွေ ဖတ်စရာများ

အပြာရောင်ကမ္ဘည်းများရဲ့ရာဇဝင်

### ကိုလိုနီခေတ်ဦးမှသည် ယနေ့တိုင် သက်ဝင်လှုပ်ရှားဆဲ ရန်ကုန်စာတိုက်ကြီး

စာ-၁၅

ခရီးသွားဆောင်းပါး

### ကရင်ပြည်နယ်အလှကို ဖော်ဆောင်နေသည့် ဇွဲကပင်တောင်ဆီသို့

စာ-၁၆

မြန်မာ့ရိုးရာအားကစား

### ပထမတန်းလက်ဝှေ့ကျော်များ ယှဉ်ပြိုင်ထိုးသတ်မည့် မြန်မာ-ဥရောပရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး

စာ-၁၈

နိုင်ငံတကာရေးရာသတင်းဆောင်းပါး

### ဥရောပတိုက်သို့ ရွှေ့ပြောင်းနေထိုင်သူ ဒုက္ခသည်များအရေး

စာ-၂၀




# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## ဘဏ်လုပ်ငန်းများ စိုးရိမ်စရာမရှိ

မည်သည့်လုပ်ငန်းမဆို ပွင့်လင်းမြင်သာမှုနှင့်တာဝန်ယူမှု၊ တာဝန်ခံမှုများသည် အလွန်ပင်အရေးကြီးပါသည်။ ပွင့်လင်းမြင်သာမှုမရှိသော လုပ်ငန်းများ နောက်ကွယ်တွင် စိုးရိမ်မှုများ၊ သောကများ၊ ကောလာဟလထိုးနှက်မှုများ စွန့်စားရမှုများ ရှိနေတတ်ပါသည်။ လုပ်ငန်းတိုင်း၊ အဆင့်တိုင်းတွင်ရိုးသားမှု၊ ပွင့်လင်းမှုများဖြင့်သာ ယုံကြည်မှုကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

လွန်ခဲ့သောရက်များအတွင်း လူမှုကွန်ရက်စာမျက်နှာများမှ တစ်ဆင့် ဘဏ်လုပ်ငန်းအချို့ပိတ်သိမ်းမည်ဟူသော ကောလာဟလများထွက်ပေါ်ခဲ့၍ ပုဂ္ဂလိကဘဏ်များမှ ငွေပြန်လည် ထုတ်ယူမှုများ ပိုမိုများပြားခဲ့ကြောင်းကြားသိရပါသည်။ အမှန်စင်စစ် ဤကောလာဟလ၏နောက်ကွယ်တွင် နိုင်ငံရေး၊ စီးပွားရေးထိုးနှက်မှုများရှိလိမ့်မည်ဟု ပညာရှင်တို့က သုံးသပ်ထားပါသည်။ သို့သော်လည်း ထိုလူမှုကွန်ရက်ကလာသော ကောလာဟလအရင်းအမြစ်သည် မည်သူမည်ဝါ၊ မည်သည့်အဖွဲ့အစည်း၏ လက်ချက်ဖြစ်သည်ကို အသေးစိတ်ရှာဖွေဖော်ထုတ်၍ ပြည်သူကို ချပြရန်လိုအပ်မည်ဖြစ်ပါသည်။ ထိုကောလာဟလကို လူမှုကွန်ရက်တွင် မည်သူက စတင်ခဲ့သနည်း၊ နိုင်ငံရေးသမားလော၊ စီးပွားရေးသမားလော၊ မည်သည့်အတွက်ကြောင့် ကောလာဟလဖြစ်အောင်လုပ်ရသနည်း၊ အများပြည်သူက သိချင်နေကြပေလိမ့်မည်။

မည်သူမဆို မိမိတို့ချွေးနဲ့စာဖြင့် စုဆောင်းထားသော ငွေကြေးများကိုအဆုံးရှုံးမခံနိုင်ပါ။ စိုးရိမ်မှုဖြစ်သည်မှာ သဘာဝကျပါသည်။ ကောလာဟလဟုပင်ဆိုသော်လည်း စိုးရိမ်မှုဖြစ်ရသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ယခုတော့ ထိုစိုးရိမ်မှုများကို ဖယ်ရှားနိုင်ခဲ့ပြီဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ မည်သည့် ဘဏ်ကိုမျှ ပိတ်သိမ်းဖို့အစီအစဉ်လုံးဝမရှိကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားလိုက်ခြင်းကြောင့် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ပုဂ္ဂလိကဘဏ် ၂၂ ခုရှိပြီး ထိုဘဏ်အားလုံးသည် ဗဟိုဘဏ်၏စိစစ်မှုအောက်တွင်ရှိနေပြီး ပြည်တွင်းရှိ ဘဏ်များအားလုံးသည် ငွေကြေးအကျပ်အတည်းမဖြစ်အောင် နိုင်ငံတကာ စံနှုန်းများနှင့်အညီ အခွန်များ၊ စည်းကမ်းသတ်မှတ်ချက်ဘောင်များအတိုင်း ငွေကြေးတည်ငြိမ်မှုရှိစေရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဆောင်ရွက်လျက်ရှိပါသည်။ ဆိုရလျှင် ပုဂ္ဂလိကဘဏ်အားလုံးကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ကျောထောက်နောက်ခံပြုထားပါသည်။ ငွေကြေးအခက်အခဲ အကျပ်အတည်းအတွက် စိုးရိမ်ပူပန်စရာမရှိနိုင်ပါ။ ပုဂ္ဂလိကဘဏ်များအနေဖြင့် ငွေကြေးအခက်အခဲ လိုအပ်လာပါက ဗဟိုဘဏ်နှင့် **Interbank Market** တို့ကလည်း ထုတ်ချေးနိုင်အောင် စီစဉ်ထားပါသည်။ သို့ဖြစ်၍ ပြည်သူတို့အနေဖြင့် မိမိတို့အပ်နှံထားသောငွေကြေးအပေါ် စိုးရိမ်စရာမရှိပါ။ ဒီမိုကရေစီစနစ်တွင် မည်သည့်လုပ်ငန်းမဆို ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ဆောင်ရွက်နေချိန်ဖြစ်၍ ပြည်သူတို့အနေဖြင့် မလိုလားအပ်သော ကောလာဟလတစ်ခုကြောင့် စိုးရိမ်ပူပန်စရာလိုမည် မဟုတ်ပါကြောင်း။ ။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းများယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ "

## ပုဂံယဉ်ကျေးမှုဒေသရှိ အဆောက်အအုံများ ပြန်လည်ပြုပြင်ထိန်းသိမ်း

**နေပြည်တော် ဩဂုတ် ၂၂**

ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် ဇူလိုင်လနှင့်ဩဂုတ်လများအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပျက်စီးခဲ့သော ပုဂံယဉ်ကျေးမှုအမွေအနှစ် ဒေသအတွင်းရှိ ရှေးဟောင်း အဆောက်အအုံများနှင့် ပျက်စီးရန် အန္တရာယ်ရှိနိုင်သည့် ရှေးဟောင်း အဆောက်အအုံများ အရေးပေါ် ပြန်လည်ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၂၀ ရက်က ပုဂံဒေသသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ဘုရားအမှတ်(၅၇၈) ကွမ်းတောင်ပေါက်ဂူဘုရားကို လည်းကောင်း၊ အုတ်ကျောင်း အမှတ်(၅၇၉)နှင့် (၅၈၀)ကိုလည်းကောင်း၊ မင်းနန်းသူရွာရှိ လေးမျက်နှာအုတ်ကျောင်းတိုက်နှင့် လေးမျက်နှာဘုရားကို လည်းကောင်း၊ မိဖုရားဖွားစောကျောင်းတိုက်အတွင်းရှိ ကျောင်းတိုက်အမှတ်(၉၀၇၊ ၉၀၈၊ ၉၀၉) ကိုလည်းကောင်း၊ ရွှေနန်းရင်တော်ဘုရားဂူမှ ဘုရားအမှတ်(၁၇၂၅) ကိုလည်းကောင်း၊ ဓမ္မရံကြီးဘုရားသို့လည်းကောင်း သွားရောက်၍ လတ်တလော အရေးပေါ် ထိန်းသိမ်းပြုပြင်နေမှု အခြေအနေများ၊ မိုးရေစိမ့်ဝင်မှုကြောင့် အက်ကွဲလာသော မျက်နှာကြက်များနှင့် နံရံတို့ကို ရှေးမူလက်ရာမပျက် ထိန်းသိမ်းပြုပြင်ရန်နှင့် ထပ်မံပြုပြင် ထိန်းသိမ်းရန်လိုအပ်သည့် ရှေးဟောင်းအဆောက်အအုံများ၏ အစိတ်အပိုင်းများကို အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေး၍ မိုးရေကြောင့်စွတ်စိုမှုများသည့် ရေပိတ်လွှာနှင့် ရေထွက်ပေါက် အားနည်းသည့် စေတီကြီးများ၊ လိုဏ်ဂူဘုရားများအတွင်းသို့ အများပြည်သူဝင်/ထွက်နေခြင်းကို ဂေါပကအဖွဲ့နှင့် ဝိုင်းဝန်းထိန်းသိမ်းရန်နှင့် ဘုရားပုထိုးပေါ်သို့ အများပြည်သူ တက်ရောက်ခြင်းမပြုရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်ရောက်နိုင်ရေး UNESCO နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပုဂံဒေသရှိ ရှေးဟောင်း ဆောက်အအုံများကို ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်ကြရာ၌ UNESCO က သတ်မှတ်ထားသည့် ထိန်းသိမ်းရေးဆိုင်ရာ စံချိန်စံနှုန်း



များ၊ မူဘောင်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်နှင့် ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ရောက်နိုင်ရေး ကြိုတင်ပြင်ဆင်မှု လုပ်ငန်းရပ်အနေဖြင့် အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် UNESCO တို့ ပူးပေါင်း၍ "Safeguarding Bagan Within The World Heritage Framework" စီမံချက်ပါ ပုဂံဒေသအတွက် အမွေအနှစ်ပေါင်းစည်းရေး စီမံခန့်ခွဲမှု မူဘောင်ဆောင်ရွက်ရန်အတွက် ဩဂုတ် ၁၉ ရက်မှ ၂၁ ရက်အထိ ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ပြုလုပ်လျက်ရှိသော စိုက်ပျိုးရေးနှင့် မြေယာရှုခင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်၍ Bagan Management Plan ရေးဆွဲရေးကိစ္စရပ်များကို မှာကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရွေးကောက်ပွဲဆိုင်ရာအသိပညာပေးရေးသင်တန်းဖွင့်

**နောင်ချို ဩဂုတ် ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင် နောင်ချိုမြို့နယ်ရွေးကောက်ပွဲကော်မရှင်က ကြီးမှူးကျင်းပသည့် ရွေးကောက်ပွဲဆိုင်ရာအသိပညာပေးရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၁ ရက် နံနက် ၈ နာရီက နောင်ချိုမြို့နယ်ခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ နောင်ချိုမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ဦးက အမှာစကားပြောကြားခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း၊ သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာမှုရှိသော လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအဖြစ် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးပြောကြားသည်။

**(ဝ၆၁)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၂-၈-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၅၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၁၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၆၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၁၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၅ |
| ဥရောပ | တစ်ယူရို | ၁၄၄၃.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၅.၁၈ |
| ထိုင်း | တစ်ဘတ် | ၃၆.၀၉၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၆၂၆ |
| တရုတ် | တစ်ယွမ် | ၂၀၁.၁၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၀.၈၄ |

ခင်ရတနာ-စုစည်းသည်။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကလေးနှင့် တမူးမြို့များ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စစ်ဆေး




**နေပြည်တော် ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဦးခင်မောင်စိုး၊ ဦးဝင်းမြင့်၊ ဒေါက်တာ သန်းအောင်၊ ဦးကျော်လွင်၊ ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကလေး-တမူးလမ်း ပြန်လည်ပြင်ဆင်ပြီးစီးမှု၊ ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သည့် ခမ်းပါတ်တံတားအား ယာယီရေနိမ့်တံတား တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ခမ်းပါတ်မြို့ အမှတ်(၁)ရပ်ကွက်၌ ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ မိုးသည်းထန်စွာရွာသွန်းပြီး ချောင်းရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သည့် ကနန်တံတား၊ ကမ္ဘာကြီးတံတား၊ တွိဗန်တံတား၊ တီးတိန်ယံတံတား၊ ရန်လင်းဖိုင်တံတားများအား ယာယီရေနိမ့်တံတားများ တည်ဆောက်ပြီးစီးမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဘုတ်ကန်ကျေးရွာ၌ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး အားပေးစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတသည် တမူးမြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းကဘော်ခန်းမ၌ကျင်းပသည့် တမူးခရိုင်အတွင်းရှိ ရေဘေးသင့် ပြည်သူများနှင့်တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် တမူးခရိုင်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌက ခရိုင်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့မှု၊ ပျက်စီးဆုံးရှုံးမှု၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ကူညီထောက်ပံ့ပေးရန်လိုအပ်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ရေဘေးဒဏ်ခံပြည်သူများအတွက် စားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ စိုက်ပျိုး၊ မွေးမြူရေး လုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေး၊ ပျက်စီးသွားသည့်ကျေးရွာများ ပြန်လည်ထူထောင်ရေး၊ နေရာသစ်

*စာမျက်နှာ ၄ ကော်လံ ၁ သို့*

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သည့် ခမ်းပါတ်တံတားနေရာတွင် ယာယီရေနိမ့်တံတား တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။**

(ဓာတ်ပုံ-ပြန်/ဆက်)



## တမူးခရိုင်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တံတားများထိခိုက်ပျက်စီးမှု

(၁) တမူး-ကျီးကုန်း-ကလေး

| စဉ် | တည်နေရာ | တံတား အမျိုးအစား | တံတားအမှတ် အမည် | ပျက်စီးမှုပမာဏ | ဆုံးရှုံးခန့်မှန်း (ကျပ်သန်း) |
|---|---|---|---|---|---|
| ၁ | ခမ်းပါတ်(၂)ရပ်ကွက် ၅၆/၆-၅၆/၇ | ဘေလီ | (၇/၅၇) ခမ်းပါတ်အမှတ်(၂) | ဘေလီအားလုံးပြုတ်ကျပျက်စီး ကမ်းကပ်ခုံ(၂)ဖက်ပျက်စီး | ၁၁၄. ၄ |
| ၂ | ကနန်ကျေးရွာ ၅၇/၅-၅၇/၆ | ဘေလီ | (၃/၃၈) ကနန်တံတား | ရေလယ်တိုင်(၁)ခုနိမ့်စောင်း၊ တမူးဘက်ခြမ်း၊ ကမ်းကပ်ခုံ(၁)ခု ပျက်စီး | ၂၅. ၀ |
| ၃ | ကမ္ဘာကြီးကျေးရွာ ၆၀/၀-၆၀/၁ | ဘေလီ | (၁/၆၁) ကမ္ဘာကြီးတံတား | ဘေလီအားလုံးပြုတ်ကျပျက်စီး ကွန်ကရစ်ရေလယ်တိုင် (၂)ခုပျက်စီး | ၁၂၇. ၀၁ |
| ၄ | တွိဗန်ကျေးရွာ ၇၁/၃-၇၁/၄ | ဘေလီ | (၃/၇၂) တွိဗန်တံတား | တံတားတစ်စင်းလုံးကျိုးကျ ကွန်ကရစ်ရေလယ်တိုင် (၂)ခု၊ ကမ်းကပ်ခုံ(၂)ခုပျက်စီး | ၆၆. ၄ |
| ၅ | တီးတိန်ယံကျေးရွာ ၇၃/၅-၇၃/၆ | ဘေလီ | (၁/၇၄) တီးတိန်ယံတံတား | ဘေလီအားလုံးပြုတ်ကျပျက်စီး သစ်သားတိုင်စင်(၂)ခု၊ ကမ်းကပ်ခုံ(၂)ခုပျက်စီး | ၇၉. ၄၁ |
| ၆ | ရန်လင်းဖိုင်ကျေးရွာ ၇၉/၀-၇၉/၁ | သံကူ ကွန်ကရစ် | (၁/၈၀) | ကလေးဘက်ခြမ်း ညာဘက် တံတားပေါင်ပျက်စီး | ၂. ၀ |



ကလေး-ကျီးကုန်း-တမူးလမ်းပေါ်ရှိ ကမ္ဘာကြီးတံတား (၄/၆၂)၏ ဘေလီပြုတ်ပါသွားသည်ကို တွေ့ရစဉ်။



ကလေး-ကျီးကုန်း-တမူးလမ်းပေါ်ရှိ ကမ္ဘာကြီးတံတား (၄/၆၂) ပြန်လည်ပြုပြင်ပြီးနောက် ဖြတ်သန်းသွားလာနေသည်ကို တွေ့ရစဉ်။

*စာမျက်နှာ ၃ မှ*

တွင် ပြန်လည်ရွှေ့ပြောင်းတည်ဆောက်နိုင်ရေး၊ စားနပ်ရိက္ခာဖူလုံရေးတို့နှင့်ပတ်သက်ပြီး ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က စီမံဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရေဘေးသင့်ဒေသများဖြစ်သည့် အလှော်ကျေးရွာနှင့် ပွတ်သာကျေးရွာများအတွက် ဗုဒ္ဓဆင်းတုတော်များကို လည်းကောင်း၊ မင်းသမီးကျေးရွာ၊ ထင်းဇင်၊ ကမ္ဘူကြီးကျေးရွာများအတွက် စားသောက်ကုန်များကို လည်းကောင်း၊ ခမ်းပါတ်အမှတ်(၁)၊ အမှတ်(၂)ရပ်ကွက်များနှင့် ကနန်ကျေးရွာများအတွက် လူသုံးကုန်ပစ္စည်းများကို လည်းကောင်း၊ တမူးမြို့ မြို့မရပ်ကွက်နှင့် စန္ဒကူးရပ်ကွက်များအတွက် သန့်ရှင်းရေးသုံးပစ္စည်းများကိုလည်းကောင်း တာဝန်ရှိသူများ ထံထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ရေဘေးကယ်ဆယ်ရေးအတွက် တမူးမြို့နယ်အတွင်းရှိ စေတနာရှင်ပြည်သူများက ငွေကျပ်သိန်း ၁၂၀၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းက ငွေကျပ်သိန်း ၅၀၊ ရွှေတောင်ကုမ္ပဏီက ငွေကျပ် ၂၅ သိန်း၊ တမူးခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများက ငွေကျပ်ရှစ်သိန်းကို ပေးအပ်လှူဒါန်းရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက လက်ခံယူသည်။

ယင်းနောက် ရေဘေးသင့်ပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘုတ်ကန်ကျေးရွာ၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

(ဓာတ်ပုံ-မြန်/ဆက်)

# ရေဘေးဒဏ်ခံခဲ့ရသည့် တမူးမြို့လေး ပြန်လည်နိုးထသက်ဝင်လာစေရန် ထူထောင်ရေးလုပ်ငန်းများကို အားဖြည့်ပေးကြမည်





**စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်အတွင်းရှိ ရေဘေးသင့်ပြည်သူများသို့ နိုင်ငံတော်သမ္မတ လှူဒါန်းသည့် ဆန်အိတ်များ ထောက်ပံ့ပေးအပ်ပွဲကျင်းပစဉ်။**

**နန္ဒာဝင်း**

ဝါဆို၊ ဝသန်မိုးသည်းရင် ငိုမိတယ် . . . ဆိုသည့် သီချင်းစာသားလေးအတိုင်း ဝါဆိုမိုးကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပြီး နေအိမ်များမျောပါ ပျက်စီးခဲ့ရသည်များရှိသလို ရေပြန်ကျသွားသော်လည်း ရွှံ့နွံ့ထုများတင်ကျန်မှုကြောင့် မပျက်စီးဘဲ ကျန်ခဲ့သည့် အိမ်များ၌ပင် ပြန်လည်နေထိုင်ရန် အခက်အခဲတို့ ရှိနေဆဲဖြစ်သည်။

မြန်မာနိုင်ငံတွင် ကိုမန်ဆိုင်ကလုန်းမုန်တိုင်း အဖျားခတ်မှုကြောင့် လေပြင်းတိုက်ခတ်မှုနှင့်အတူ မိုးသည်းထန်စွာရွာသွန်းခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှု၊ မြေပြိုမှုစသည့် သဘာဝဘေးအန္တရာယ်တို့နှင့် ကြုံတွေ့ခဲ့ရသည်။

အဆိုပါ သဘာဝဘေးအန္တရာယ်ကြောင့် စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်းနှင့် နေအိမ်အဆောက်အအုံများ၊ ကျွဲ၊ နွား၊ တိရစ္ဆာန်များ၊ သီးနှံစိုက်ခင်းများ၊ ကားလမ်း၊ ရထားလမ်းနှင့် တံတားများ ပျက်စီးဆုံးရှုံးမှုများနှင့် ကြုံတွေ့ခဲ့ရပြီး အသက်ဆုံးရှုံးမှုများပင် ဖြစ်သည်အထိရှိခဲ့သည်။

ထိုကဲ့သို့ မြန်မာတစ်နိုင်ငံလုံးနီးပါး သဘာဝဘေးကျရောက်ခဲ့သလို စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်သည်လည်း မလွတ်ခဲ့ပါ။ တမူးခရိုင်ရှိ တမူး၊ ခမ်းပါတ်နှင့် မြို့သစ်တို့တွင် မိုးစပါးစိုက်ပျိုးပြီး ၂၁၈၂၆ ဧကအနက် ၉၃၂၃ ဧက ရေလွှမ်းမှု ဖြစ်ပွားခဲ့သည်။ တစ်ခရိုင်လုံးအနေဖြင့် ရေမြုပ်ဧကများမှ ဧက ၇၀၀၀ နီးပါးမှာ သီးနှံများ ပျက်စီးဆုံးရှုံးခဲ့ရသည်။

ထို့အပြင် တမူးခရိုင် ခမ်းပါတ်မြို့နယ် ကမ္ဘူကြီးကျေးရွာ၌ ပေ ၃၁၀ ရှည် (ဘေလီသံပေါင်တံတား)၊ ကနန်ရပ်ကွက်တွင် ပေ ၂၉၀ရှည် ဘေလီသံပေါင်တံတား၊ ခမ်းပါတ်(၂)ရပ်ကွက်တွင် ပေ ၂၈၀ ရှည် ဘေလီသစ်သားပေါင်တံတားနှင့် တွီဗန်ကျေးရွာတွင် ပေ ၂၁၀ ရှည် ဘေလီတံတားတို့မှာ သံပေါင်ပြုတ်ကျခြင်း၊ ရေလယ်ဒေါက်တိုင်ရေစီးဖြင့်မျောပါခြင်း၊ တံတားချဉ်းကပ်လမ်းရေတိုက်စားခြင်း၊ ကမ်းကပ်ခုံပြိုကျခြင်း၊ တံတားသံပေါင်ပြုတ်ကျမျောပါခြင်းတို့ ဖြစ်ပွားခဲ့သည်။

အလားတူ တမူးမြို့နယ် တွီတိန်ယံကျေးရွာတွင် ပေ ၂၁၀ ရှည် ဘေလီသံတံတား၊ ကွန်းတောင်းကျေးရွာတွင် ပေ ၂၀၀ ရှည် ဘေလီတံတား၊ မြို့သစ်၊ ကျွန်းပင်သာကျေးရွာနှင့် တုံးကျေးရွာကြားတွင် ပေ ၂၄၀ ရှည် နန်းသလက်တံတား၊ မင်းသာကျေးရွာနှင့် ကျွန်းပင်သာကျေးရွာကြားတွင် ပေ ၁၆၀ ရှည် ဘေလီတံတားတို့မှာလည်း ပျက်စီးဆုံးရှုံးခဲ့ရသည်။

တမူးခရိုင်အတွင်း အိမ်ခြေ ၁၀၇၇ လုံး၊ အိမ်ထောင်စု ၁၁၇၃ စု၊ ရေကြီးနစ်မြုပ်မှု ကြုံတွေ့ခဲ့ရာ နေအိမ် ၃၈၆ လုံး ပျက်စီးဆုံးရှုံးခဲ့ပြီး လူဦးရေ ၆၀၀၀ ကျော် ရေဘေးသင့်ခဲ့သည်။

"အရင်က ဒူးလောက်၊ ပေါင်လောက်ပဲ ရေဝင်လေ့ရှိပါတယ်။ အခုက မိုးကလည်းများပြန်တော့ တောင်ကျရေတွေနဲ့ ရောပြီး ပြိုဆင်းလာတဲ့အတွက် နွံနုန်းတွေ အခုလိုဖြစ်သွားတာဖြစ်ပါတယ်"ဟု ကလေးမြို့တွဲလက်များ ပရဟိတအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးကဆိုသည်။



**စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်သမ္မတ လှူဒါန်းသည့် ဆန်အိတ်များကို လွှဲပြောင်းထောက်ပံ့ပေးအပ်စဉ်။**

ရေဘေးသင့် ရပ်ကွက်၊ ကျေးရွာ ၁၄ ခုမှ အိမ်ထောင်စုများအတွက် နိုင်ငံတော်က ပေးပို့ထောက်ပံ့သော ငွေကျပ်သိန်း ၅၀၀ဖြင့် ဆန်အိတ် ၁၀၀၀ ဝယ်ယူ၍ ဝေငှပေးခဲ့သလို မင်းသမီးကျေးရွာမှ တက္ကသိုလ်ကျောင်းသားကျောင်းသူခုနစ်ဦးအား ငွေကျပ် ၁၇၅ သိန်း ထောက်ပံ့ပေးခဲ့ပြီး ကျန်ငွေကျပ် ၂၂၅ သိန်းကိုလည်း ရေဘေးသင့်ပြည်သူများအတွက် ခွဲဝေသုံးစွဲသွားမည်ဖြစ်ကြောင်း တမူးမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီမှ သိရသည်။

တမူးမြို့ပေါ်သည် သိပ်မထိခိုက်ခဲ့သော်လည်း အောက်ဘက်ရှိ ရပ်ကွက်အချို့ ရေကြီးနစ်မြုပ်မှုဒဏ်ကို ခံခဲ့ရကြောင်းကို "ကျွန်တော်ကိုယ်တိုင်လည်း ကလေးမြို့က ရေဘေးခံစားရသူပါ။ ဒါပေမယ့်အခု တမူးခရိုင်အတွင်းက ရေဘေးခံစားရတဲ့ အချို့ရွာလေးတွေ အကြောင်းကို ကောင်းကောင်းသိတဲ့အတွက် ကိုယ့်ကိုယ်ကိုယ်တောင် မေ့ပြီး သူတို့အတွက် ခံစားရပါတယ်"ဟု တမူးခရိုင်အတွင်းရှိ ကျေးရွာများသို့ ယခင်က စာအုပ်လှူဒါန်းလေ့ရှိသူ ကဗျာဆရာ မောင်ကိုမောင်က ပြောသည်။

ယခု ရေကျသွားပြီဆိုသော်လည်း ရွာလုံးကျွတ်ရွှံ့နွံများ ဖုံးလွှမ်းနေသဖြင့် နေရေးထိုင်ရေး စားသောက်ရေးကအစ အခက်အခဲပေါင်းစုံဖြင့် ရင်ဆိုင်နေကြရသဖြင့် တမူးခရိုင်အတွင်းရေဘေးသင့်ပြည်သူများအတွက် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၊ ဆန်အိတ်များနှင့် ထောက်ပံ့ရေးပစ္စည်းမျိုးစုံတို့ကို ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လှူဒါန်းခဲ့သည်။

ထို့အပြင် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ဘီစကွတ်၊ နို့မှုန့်၊ ခေါက်ဆွဲခြောက်၊ ရေသန့်၊ ငါးသေတ္တာ၊ ဆေးဝါးမျိုးစုံ၊ ဆပ်ပြာမှုန့်၊ ဒန်အိုး၊ ဒန်ခွက်၊ ပန်းကန်၊ အဝတ်အထည်၊ စောင်၊ ခြင်ထောင်၊ အိပ်ရာခင်း၊ မိုးကာစနှင့် ဆိုလာမီးအိမ်စသည်တို့ကိုလည်း ပြည်ပနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီနှင့် အလှူရှင်များကလည်း ပေးပို့လှူဒါန်းကြသည်။

"ကျွန်တော်တို့ နစ်မြုပ်တယ်ဆိုတာက ကိုယ့်အိမ်ကို သန့်ရှင်းရေးပြန်လုပ်ပြီး နေလို့ရသေးတယ်။ သူတို့ဆီက လမ်းပန်းဆက်သွယ်ရေးလည်း မလွယ်ကူဘူး။ တံတားတွေလည်းကျိုးတဲ့အတွက် သူတို့ဒုက္ခရောက်တာဟာ ကျွန်တော်တို့ထက် အဆပေါင်းများစွာ ပိုပြီးခက်ခဲတဲ့အတွက် သူတို့အဖို့က အားလုံးဝိုင်းကူမှရမှာဖြစ်ပါတယ် "ဟု ကလေးမြို့နေ တွဲလက်များ ပရဟိတအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးက ဆိုသည်။

ယခုအခါ ရေကျသွားပြီဖြစ်၍ ကယ်ဆယ်ရေးစခန်းမှ ပြည်သူများသည် ကျေးရွာများရှိ နေအိမ်များသို့ ပြန်လည်ရောက်ရှိနေကြပြီဖြစ်ရာ ပြန်လည်ထူထောင်ရေးအနေဖြင့် လိုအပ်သည့် ရိက္ခာ၊ မျိုးစပါး၊ တိရစ္ဆာန်အစားအစာ၊ လယ်ယာလုပ်ငန်းသုံး စက်ကိရိယာများရရှိပြီး စားနပ်ရိက္ခာဖူလုံရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေး၊ သယ်ယူပို့ဆောင်ရေး လမ်း၊ တံတားများ ပြုပြင်တည်ဆောက်ပြီး လမ်းပန်းဆက်သွယ်ရေး ပြန်လည်ချောမွေ့ရေး၊ စာသင်ကျောင်းများနှင့် ဆေးခန်းများပြန်လည်ဖွင့်လှစ်နိုင်ရေး၊ လျှပ်စစ်မီးရရှိရေး စသည့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တမူးမြို့သည် ကလေးမြို့နှင့် မိုင် ၈၀ ကျော်သာဝေးပြီး မြန်မာနှင့် အိန္ဒိယနိုင်ငံတို့ ဆက်သွယ်ရာ ကုန်သွယ်ရေးမြို့လေးအဖြစ် လူသိများကြသည်။ လမ်းပန်းဆက်သွယ်ရေးလည်း ပြတ်တောက်ခဲ့ရသဖြင့် ရေဘေးဒဏ်ခံခဲ့ရသည့် တမူးမြို့လေး ပြန်လည်သက်ဝင်နိုးထရန် ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်သည်။



**ကလေး-တမူးလမ်းပိုင်းရှိ တီဗန်တံတားရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သည်ကို တွေ့ရစဉ်။**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၂**

ရေဆင်းဆည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၁၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အားပေးပြီး အထိမ်းအမှတ်သစ်ပင်ကို စိုက်ပျိုးသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ် ခရေပင်အား ဦးဆောင်စိုက်ပျိုးသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသူများက သတ်မှတ်နေရာအသီးသီးတွင် စိုက်ပျိုးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ စုပေါင်းစိုက်ပျိုးမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(ယာပုံ)**

ယနေ့ကျင်းပသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ)မိသားစုများ၏ ၂၀၁၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ပျိုးပင်စုစုပေါင်း ၄၂၆၀ အား စိုက်ပျိုးခဲ့ကြသည်။

ရေဆင်းဆည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ၂၀၁၁ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ စုစုပေါင်းစိုက်ပျိုးပင် ၇၉၀၇၀ စိုက်ပျိုးနိုင်ခဲ့ပြီး စိုက်ပျိုးခဲ့သည့်အပင်များ ရှင်သန်ဖြစ်ထွန်းအောင် အစားထိုးစိုက်ပျိုးခြင်းများ ဆောင်ရွက်လျက်ရှိရာ စုစုပေါင်း ၇၈၃၁၃ ပင် ရှင်သန်ဖြစ်ထွန်းလျက်ရှိကြောင်း သိရှိရသည်။



အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေများတွင်လည်း တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို ယနေ့နံနက်ပိုင်းက တစ်ချိန်တည်း တစ်ပြိုင်တည်း ကျင်းပကြရာ တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့စိုက်ပျိုးသည့် စိုက်ပျိုးပင်စုစုပေါင်းမှာ ၄၁၆၃၄၆ ပင် ဖြစ်ကြောင်း သိရသည်။ **(မြဝတီ)**

# နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာများ အတွေ့အကြုံအပြန်အလှန်ဖလှယ်ရေး ဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၂

**ဂျပန်နိုင်ငံတွင် ချစ်ကြည်ရေးခရီးရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား ဂျပန်မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့စစ်ဦးစီးချုပ် General Kiyofumi IWATA က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည့်အခမ်းအနားကို ဩဂုတ် ၂၁ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၁၀ မိနစ်တွင် ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန အဆောက်အအုံ(A) အရှေ့၌ ကျင်းပသည်။**



ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂျပန်မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့စစ်ဦးစီးချုပ်နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးသည်။

ယင်းနောက် General Kiyofumi IWATA က ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဂျပန်မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ အရာရှိကြီးများနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီး၏ အထူးအကြံပေးပုဂ္ဂိုလ်ဖြစ်သူ General Shegeru IWASAKI(Rtd.)နှင့် ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၂၀ တွင် ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနဝင်းရှိ အဆောက်အအုံ၌ လည်းကောင်း၊ ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အကီရာဆာတိုနှင့် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် လည်းကောင်း၊ ဂျပန်မြေပြင် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ စစ်ဦးစီးချုပ် General Kiyofumi IWATA နှင့် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ ပူးတွဲစစ်ဦးစီးချုပ် Admiral Katsutosh KAWANO နှင့်လည်းကောင်း၊ တွေ့ဆုံခဲ့ပြီး တပ်မတော်နှစ်ရပ်အကြား ရိုးသားမှု၊ ယုံကြည်မှုနှင့် အပြန်အလှန်လေးစားမှုကိုအခြေခံသည့် ဆက်ဆံရေးကောင်းများကို ပိုမိုတိုးမြှင့် ဆောင်ရွက်ရေး၊ တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အပြန်အလှန်လည်ပတ်ရေး၊ မြန်မာ့တပ်မတော်မှ သင်တန်းသားများ ပိုမိုတိုးမြှင့်စေလွှတ် သင်ကြားရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် အကူအညီပေးရေး၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာများတွင် အတွေ့အကြုံအပြန်အလှန်ဖလှယ်ရေး၊ ဂျပန်နိုင်ငံမှ နည်းပြများဖြင့် ဂျူဒိုနှင့်လုံ့စွပ်ထိုးသင်တန်းများအား သင်ကြားပေးနိုင်ရေး၊ Fuji Firepower Exercise ၂၀၁၅ အား ကြည့်ရှုလေ့လာရေးဆိုင်ရာ ကိစ္စရပ်များအားဆွေးနွေးကြပြီး ဂျပန်မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဂျပန်မြေပြင် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ ဖွဲ့စည်းမှုနှင့် တာဝန်၊ စွမ်းဆောင်နိုင်မှု၊ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းတင်ပြပြီး အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ဂျပန်မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ စစ်ဦးစီးချုပ် General IWATA က တည်ခင်းဧည့်ခံသော နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နံနက်ပိုင်းကလည်း တိုကျိုမြို့ရှိ သူရဲကောင်းစစ်သည်ဗိမာန်သို့သွားရောက်၍ ပန်းခွေချ အလေးပြုခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# ရန်ကုန်တိုင်းဒေသကြီး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး ၂၀၁၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် အခြေခံပညာမူလတန်းကျောင်းဆောင်သစ် ပန္နက်တော်တင်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် မြောင်းတကာ သံမဏိသံရည်ကျိုစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီရုံး၌ကျင်းပရာ ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးမြင့်က ၂၀၁၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မြောင်းတကာ သံမဏိသံရည်ကျိုစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးရွှေထူးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများက တာဝန်ရှိသူများထံသို့ ပျိုးပင်များပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၁၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ် ကံ့ကော်ပင်အားလည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့်တာဝန်ရှိသူတို့က ပျိုးပင်များအား လည်းကောင်း၊ သတ်မှတ်နေရာအသီးသီး၌ စိုက်ပျိုးပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဒေသခံပြည်သူများက စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့အခမ်းအနားတွင် ကံ့ကော်၊ အင်ကြင်း၊ ပိတောက်၊ ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ခရေ၊ သင်းဝင်၊ စိန်ပန်းပြာ အပါအဝင် သစ်ပင်အမျိုးပေါင်း ၁၉ မျိုး၊ သစ်ပင်ပေါင်း ၆၃၀ စိုက်ပျိုးပြီးစီးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နံနက် ၈ နာရီခွဲတွင် မြောင်းတကာ သံမဏိသံရည်ကျိုစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီက ဆောက်လုပ်လှူဒါန်းသည့် အခြေခံပညာမူလတန်းကျောင်းဆောင်သစ် ပန္နက်တော်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြပြီး သတ်မှတ်နေရာအသီးသီး၌ ပန္နက်တော်များတင်ပေးကြသည်။ **(သတင်းစဉ်)**

# ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးရန်ပုံငွေအတွက် ဂီတဖျော်ဖြေ

**ရန်ကုန် ဩဂုတ် ၂၂**

ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက ဦးစီးကျင်းပသော ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးရန်ပုံငွေ ဂီတဖျော်ဖြေပွဲကို Iron Cross တီးဝိုင်းနှင့်အတူ လေးဖြူ၊ အငဲ၊ မျိုးကြီး၊ ဝိုင်ဝိုင်းတို့က ဩဂုတ် ၂၁ ရက် ညက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ စည်ကားသိုက်မြိုက်စွာ ဖျော်ဖြေခဲ့ကြသည်။

အဆိုပါရန်ပုံငွေ ဂီတဖျော်ဖြေပွဲမှ ရရှိသည့် ငွေနှင့် အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေများအားလုံးကို ရေဘေးသင့် ဒေသများဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်ရှိ ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ရေဘေးကယ်ဆယ်ရေးပစ္စည်းများကို ကမ္ဘောဇဘဏ်က တာဝန်ယူပြီး အနာဂတ်အလင်းတန်းဖောင်ဒေးရှင်းမြန်မာက အခမဲ့ လေယာဉ်၊ ကား၊ သင်္ဘောတို့ဖြင့် သယ်ယူကာ ရေဘေးသင့်ပြည်သူများ လက်ထဲရောက်ရှိအောင် ပို့ဆောင်ပေးနေကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

# ရန်ကုန်မြို့တော်စည်ပင်ကကျင်းပသည့် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲဆုရရှိသူများ ရင်ထိုးတံဆိပ်နှင့် ဖိတ်စာထုတ်ယူနိုင်

**ရန်ကုန် ဩဂုတ် ၂၂**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပသည့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ ၂၀၁၅ ပြိုင်ပွဲတွင် ပြိုင်ပွဲအဆင့်အလိုက် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများ၊ အလွတ်တန်းဝါသနာရှင်များအနေဖြင့် ရင်ထိုးတံဆိပ်နှင့် ဖိတ်စာများကို ဩဂုတ် ၂၄ ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့တော်ခန်းမ မြေညီထပ်ရှိ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၌ ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ပြည်သူတွေကို မယုံကြည်ဘူးလား ...

မိုးသူဇာစိုး

**“သာမန်နားထောင်လိုက်ရင် တစ်ရာခိုင်နှုန်းလောက်က ဖြုတ်ချတာ ဘယ်တရားပါ့မလဲလို့ အထင်ရှိစရာရှိတယ်။ ဥပဒေက ဒီလို ဆိုတာမဟုတ်ပါဘူး။ တစ်ရာခိုင်နှုန်းက တိုင်ကြားနိုင်တာပါ။ တိုင်တာနဲ့ ဖြုတ်ချ ရုပ်သိမ်းလို့မရပါဘူး။”** ...ဦးမြင့်နိုင် (ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်)

ဩစတြေးလျနိုင်ငံ၏ လွှတ်တော်အဆောက်အအုံထက်တွင် အများပြည်သူ အပန်းဖြေ အနားယူနိုင်သည့် မြက်ခင်းပြင်များ စိမ်းစိုလန်းဆန်းနေပြီး ပြည်သူများ စိတ်လက်အေးချမ်းစွာ အပန်းဖြေ အနားယူလျက်ရှိသည်။ ယင်းသို့ လွှတ်တော်အဆောက်အအုံထက်တွင် ပြည်သူများ အပန်းဖြေနိုင်အောင် ပန်းခြံတည်ဆောက်ထားသည့် ရည်ရွယ်ချက်ကို သင်သိရှိပါသလား။

**လွှတ်တော်အထက်တွင် ပြည်သူများရှိသည်ကို လွှတ်တော်ကိုယ်စားလှယ်များ ဘယ်တော့မှ မေ့မသွားအောင် ဟူသတည်း။----**

မြန်မာနိုင်ငံတွင် **ပြည်သူ့အသံ၊ လွှတ်တော်အသံ** ဟု ခံယူဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်၏ မဏ္ဍိုင်သုံးရပ် အပြန်အလှန် ထိန်းညှိရာတွင် မဏ္ဍိုင်များ၏ အားနည်းချက်များကို တည့်မတ်မှန်ကန်အောင် ပြည်သူများက ရွေးကောက်တင်မြှောက်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များက တာဝန်ယူဆောင်ရွက်နေသည်။

ဩဂုတ်လ ၂၀ ရက်နေ့က လွှတ်တော်ကိုယ်စားလှယ်များတာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်း (Right to Recall) ပြဋ္ဌာန်းနိုင်ရေး ဥပဒေကြမ်းကို ဆက်လက်ဆွေးနွေးရန် သင့်/မသင့် မဲခွဲဆုံးဖြတ်ခဲ့ရာ မဲပေးနိုင်သူ ၅၂၄ ဦးတွင် ထောက်ခံမဲ ၂၆၄ မဲ၊ ကန့်ကွက်မဲ ၂၃၅ နှင့် ကြားနေမဲ ၁၂ မဲဖြင့် ဆွေးနွေးခြင်းကို ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

**“တကယ်တော့ ဥပဒေကပြုကို ပြဋ္ဌာန်းရမယ်လို့ ဖွဲ့စည်းပုံက ပြောထားတာပါ။ ဥပဒေကို မပြဋ္ဌာန်းသင့်ဘူးလို့ မဲခွဲဆုံးဖြတ်တာကတော့ လမ်းကြောင်းလွဲနေတယ်လို့ ထင်ပါတယ်။ ဥပဒေက ပြုကိုပြဋ္ဌာန်းရမယ်။ ဥပဒေထဲမှာ ပါဝင်လာမယ့် အချက်တွေကိုသာ ဘယ်အချက်က ပါသင့်တယ်။ ဘယ်အချက်က မပါသင့်ဘူး။ ဘယ်အချက်က တရားတယ်။ ဘယ်ဟာကမတရားဘူးဆိုတာ မဲခွဲဆုံးဖြတ်ရမှာ ဖြစ်တယ်”**ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်က ပြည်ထောင်စုလွှတ်တော်တွင် ယင်းဥပဒေဆိုင်ရာ မဲခွဲဆုံးဖြတ်မှုအပြီး၌ မှတ်ချက်ပြု ပြောကြားသည်။

ဩဂုတ်လ၂၀ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပါဝင်ဆွေးနွေးသူ ၁၅ ဦးရှိခဲ့သည့်အနက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်က ဤမျှ အကဲဆတ်သော ဥပဒေတစ်ရပ်ကို အဆောတလျင် ဆောင်ရွက်ခြင်းထက် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထား မှတ်ချက်နှင့်အညီ ဆောင်ရွက်သင့်ကြောင်း ပါဝင်ဆွေးနွေးခဲ့သည်။

Right to Recall ဥပဒေဟူသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မဖြစ်မနေပြဋ္ဌာန်းရမည့် ဥပဒေတစ်ရပ်ဖြစ်သော်လည်း၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲက ရွေးချယ်တင်မြှောက်ခဲ့သော လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသည့် ငါးနှစ်တာကာလအတွင်း ယင်းဥပဒေကို ပြဋ္ဌာန်းနိုင်ခြင်းမရှိသည်မှာ သေချာသွားပြီဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈ (ခ)ပါ ပြဋ္ဌာန်းချက်မှာ **“ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်ကို သက်ဆိုင်ရာမဲဆန္ဒရှင်များက ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်များနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။”**ဟု ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၃၉၉ (ခ) တွင် **“သက်ဆိုင်ရာမဲဆန္ဒရှင်များသည် လွှတ်တော်တစ်ရပ်ရပ်မှ လွှတ်တော်ကိုယ်စားလှယ်ကို ဥပဒေနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။”** ဟု ဖော်ပြပါရှိသည်။

**“ ပုဒ်မ ၃၉၉(ခ) က နိုင်ငံသားများရဲ့ မူလအခွင့်အရေး အနေနဲ့ ပြဋ္ဌာန်းထားတာ။ ဒါကြောင့်မို့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမှုအရနဲ့ နိုင်ငံသားတွေရဲ့ မူလအခွင့်အရေးတစ်ရပ်အနေနဲ့လည်း မဲဆန္ဒရှင်တွေက မိမိရွေးချယ်လိုက်တဲ့ ကိုယ်စားလှယ်ကို ပြန်ပြီးရုပ်သိမ်းခွင့်ရှိတယ်။”**ဟု ဥပဒေရေးရာ ပညာရှင်တစ်ဦးလည်းဖြစ်နေသူ ဦးမြင့်နိုင်က ဆက်လက်ပြောကြားသည်။

၂၀၁၂ ခုနှစ်ကတည်းက မဲဆန္ဒရှင် ပြည်သူအချို့၏ တိုင်ကြားချက်အချို့ကို လက်ခံရရှိထားသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယင်းဥပဒေအကျိုးသက်ရောက်မှုရှိမှသာ တိုင်ကြားစာများနှင့် ကိုယ်စားလှယ်များ၏ ပြန်လည်တင်ပြချက်များကို စိစစ်ဆောင်ရွက်နိုင်မည်ဖြစ်၍ ယင်းဥပဒေပြဋ္ဌာန်းနိုင်ရန် ဥပဒေကြမ်းပြုစုပြီး ၂၀၁၂ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့ကတည်းက ပထမအကြိမ်အဖြစ် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခဲ့သည်။

**“နိုင်ငံတော်ရဲ့ အခြေခံမှုနဲ့ နိုင်ငံသားတွေရဲ့ မူလအခွင့်အရေးဆိုတာ တကယ့်ကို အရေးကြီးဆုံးအချက်ဖြစ်ပြီး ဒါကို အကောင်အထည်ဖော်ဖို့ အဖြစ်မနေ လိုအပ်ပါတယ်။”**ဟု အဆိုပါ ဥပဒေပညာရှင်က ပြောသည်။

လက်ရှိအချိန်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံသို့ မဲဆန္ဒရှင်ပြည်သူများ၏ တိုင်ကြားစာ ၁၀ စောင်ရှိနေပြီး ၂၀၁၂၊ ၂၀၁၃ နှင့် ၂၀၁၅ ခုနှစ်များအတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဩဂုတ်လ ၁၃ ရက်နေ့က ပန်ကြားချက်အပါအဝင် လွှတ်တော်သို့ ယင်းဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ဥပဒေကြမ်းဆွေးနွေးရန် တိုက်တွန်းမှု စုစုပေါင်း လေးကြိမ် ရှိခဲ့ပြီဖြစ်သည်။

**“လွှတ်တော်က ကိုယ့်ကို ထိခိုက်လာမယ်ဆိုရင် မပြဋ္ဌာန်းဘူးဆိုတာမျိုး နိုင်ငံသားတွေ၊ မဲဆန္ဒရှင်ပြည်သူတွေကပြောစရာ ဖြစ်စေပါတယ်။ ဒါက ပြည်သူရွေးချယ်ထားတဲ့ ကိုယ်စားလှယ်တွေအနေနဲ့ မဖြစ်သင့်ဘူးလို့ ပြောရမှာပေါ့။ ပေးအပ်ထားတဲ့ တာဝန်ကိုလည်း မကျေပွန်ရာရောက်တယ်လို့ အထင်ခံရနိုင်ပါတယ်။”**ဟု အဆိုပါကော်မရှင်အဖွဲ့ဝင်က ဆက်လက်ပြောကြားသည်။



အခြေခံဥပဒေပါ အခြေခံမှုကို လိုက်နာဆောင်ရွက်မှုနှင့် မဲဆန္ဒရှင်ပြည်သူများ၏ မူလအခွင့်အရေးကို အကာအကွယ်ပေးမည့် ဥပဒေဖြစ်သော်လည်း ဆိုင်းငံ့ရန်အတွက် ဥပဒေပြဋ္ဌာန်းရမည့် လွှတ်တော်က မဲခွဲဆုံးဖြတ်ခဲ့ခြင်းသည် ဆီလျော်သည့် လုပ်ရပ်မဟုတ်ကြောင်း၊ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကိုပါ သွေဖည်နေကြောင်း ၎င်းက ထောက်ပြခဲ့သည်။

ပုဒ်မ ၃၉၆ (က)တွင်ဖော်ပြထားသည့် လွှတ်တော်ကိုယ်စားလှယ်ကို တာဝန်မှ ပြန်လည်ရုပ်သိမ်းနိုင်ခွင့်ရှိသည့် အကြောင်းအချက်ငါးချက်တွင်၊ **(၁)နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊ (၂)ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ (၃) အကျင့်သိက္ခာပျက်ပြားခြင်း၊ (၄) ဤဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် သတ်မှတ်ထားသည့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်၏ အရည်အချင်း ပျက်ယွင်းခြင်း၊ (၅)ဥပဒေအရ ပေးအပ်သောတာဝန်များကို ကျေပွန်စွာ မဆောင်ရွက်ခြင်း”**ဟုဖော်ပြထားသည်။

**“ရုပ်သိမ်းပိုင်ခွင့်ရှိတယ်ဆိုပြီး အရမ်းကာရော ရုပ်သိမ်းလို့ မရပါဘူး။ ဒီပြဋ္ဌာန်းထားတဲ့ အချက်ငါးချက်မှာ တစ်ချက်ချက်နဲ့ ညီစွန်းနေမှပဲရမယ်။ ဒါကို ကျူးလွန်ပါတယ်လို့ ထင်ထင်ရှားရှား သိသာအောင် ပြနိုင်ရမယ်။ ဒါကို ဘယ်လိုရုပ်သိမ်းမလဲဆိုတဲ့ နည်းလမ်းကို ပြတဲ့ ပုဒ်မ ၃၉၆ (ခ) ပါ အချက်တွေနဲ့ ရုပ်သိမ်းရမယ်လို့ ဖော်ပြထားပါတယ်။“**ဟု Right to Recall ဥပဒေအကျိုး သက်ရောက်မှုကို ဥပဒေနှင့်အညီ ဖြစ်စေရန် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ဖော်ပြထားခြင်းနှင့်စပ်လျဉ်း၍ ဦးမြင့် နိုင်က ရှင်းပြသည်။

ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၆ (ခ)တွင်

- **သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံးတစ်ရာခိုင်နှုန်းတို့က တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်နှင့် ပတ်သက်သည့် တိုင်တန်းချက်ကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ထံ တင်ပြရမည်၊**
- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးရမည်၊**
- **စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးသည့်အခါ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း ချေပခွင့်ပေးရမည်၊**
- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထိုစွပ်စွဲချက်သည် မှန်ကန်ပြီး စွပ်စွဲခံရသူသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ထမ်းရွက်စေရန် မသင့်ကြောင်း သဘောရရှိလျှင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဥပဒေနှင့်အညီဆောင်ရွက်ရမည်”**ဟု ဖော်ပြပါရှိသည်။

ပုဒ်မ ၃၉၇ တွင် **“ပြည်ထောင်စုလွှတ်တော်သည် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍လည်းကောင်း၊ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ လည်းကောင်း လိုအပ်သော ဥပဒေများ ပြဋ္ဌာန်းရမည်”**လို့ အတိအလင်း ဖော်ပြထားသည်။

## မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဟူ၍ တစ်ပါတီ စနစ်ကျင့်သုံးခဲ့သည့် ၁၉၇၀ နှစ်လွန် ကာလများကပင် ပြည်သူများ ရွေးကောက်တင်မြှောက်သည့် ကိုယ်စားလှယ်များကို ပြန်လည်ရုပ်သိမ်းနိုင်သည့် ဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့သော်လည်း ယနေ့ကဲ့သို့ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးနေချိန် လွှတ်တော်သက်တမ်း ငါးနှစ်တာကာလအတွင်း “ Right to Recall” ဥပဒေပြဋ္ဌာန်းနိုင်ခြင်း မရှိရသည့် အကြောင်းရင်းမှန်ကို ပြည်သူသို့ အဖြေပေးဖို့ လိုအပ်နေ

ယင်းသို့ အတိအလင်းဖော်ပြပါရှိသော်လည်း အခြေခံဥပဒေကို ပစ်ပယ်၍ ဥပဒေကြမ်းဆွေးနွေးမှုကို ဆိုင်းငံ့လိုက်ခြင်းအပေါ် ဥပဒေကြမ်းတင်သွင်းသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က **“ဒီဥပဒေက မရှိမဖြစ်လိုအပ်တဲ့ ဥပဒေတစ်ရပ်ဖြစ်တယ်။ မဖြစ်မနေပြဋ္ဌာန်းရမယ့် ဥပဒေတစ်ရပ်လည်း ဖြစ်တယ်။ ဒါ့ကြောင့် ကော်မရှင်က ဥပဒေကြမ်း ရေးတင်ခဲ့တယ်။ သက်တမ်းငါးနှစ်အတွင်းမှာ လေးကြိမ်ရှိခဲ့ပြီး ကြားထဲမှာ မပြီးပြတ်ခဲ့ပါဘူး။ ဒါ့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့တော့ တာဝန်ကျေပါတယ်။”**ဟု သုံးသပ်ပြောကြားသည်။

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာတွင် Right to Recall ဥပဒေကြမ်းပါ အချက်များကို နိုင်ငံရေးပါတီ ၁၉ ပါတီနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် တစ်ဦးတို့၏ သဘောထားမှတ်ချက်များရယူရာတွင် ပါတီ ၆ ပါတီကသာ ဆွေးနွေးသင့်ကြောင်း တင်ပြခဲ့ပြီး ကျန် ၁၃ ပါတီနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်တို့က ယင်းဥပဒေကြမ်းဆွေးနွေးမှုကို ကန့်ကွက်ခဲ့ကြောင်း ဖော်ပြထားသည်။ ဥပဒေကြမ်းအတည်ပြုနိုင်ရေးကို အမြန်ဆောင်ရွက်ရန် မသင့်ဟု သုံးသပ်ရရှိကြောင်းနှင့် လွှတ်တော်အဆုံးအဖြတ်ရယူ၍ ယင်းဥပဒေကြမ်းဆွေးနွေးမှုကို ဆိုင်းငံ့ (သို့မဟုတ်) ကွဲပြားချက်များအပေါ် အချိန်ယူ စိစစ်သင့်ကြောင်းကို အစီရင်ခံစာ၏ သဘောထားမှတ်ချက်အဖြစ် ထုတ်ပြန်ခဲ့သည်။

အဆိုပါ ဥပဒေကြမ်းဆွေးနွေးနိုင်ရန် လွှတ်တော်၏ မဲခွဲဆုံးဖြတ်မှုတွင် **“မဲဆန္ဒရှင်တစ်ရာခိုင်နှုန်းက တိုင်ကြားနိုင်ခြင်း”**ဟူသည့်အချက်ကိုသာလွှတ်တော်ကိုယ်စားလှယ်များက အာရုံစိုက်ခဲ့ကြောင်းကို ဦးမြင့်နိုင်က **“တစ်ရာခိုင်နှုန်းလောက်ပဲရှိတဲ့ မဲဆန္ဒရှင်တွေက ဒီလို အလွယ်တကူ ဖြုတ်ချနိုင်မယ်ဆိုရင် သူတို့ရဲ့ တာဝန်ထမ်းဆောင်မှုကို အနှောင့်အယှက်ဖြစ်စေတယ်ဆိုပြီး အဲ့ဒီအချက်ကိုပဲ ဇောင်းပေးပြောကြတာကို တွေ့ခဲ့ရတယ်။ ဒါကိုကြားရင် ပြည်သူတွေလည်း အမြင်လွဲသွားနိုင်တယ်ဆိုတာကို ရိုးရိုးလေးတွေးကြည့်လို့ရပါတယ်။”**ဟု ပြောသည်။

ကိုယ်စားလှယ်တစ်ဦးအား တာဝန်မှရုပ်စဲရန် တိုင်ကြားချက်ရရှိပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီလက်ခံစစ်ဆေးခြင်း၊ တိုင်ကြားခံရသူက ခုခံချေပခြင်းတို့အပြင် ဥပဒေနှင့်အညီ စစ်ဆေးချက်အရ တိုင်ကြားချက်မှန်ကန်ပါက ကော်မရှင်သည် တိုင်ကြားသော သက်ဆိုင်ရာမဲဆန္ဒနယ်မြေတွင် ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပပေးပြီး မဲပေးခွင့်ရှိသူ ပြည်သူ ၅၀ ရာခိုင်နှုန်းက သဘောတူပါမှ ယင်းလွှတ်တော်ကိုယ်စားလှယ်ကို တာဝန်မှ ရုပ်သိမ်းနိုင်မည်ဖြစ်သည်။

**“သာမန်နားထောင်လိုက်ရင် တစ်ရာခိုင်နှုန်းလောက်က ဖြုတ်ချတာ ဘယ်တရားပါ့မလဲလို့ အထင်ရှိစရာရှိတယ်။ ဥပဒေက ဒီလို ဆိုတာမဟုတ်ပါဘူး။ တစ်ရာခိုင်နှုန်းက တိုင်ကြားနိုင်တာပါ။ တိုင်တာနဲ့ ဖြုတ်ချ ရုပ်သိမ်းလို့မရပါဘူး။ အဲ့ဒီနောက်မှာ ဆက်လုပ်ရမယ့်လုပ်ငန်းစဉ်တွေက လွှတ်တော်ကိုယ်စားလှယ်တွေကို အကာအကွယ်တွေ အများကြီး ပေးထားပါတယ်။”**ဟု ဦးမြင့်နိုင်က ဆက်လက်ပြောကြားသည်။

အဆိုပါ ဥပဒေကြမ်းဆွေးနွေးသင့်ကြောင်း အဆိုကို ထောက်ခံဆွေးနွေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေက **“တကယ်တော့ တစ်ရာခိုင်နှုန်းက တိုင်တာပဲဗျာ။ လုံလောက်ပါပြီ။ ဒီလို တစ်ရာခိုင်နှုန်းရဲ့ တိုင်တန်းချက်ကိုတောင် လက်မခံနိုင်ရလောက်အောင် သူတို့ လုပ်ရပ်က အာမခံချက်မရှိတော့ဘူးလား၊ မှတ်ကျောက်တင် လို့မရဘူးလား။ လစာတိုးဖို့ အကျိုးရှိတော့ ညီခဲ့ကြပြီး ကိုယ့်ကို ပြည်သူက ပြန်ထိန်းမယ့်ဥပဒေကျတော့ လက်မခံဘူးဆိုတော့ အင်မတန် ရှက်စရာကောင်းပါတယ်။”**ဟု မဲခွဲဆုံးဖြတ်မှုတွင် ၎င်း၏အဆိုရှုံးနိမ့်ခဲ့ခြင်းအပေါ် လွှတ်တော်ဆွေးနွေးပွဲများအပြီး၌ ဝေဖန်သုံးသပ်ခဲ့သည်။

ပြည်ထောင်စုလွှတ်တော်တွင် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က ယင်းဥပဒေကြမ်းအပေါ် အသေးစိတ်ညှိနှိုင်းဆွေးနွေးပြီးမှ အတည်ပြု ဆောင်ရွက်သင့်ကြောင်း ဆွေးနွေးခဲ့ပြီး မြန်မာ့ဒီမိုကရေစီ ဖော်ဆောင်မှုမည်မျှ ခိုင်မာကြောင်းကို လွှတ်တော်များက သက်သေပြရမည်ဖြစ်ကြောင်း၊ ပါတီစုံ ဒီမိုကရေစီစနစ်သို့ သွားနေသည့် မိမိတို့နိုင်ငံတွင် နိုင်ငံတော်၏ မဏ္ဍိုင်သုံးရပ်ကို အပြန်အလှန်ထိန်းညှိရေးနှင့် လွှတ်တော်အတွင်း တည်ငြိမ်မှုကို လွှတ်တော်ကိုယ်စားလှယ်များကသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်း၏ အဆိုတွင် ထည့်သွင်းပြောကြားသည်။

*စာမျက်နှာ ၁၂ သို့*

# ရေကြီးနစ်မြုပ်ဒဏ်ခံရသည့် ဒေသများတွင် နိုင်ငံတော်အစိုးရ၏ လယ်ယာကဏ္ဍနှင့် လူမှုရေးဆိုင်ရာ ဆောင်ရွက်ချက်များ

## လူမှုရေးဆိုင်ရာဆောင်ရွက်ချက်များ

- ဆေးရုံ၊ ကျောင်းများတွင် ရွှံ့နွံများဖယ်ရှားပြီး သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊
- လမ်းပေါ်တွင်တင်ကျန်နေသည့် ရွှံ့နွံများကို ရှင်းလင်းဖယ်ရှားပေးခြင်း၊
- ရေ၊ မီးလိုင်းများ ပြန်လည်ပြုပြင်ပေးခြင်း၊
- အမှိုက်များ ဖယ်ရှားရှင်းလင်းပေးခြင်း၊
- ရေနုတ်မြောင်းများ ပြုပြင်မွမ်းမံခြင်း။





ရာဇဂြိုဟ်ရေလှောင်တမံ ရေပိုလွှဲတွင် ပိတ်နေသည့် သစ်တုံးများ၊ အမှိုက်များကို စက်ယန္တရားများဖြင့် ရှင်းလင်းဖယ်ရှားစဉ်။ (အပေါ်ပုံ)

ရာဇဂြိုဟ်ရေလှောင်တမံ ရေပိုလွှဲတွင် ပိတ်နေသည့် သစ်တုံးများ၊ အမှိုက်များကို ရှင်းလင်းဖယ်ရှားပြီးနောက် ရေကျော်ကျနေစဉ်။ (ဝဲပုံ)



ကလေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ရွှံ့နွံများဖယ်ရှားခြင်းနှင့် သန့်ရှင်းရေးပြုလုပ်နေသည်ကို တွေ့ရစဉ်။



ကလေးမြို့ ပြည်သူ့ဆေးရုံ ပင်မဆောင်၌ သန့်ရှင်းရေးပြုလုပ်ပြီးနောက် တွေ့ရစဉ်။



ကလေးမြို့ ပြည်သူ့ဆေးရုံ သားဖွားဆောင် ရှင်းလင်းပြီးနောက် တွေ့ရစဉ်။



စိုက်ပျိုးရေးလမ်း(မင်္ဂလာဥယျာဉ်လမ်း) ရေမြောင်းကို လူအားဖြင့် သန့်ရှင်းရေးပြုလုပ်နေစဉ်။

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ နိုင်ငံတကာဆက်ဆံရေးကော်မတီသို့ နိုင်ငံ/အဖွဲ့အစည်းများက ပစ္စည်းများလှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၂**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ နိုင်ငံတကာဆက်ဆံရေးကော်မတီသို့ နိုင်ငံ/အဖွဲ့အစည်းများက အလှူပစ္စည်းများ လှူဒါန်းလျက်ရှိရာ ဩဂုတ် ၂၂ ရက်တွင် ကရုဏာလူမှုစည်းလုံးညီညွတ်ရေးအသင်း၏ မိတ်ဖက်အဖွဲ့အစည်းဖြစ်သော The Titular Roman Catholic Archbishop Singapore က မြန်မာနိုင်ငံရေ ဘေးသင့်ပြည်သူများအတွက် Water Purification Bottles-17 Cartons အား ကရုဏာလူမှုစည်းလုံးညီညွတ်ရေးအသင်းမှတစ်ဆင့် လှူဒါန်းရန်နှင့် ထိုင်းတပ်မတော်မှ ဆရာဝန်နှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်း စုစုပေါင်း ၇၀ သည် မြန်မာနိုင်ငံအတွင်းရှိ ရေဘေးသင့်ဒေသများတွင် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတကာနှင့် ပြည်ပအဖွဲ့အစည်းများက မြန်မာနိုင်ငံအစိုးရမှတစ်ဆင့် ရေဘေးသင့်ပြည်သူများအတွက် ယနေ့အထိလှူဒါန်းသည့်ပစ္စည်းများမှာ အမေရိကန်ဒေါ်လာ ၄၀၀၀၀ တန်ဖိုးရှိ ဆန် ၂၄၃ တန်နှင့် ၂၃၂ အိတ်၊ ခေါက်ဆွဲခြောက်ထုပ် သေတ္တာ ၅၀၀ ၊ ဖာ ၁၀၂၄၅ ဖာ၊ အထုပ် ၃၀၀၀၀ ၊ ကီလိုဂရမ် ၂၀၀ ၊ အမေရိကန်ဒေါ်လာ ၃၀၀၀၀ တန်ဖိုးရှိ သောက်ရေသန့်ဘူး ၁၀၀၀၀ ၊ သေတ္တာ ၅၀၀ ၊ ကတ် ၂၃၅၀ ၊ နို့မှုန့်ဖာ ၅၀၀ ၊ ဆီပုံး ၅၀၀ ၊ မုန့်ဘူး ၅၀၀၊ အမေရိကန်ဒေါ်လာတန်ဖိုး ၀ ဒသမ ၈ သန်းတန်ဖိုးရှိ ဆေးဝါး ၈၄ ဖာ၊ ၅၂၀ ကီလိုဂရမ်၊ အမေရိကန်ဒေါ်လာ ၃၀၀၀၀ တန်ဖိုးရှိ အခြားစားသုံးကုန်များ၊ မိုးကာတဲအလုံး ၁၀၀၀ ၊ အသင့်ဆောက်အိမ် အလုံး ၁၅၀ ၊ အဝတ်အထည် ၄၂ ထုပ်၊ တီရှပ်အထည် ၂၀၀၀ ၊ အကျီအစုံ ၅၀၀ ၊ စက်တပ်လှေအစီး ၁၀၀ ၊ စောင်အထည် ၆၀၀၀ ၊ အိပ်ရာလိပ်အခု ၁၀၀၀ ၊ ပလတ်စတစ်အခင်းအခု ၉၀ ၊ အမေရိဒေါ်လာ ၂၀၀၀၀ တန်ဖိုးရှိ သွပ်မိုးအချပ် ၆၆၀၀ ၊ အပေါ့စားရေစုပ်စက် အလုံး ၁၀၀ ၊ မီးစက်အလုံး ၅၀ ၊ ထောက်ပံ့ရေးပစ္စည်း အစုံ ၄၀၀၀ ၊ အရေးပေါ်ကယ်ဆယ်ရေးသုံးပစ္စည်းအထုပ် ၁၀၀၀ ၊ နေရောင်ခြည်သုံး မီးအိမ် ၈၈၈ ခု၊ ဆိုလာမီးအိမ်အလုံး ၄၈၀ ၊ ဆိုလာပြား ၁၄၄ ဘူး ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၂**

ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ ဩဂုတ် ၂၂ ရက်တွင် နေပြည်တော် (ရုံးချုပ်)၊ အလှူခံဌာန၌ ထိုင်းနိုင်ငံရောက် ဦးကျော်နိုင်ထူးအဖွဲ့ လှူဒါန်းသည့် အလှူငွေကျပ် ၃၄၃၀၀၀ ကို ဒုတိယအမြဲတမ်းအတွင်းဝန် ဒေါက်တာကိုကိုနိုင်က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ဩဂုတ် ၂၂ ရက်တွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ငွေကျပ် ၃၆၀၀၀၀၀ လက်ခံရရှိခဲ့သည့်အတွက် ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၂၂ ရက်ထိ အလှူရရှိငွေ စုစုပေါင်းမှာ ငွေကျပ် ၁၇၅၂၀၃၂၅၇၂၊ အမေရိကန်ဒေါ်လာ ၁၁၂၉၈၀၁ ဒသမ ၆၁၊ ထိုင်းဘတ် ၁၆၈၀၅၅၊ မလေးရှားရင်းဂစ် ၂၀၀၀၊ တရုတ်ယွမ် ၉၁၀၀၊ ယူရို ၄၂၀၊ ဂျပန်ယန်း ၉၆၀၀၀ ရှိပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ လက်ခံရရှိသော အလှူငွေနှင့် ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ စဉ်ဆက်မပြတ် ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရခိုင်ပြည်နယ်အတွင်း ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများရှိ ရဟန်း၊ သာမဏေ၊ သီလရှင်များအတွက် သာသနာရေးဝန်ကြီးဌာနမှ အသုံးအဆောင်ပစ္စည်းများပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၂**

ရခိုင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ရဟန်း၊ သာမဏေ၊ သီလရှင်များအတွက် သာသနာရေးဝန်ကြီးဌာနမှ လှူဒါန်းသည့် သင်္ကန်းအစုံ ၅၀၀ သီလရှင်ဝတ်စုံ ၅၀၊ သပိတ်အလုံး ၂၀၀၊ ဖိနပ်အရန် ၂၀၀၊ သုံးဆင့်စတီးလ်ချိုင့် ၁၀၀၊ စတီးလ်ဇွန်း ဒါဇင် ၅၀ တို့ကို စစ်တွေမြို့ အလိုတော်ပြည့် ကျောင်းတိုက်၌ အလိုတော်ပြည့်ကျောင်းတိုက်များ၏ အဓိပတိနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ အရိယဝံသ ဆရာတော်ကြီး၏ ဩဝါဒကိုခံယူ၍ ပြည်နယ်ဝန်ကြီးချုပ်ထံသို့ သာသနာရေးဝန်ကြီးဌာန (ကိုယ်စား) ရခိုင်ပြည်နယ်သာသနာရေးမှူးက ယနေ့နံနက်ပိုင်းတွင် လွှဲပြောင်းပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

# ကလေးမြို့နယ် နတ်ကြီးကုန်းကျေးရွာအုပ်စုရှိ စာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်းနိုင်

**ကလေး ဩဂုတ် ၂၂**

ကလေးဒေသ ရေကြီးရေလျှံဖြစ်ပွားခဲ့မှုကြောင့် ကလေးမြို့နယ် နတ်ကြီးကုန်းကျေးရွာအုပ်စုရှိ ဓမ္မပါလဘုန်းကြီးကျောင်း စာကြည့်တိုက်နှင့် မူလတန်းလွန်ကျောင်း စာကြည့်တိုက်ရှိ စာအုပ်များပျက်စီးဆုံးရှုံးခဲ့သည်။

အဆိုပါ ကျောင်းများအတွက် ကလေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများ စုပေါင်းလှူဒါန်းသော တန်ဖိုးငွေကျပ် တစ်သိန်းခွဲရှိ စာအုပ် ၆၈ အုပ်ကို ကလေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် အဖွဲ့သည် ယမန်နေ့က သွားရောက်လှူဒါန်းခဲ့သည်။

ထို့ပြင် ဓမ္မပါလဘုန်းကြီးကျောင်းအတွက်လည်း နဝကမ္မငွေ လှူဒါန်းခဲ့ကြောင်းနှင့် အဆိုပါ စာကြည့်တိုက်များတွင် စာအုပ်စာစောင်များ ထပ်မံလိုအပ်လျက်ရှိသဖြင့် ကလေးတက္ကသိုလ် စာကြည့်တိုက်မှူး ဒေါ်လျန်ဂိုးကျန် ဖုန်း-၀၉-၃၃၃၈၀၉၈၂ (email-Kalayuniversity1993@gmail.com)နှင့် နတ်ကြီးကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဇော်လွင် ဖုန်း-၀၉-၄၇၀၁၈၇၃ တို့ထံ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# ကိုးကန့်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့က ရေဘေးသင့်အိမ်ထောင်စုဝင်များအား ထောက်ပံ့ပစ္စည်းပေးအပ်

**အင်္ဂပူ ဩဂုတ် ၂၂**

ကိုးကန့်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့က အင်္ဂပူမြို့နယ်အတွင်းရှိ ကျေးရွာများမှ ရေဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းပေးအပ်ပွဲ အခမ်းအနားကို အင်္ဂပူမြို့ မြို့တော်ခန်းမ၌ ဩဂုတ် ၂၂ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က ကျင်းပသည်။

အခမ်းအနားတွင် စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်က ရေဘေးသင့်မိသားစုဝင်များအား အားပေးစကားပြောကြားခဲ့ပြီး ကိုးကန့်တိုင်းရင်းသား၊ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင် ဦးစိုးနိုင်က လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စည်ပင်သာယာရေးဝန်ကြီးက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ဆက်လက်၍အလှူရှင်များက မြို့နယ်ပြည်သူ့ ဆေးရုံအတွက် ငွေပဒေသာပင်ငွေကျပ် ၁၅ သိန်း၊ ရေကြီး နစ်မြုပ်ကျောင်းသုံးကျောင်းအတွက် ပညာရေးရန်ပုံငွေ ကျပ်သိန်း ၃၀၊ ရေဘေးသင့်မိသားစုဝင်များအား ဆန်၊ ဆီနှင့် အဝတ်အထည်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး သို့ အထပ်သား အချပ် ၁၀၀ တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူခဲ့ပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း နှင့် ရေဘေးသင့်အိမ်ထောင်စု ၁၃၄၉ စုအတွက် စုစုပေါင်းတန်ဖိုး ၄၉၅ သိန်းကျော် တန်ဖိုးရှိပစ္စည်း များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**



# မိုးကြီးနိုင်သည့် တိုင်းဒေသကြီး/ပြည်နယ်များ

**နေပြည်တော် ဩဂုတ် ၂၂**

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ဩဂုတ် ၂၃ ရက်တွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဒေသအလိုက်လည်းကောင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး တို့တွင် နေရာကွက်၍လည်းကောင်း မိုးထစ်ချုန်းရွာပြီး မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း သိရသည်။

( မြန်မာ့အလင်း)

# ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်းသီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်း

၂၀၁၅ ခုနှစ် ဩဂုတ် ၂၂ ရက်

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၁၂၇ | ၂၈၄၇၄ | ၁၅၆၆၃ | ၁၂၇၉၁ | ၅၅၁၉ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၇ | ၄ |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၄၈ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၀၃၁ | ၅၀၃၁ | ၅၀၃၁ | ၂၉၀၉ | - |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၈၈၀၁၁ | ၁၈၁၉၂၉ | ၁၄၅၄၅၅ | ၁၁၇၅၁၉ | ၃၀၀၆၆ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၂၂၉၉၈၉ | ၁၅၂၈၄၇ | ၂၄၅၉၉ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၆၈၄၆ | ၉၆၈၄၆ | ၆၅၈၅၈ | ၆၈၅၄ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၁၈၃၆၃၈ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၆၈၃၃၁ | ၆၆၇၇၁ | ၂၀၄၆၃ | ၂၁၁၂ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၃၄၉ | ၁၃၃၄၉ | ၃၈၂၉ | ၂၆၁၉ | ၃၀၅ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၅၆၁၅ | ၁၆၈၆၈၀ | ၁၅၄၄၈၆ | ၈၆၂၁၄ | ၇၃၅၁ |
| **စုစုပေါင်း** | | **၁၄၄၃၈၉၂** | **၁၂၄၇၇၀၈** | **၉၉၄၅၃၂** | **၆၇၈၆၈၇** | **၂၆၀၅၂၇** |

# တိုင်းဒေသကြီး/ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၂**

ဩဂုတ် ၂၃ ရက်အတွက် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ခန့်မှန်းထုတ်ပြန်ချက်အရ ကယားပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့၌ နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့၌ နေရာစိပ်စိပ်၊ မကွေးတိုင်းဒေသကြီး၌ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

# ရေဘေးသင့်ပြည်သူများအတွက် အမေရိကန်ဒေါ်လာ ၁၀၀၀၀ လှူဒါန်း




**ရန်ကုန် ဩဂုတ် ၂၂**

စွမ်းအင်ဝန်ကြီးဌာနနှင့် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးဇေယျာအောင်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ Petroleum Trading Lao Public Company မှ တာဝန်ရှိသူများသည် ယမန်နေ့ ညနေပိုင်းက ရန်ကုန်မြို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ ရေဘေးသင့်ပြည်သူများအတွက် အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကို လှူဒါန်းခဲ့သည်။ **(သတင်းစဉ်)**

# ဧရာဝတီမြစ်ရေဝင်ရောက်ခဲ့သည့် ကျေးရွာများတွင် ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်

**မြင်းမူ ဩဂုတ် ၂၂**

ဧရာဝတီမြစ်ရေဝင်ရောက်ခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ဆပ္ပန်းကုန်းကျေးရွာနှင့် ကျွဲရိုက်ကျေးရွာများသို့ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များသည် ဩဂုတ် ၂၁ ရက်က ကျေးရွာနေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် ဆပ္ပန်းကုန်းကျေးရွာမှ ၃၆ ဦးနှင့် ကျွဲရိုက်ကျေးရွာမှ ၆၉ ဦးတို့ကို ဆေးကုသပေးခဲ့ပြီး ဝမ်းရောဂါ၊ ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါများ မဖြစ်ပွားစေရေးလိုက်နာကြရမည့် ကျန်းမာရေးလုပ်ငန်းများကို အသိပညာပေးဆွေးနွေးခဲ့ကြပြီး သောက်သုံးရေတွင်း၊ ရေကန်များကို ကလိုရင်းဆေးခတ်ခြင်းနှင့် ဖုံးသွန်လဲစစ်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဖိုးခါး(ပြန်/ဆက်)**

## တနင်္သာရီတိုင်းဒေသကြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

**(မိုး/ဇလ)**

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ထောက်ပံ့မှုအခြေအနေဇယားချုပ် (၂၂ - ၈ -၂၀၁၅)

**နေပြည်တော် ဩဂုတ် ၂၂**

မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခု၌လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၂၂ ရက်အထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့၌လည်းကောင်း သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု ၄၀၅၂၇၁ စုမှ လူဦးရေ ၁၆၃၀၈၇၅ ဦး ရေဘေးသင့်ခဲ့ပြီး ၁၁၇ ဦး သေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆန်ရိက္ခာတန်ဖိုးငွေကျပ် ၁၀၅၆၈၃၁၅၀၊ အရေးပေါ်အစားအစာ တန်ဖိုးငွေကျပ် ၁၅၂၄၄၂၃၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုး ငွေကျပ် ၂၂၁၁၉၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်းတန်ဖိုးငွေကျပ် ၃၂၇၈၆၅၅၅၀ နှင့် သေဆုံးမှုထောက်ပံ့ကြေး ငွေကျပ် ၁၀၄၀၀၀၀၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၆၈၀၃၈၂၉၃၀ ကို ပေးပို့ထောက်ပံ့ခဲ့သည်။ **(သတင်းစဉ်)**

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့် လူဦးရေ | သေဆုံး | ထောက်ပံ့မှု(ကျပ်) | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ်အစားအစာ | အိမ်ဆောက်ပစ္စည်း | ကဆရပစ္စည်း | သေဆုံး | စုစုပေါင်း | |
| **ဇွန်လ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ** | | | | | | | | | | | | |
| ၁ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၁၄ | ၆၀၀၀၀၀ | ၆၀၂၄၀၄၅၄ | |
| ၂ | တနင်္သာရီ | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | ၆၂၉၈၈၀ | |
| ၃ | ကရင် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | ၉၅၆၉၄၀ | |
| ၄ | ဧရာဝတီ | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | ၁၉၃၇၃၈၄ | |
| ၅ | ပဲခူး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | ၂၈၁၀၅၂ | |
| | **ပေါင်း** | ၄၀၅ | ၂၁၄၆ | ၁၄၉၁၁ | ၇ | ၃၅၄၇၃၅၀ | ၃၇၉၂၇၈၀ | ၄၀၃၀၀၀၀၀ | ၁၅၇၀၅၅၈၀ | ၇၀၀၀၀၀ | ၆၄၀၄၅၇၁၀ | |
| **ဇူလိုင်လ ၁၆ ရက်နေ့မှ ဩဂုတ်လ ၂၂ ရက်နေ့အထိ** | | | | | | | | | | | | |
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၆၀၆ | ၆၅၆၈၆ | ၃၉၉၅၆၇ | ၁၉ | ၅၁၆၉၈၆၅၀ | - | ၁၉၇၅၀၀၀၀ | ၅၅၂၇၄၀၆၀ | ၁၆၀၀၀၀၀ | ၁၂၈၃၂၂၇၁၀ | |
| ၂ | ကချင်ပြည်နယ် | ၅၃ | ၁၁၄၅ | ၆၂၁၉ | ၁ | ၁၂၉၅၀၃၀၀ | - | ၂၅၀၀၀၀၀ | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၁၈၄၆၀၈၄၀ | |
| ၃ | ရှမ်းပြည်နယ် | ၁၂၇ | ၁၄၈၆ | ၇၆၁၁ | ၉ | ၈၉၁၀၀ | - | ၁၀၀၀၀၀၀ | ၅၀၉၉၇၂၂ | ၉၀၀၀၀၀ | ၇၀၈၈၈၂၂ | |
| ၄ | မန္တလေးတိုင်းဒေသကြီး | ၁၈၈ | ၃၇၅၅ | ၁၅၆၁၂ | ၁၂ | ၉၄၃၆၅၀၀ | - | ၄၉၀၀၀၀၀ | ၃၀၅၂၅၆၁၀ | ၁၁၀၀၀၀၀ | ၄၅၉၆၂၁၁၀ | |
| ၅ | ချင်းပြည်နယ် | ၂၇၈၉ | ၄၀၄၂ | ၂၀၄၄၉ | ၅ | - | - | ၅၂၃၄၀၀၀၀ | ၄၁၇၉၉၆၈ | ၅၀၀၀၀၀ | ၅၇၀၁၉၉၆၈ | |
| ၆ | ရခိုင်ပြည်နယ် | ၁၀၄၈၅ | ၁၆၇၂၈ | ၉၈၀၂၆ | ၅၆ | - | - | - | ၇၂၃၀၁၃၇၀ | ၅၅၀၀၀၀၀ | ၇၇၈၀၁၃၇၀ | |
| ၇ | ကရင်ပြည်နယ် | - | ၁၃၉၉ | ၇၃၂၅ | - | ၆၅၂၄၄၀၀ | ၇၂၉၃၄၅၀ | - | - | - | ၁၃၈၁၇၈၅၀ | |
| ၈ | မွန်ပြည်နယ် | - | ၁၅၁၅ | ၆၆၃၂ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၅၇၀ | - | ၆၅၀၇၅၇၀ | |
| ၉ | ပဲခူးတိုင်းဒေသကြီး | ၂၁၃ | ၈၇၉၅၅ | ၁၇၇၃၁၅ | ၂ | - | - | - | ၃၀၄၁၂၃၂၀ | - | ၃၀၄၁၂၃၂၀ | |
| ၁၀ | မကွေးတိုင်းဒေသကြီး | ၄၆၄ | ၆၃၂၂၃ | ၃၀၈၀၄၆ | ၂ | ၅၇၆၀၀၀၀ | - | ၁၀၀၀၀၀၀၀၀ | ၅၇၃၅၂၆၅၀ | - | ၁၆၃၁၁၂၆၅၀ | |
| ၁၁ | ဧရာဝတီတိုင်းဒေသကြီး | ၁၈၆၀ | ၁၂၁၇၆၃ | ၅၀၅၇၆၁ | ၃ | ၁၅၆၆၀၂၀၀ | - | ၄၀၀၀၀၀ | ၄၁၂၀၁၄၂၀ | - | ၅၇၂၆၁၆၂၀ | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၇ | ၁၆၂၁၁ | ၆၃၄၀၁ | ၁ | ၁၆၆၅၀ | - | - | ၁၀၅၅၂၇၄၀ | - | ၁၀၅၆၉၃၉၀ | |
| | **စုစုပေါင်း** | ၁၇၈၁၂ | ၃၈၄၉၀၈ | ၁၆၁၅၉၆၄ | ၁၁၀ | ၁၀၂၁၃၅၈၀၀ | ၁၁၄၅၁၄၅၀ | ၁၈၀၈၉၀၀၀၀ | ၃၁၂၁၅၉၉၇၀ | ၉၇၀၀၀၀၀ | ၆၁၆၃၃၇၂၂၀ | |
| | **ဇွန်၊ ဇူလိုင်၊ ဩဂုတ်လ စုစုပေါင်း** | ၁၈၂၁၇ | ၃၈၇၀၅၄ | ၁၆၃၀၈၇၅ | ၁၁၇ | ၁၀၅၆၈၃၁၅၀ | ၁၅၂၄၄၂၃၀ | ၂၂၁၁၉၀၀၀၀ | ၃၂၇၈၆၅၅၅၀ | ၁၀၄၀၀၀၀၀ | ၆၈၀၃၈၂၉၃၀ | |

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၂**

**မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီတိုင်းထွာချက်အရ ရေလှောင်တမံကြီး ၃၆ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။**

**သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ**

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၄. ၀၀' |
| ၂။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၄. ၃၀' |
| ၃။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၂. ၃၆' |
| ၄။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၁. ၉၀' |
| ၅။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၈၀' |
| ၆။ | ကင်းတပ်ရေထိန်းတမံ | ၃၈၂၉၅ | ၄. ၄၀' |
| ၇။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၀. ၄၀' |
| ၈။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၁. ၅၀' |
| ၉။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၁. ၃၀' |
| ၁၀။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၀. ၂၀' |
| ၁၁။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၁. ၈၀' |
| ၁၂။ | မြောက်ယမားရေကူရေလှောင်တမံ | ၁၂၂၉၀၀ | ၂. ၀၀' |

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁၃။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၀. ၉၀' |
| ၁၄။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၈၀' |
| ၁၅။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၇၀' |
| ၁၆။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၂၀' |
| ၁၇။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၅၀' |
| ၁၈။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၂၀' |
| ၁၉။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၁၀' |
| ၂၀။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၁. ၀၀' |
| ၂၁။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၀. ၆၆' |
| ၂၂။ | စဥ့်ကူးချောင်းဂေါင်းရေလှောင်တမံ | ၂၂၂၉ | ၀. ၁၀' |
| ၂၃။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၀. ၃၀' |
| ၂၄။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၅၀' |

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၂၅။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၁. ၅၀' |
| ၂၆။ | ဘော်ဘင်ရေလှောင်တမံ (၁) | ၉၇၆၄၆ | ၀. ၂၀' |
| ၂၇။ | ဘော်ဘင်ရေလှောင်တမံ (၂) | ၂၆၅၈၈ | ၀. ၃၀' |
| ၂၈။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၀. ၃၀' |
| ၂၉။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၀. ၆၀' |
| ၃၀။ | မာလဲနတ်တောင်ရေလှောင်တမံ | ၅၀၉၇၀ | ၁. ၄၀' |
| ၃၁။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၃၀' |
| ၃၂။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁. ၂၀' |
| ၃၃။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၅၀' |
| ၃၄။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၃၀' |
| ၃၅။ | မုံးရင်ရေလှောင်တမံ | ၂၅၉၀၀ | ၀. ၀၅' |
| ၃၆။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၀. ၃၀' |

**(သတင်းစဉ်)**

# ရေဘေးသင့်ဒေသများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၂**

ကျန်းမာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံတစ်ဝန်း ရေဘေးသင့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ခြင်း၊ ဆေးနှင့် ဆေးပစ္စည်းများ ထောက်ပံ့ပို့ဆောင်ခြင်း၊ အရေးပေါ်တုံ့ပြန်မှုဗဟိုဌာန ဖွင့်လှစ်၍ ကြီးကြပ်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

ကုသရေးဦးစီးဌာနမှ သဘာဝဘေးဒဏ်သင့်ဒေသများဖြစ်သော ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ထိခိုက်ဒဏ်ရာရရှိသူ ပြင်ပလူနာ ၁၄၃ ဦး၊ အတွင်းလူနာ ၁၅၄ ဦး၊ သေဆုံးတစ်ဦး စုစုပေါင်းလူနာ ၂၉၈ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

တိုင်းရင်းဆေးပညာဦးစီးဌာနမှ ချင်းပြည်နယ် ဟားခါးမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကယ်ဆယ်ရေးစခန်း၌ လူနာခြောက်ဦးကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ချင်းဆိုင်ရွာ ကယ်ဆယ်ရေးစခန်း၌ လူနာ ၁၇၆၇ ဦးကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့ ဘိုကုန်းရွာ ကယ်ဆယ်ရေးစခန်း၌ လူနာ ၈၃ ဦးကိုလည်းကောင်း၊ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ အောင်ဖြူကွင်းရွာ ကယ်ဆယ်ရေးစခန်း၌ လူနာ ၂၂ ဦး၊ ကျောက်တော်မြို့ နာဂကယ်ဆယ်ရေးစခန်း၌ လူနာ ၂၉ ဦး၊ မြောက်ဦးမြို့ မြောက်ဦးကယ်ဆယ်ရေးစခန်း၌ လူနာ ၁၅ ဦး၊ မောင်တောမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း မူလွန်ကယ်ဆယ်ရေးစခန်း၌ လူနာ ၂၅ ဦး စုစုပေါင်း လူနာ ၁၀၅ ဦးကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ရေကြည်ဦး ဘုရားကျောင်း ကယ်ဆယ်ရေးစခန်း၌ လူနာ ၄၃ ဦး၊ ကျောင်းကုန်းမြို့ အမှတ်(၂) ရပ်ကွက် မိုးလုံလေလုံခန်းမကယ်ဆယ်ရေးစခန်း၌ လူနာ ၆၄ ဦး၊ မြန်အောင်မြို့ နတ်ပီတိအုပ်စု လဘ်ာရွာ အခြေခံပညာမူလတန်းကျောင်း ကယ်ဆယ်ရေးစခန်း၌ လူနာ ၆၃ ဦးနှင့် ဓနုဖြူမြို့ ပကွန်ကျေးရွာ ဘုန်းကြီးကျောင်းကယ်ဆယ်ရေးစခန်း၌ လူနာ ၆၁ ဦးနှင့် ဇွဲကဒိန်ရွာ ကယ်ဆယ်ရေးစခန်းတွင် လူနာ ၅၀ စုစုပေါင်း လူနာ ၂၈၁ ဦး အထက်ပါတိုင်းဒေသကြီး/ပြည်နယ်ငါးခုတွင် စုစုပေါင်းလူနာ ၆၅၁ ဦးတို့ကို ကွင်းဆင်း၍ တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည်။

**(သတင်းစဉ်)**



## ကလေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများ ကလေးမြို့ အထက(၁)တွင် သန့်ရှင်းရေးဆောင်ရွက်ပေး

**ကလေး ဩဂုတ် ၂၂**

ကလေးတက္ကသိုလ်တွင် တက်ရောက်နေသော သိပ္ပံနှင့် ဝိဇ္ဇာအထူးပြုဘာသာရပ်များမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယမန်နေ့က ကလေးမြို့ အထက(၁)၌ သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

**ခန္တီး ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင်အတွင်း ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်ခြင်းကို ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီက ခန္တီးမြို့နယ် တောင်သာကျေးရွာ၊ သာစည်ကျေးရွာနှင့် ချင်းတွင်းမြစ်ကမ်းတစ်လျှောက်ရေဝင်ရောက်နိုင်ဖွယ်ရှိသော ကျေးရွာများ၌ ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ခန္တီးခရိုင်နှင့် ချင်းတွင်းမြစ်အထက်ပိုင်း၌ မိုးဆက်လက်ရွာသွန်းလျက်ရှိရာ ဩဂုတ် ၂၂ ရက် နံနက် ၆ နာရီ တိုင်းတာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၌ စင်တီမီတာ ၁၂၆၀၊ ဟုမ္မလင်းမြို့၌ ၂၀၁၄ စင်တီမီတာသို့ရောက်ရှိနေပြီဖြစ်၍ ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ခရိုင်/မြို့နယ်စီမံခန့်ခွဲမှုကော်မတီများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်ပြည်သူများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ချန်လော(ပြန်/ဆက်)**

# ရေပိုလွှဲမှ ရေကျော်မှုကို အဟန့်အတားဖြစ်စေသည့် မျောပါသစ်တုံးနှင့်အမှိုက်များ ဆယ်ယူဖယ်ရှားပြီးဖြစ်၍ ရာဇဂြိုဟ်ရေလှောင်တမံကန်တွင်း ရေမှတ်ကျဆင်း

**နေပြည်တော် ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းပြီးနောက် ကလေးမြို့နယ် ရာဇဂြိုဟ်ရေလှောင်တမံတွင် ကန်တွင်းရေမှတ်မြင့်တက်ခြင်းနှင့်အတူ တမံ၏ ရေဆင်းဧရိယာများမှ သစ်တုံးများနှင့် ဒိုက်အမှိုက်များ မျောပါကာ ရေပိုလွှဲ၌ ပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့သည်။

ယင်းသို့ ရေစီးဆင်းမှုကို အဟန့်အတားဖြစ်စေသည့် ဒိုက်အမှိုက်များကို စက်ယန္တရားများဖြင့် ဩဂုတ် ၁ ရက်က ဆယ်ယူဖယ်ရှားခဲ့ရာ ရေလှောင်တမံ၏ ကန်တွင်းရေမှတ် တဖြည်းဖြည်းကျဆင်းလာပြီး ဩဂုတ် ၂၁ ရက်တွင် တမံရေမှတ်မှာ RL ၆၄၁ ဒသမ ၅၀ ပေ ရှိပြီး ရေပိုလွှဲမှ ၁ ဒသမ ၅ ပေသာ ရေကျော်ကျလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# လက်ပံတန်းမြို့နယ်အတွင်းရေဘေးကယ်ဆယ်ရေးစခန်းများ ရုပ်သိမ်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများစတင်ဆောင်ရွက်

**သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)**
**ဓာတ်ပုံ-ဘော်ဂါသွေး**

လက်ပံတန်းမြို့နယ်အတွင်း ရေများ ပြန်လည်ကျဆင်းသွားပြီဖြစ်၍ ကယ်ဆယ်ရေးစခန်းများကို ဩဂုတ် ၁၇ ရက်က ရုပ်သိမ်းခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ ရေဘေးသင့်ပြည်သူများကို မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းပါဝင်သော မြို့နယ်ရေဘေးအန္တရာယ်ကာကွယ်ရေးကွပ်ကဲမှုကော်မတီကို ဖွဲ့စည်း၍ ကူညီဆောင်ရွက်မှုများ ပြုခဲ့သည်။

လက်ပံတန်းမြို့နယ် အတွင်း အိမ်ထောင်စုပေါင်း ၈၅၀၆ စုရှိ လူဦးရေ ၃၄၀၁၆ ဦး ရေဘေးသင့်ခဲ့ပြီး အိမ်ခြေပေါင်း ၇၈၁၁ လုံး၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းပေါင်း ၂၄ ကျောင်း၊ ဘုန်းတော်ကြီးကျောင်းပေါင်း ၃၀၊ အခြားအဆောက်အအုံရှစ်လုံးနှင့်အတူ လယ်ဧကပေါင်း ၂၀၅၄၄ ဧက ရေမြုပ်၊ ရေဝင်မှုများ ရှိခဲ့သည်။ ထို့အပြင် အိမ်ဆယ်လုံး ရေမျောပါမှုဖြစ်ခဲ့ပြီး တံတားလေးစင်း ပျက်စီးမှုများရှိခဲ့ကြောင်း မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ထံမှ သိရသည်။

ရေဘေးသင့်အိမ်ထောင်စုများကို ကျွန်းကလေးကျေးရွာရှိ အောင်မင်္ဂလာသိမ်ဦးကျောင်း ကယ်ဆယ်ရေးစခန်း၌ အိမ်ထောင်စု ၈၈ စုမှ လူဦးရေ ၃၀၆ ဦးကိုလည်းကောင်း၊ ရှမ်းစုကျေးရွာ ပျဉ်ထောင်တွင်း ကယ်ဆယ်ရေးစခန်း၌ အိမ်ထောင်စု ၃၃၀ မှ လူဦးရေ ၁၄၀၀ ကိုလည်းကောင်း၊ မင်းရပ် ရပ်ကွက် အောင်မြေဗိမာန်ကယ်ဆယ်ရေးစခန်း၌ အိမ်ထောင်စု ၆၂ စုမှ လူဦးရေ ၁၅၂ ဦးကိုလည်းကောင်း၊ မင်းရပ်ရပ်ကွက် အာသောကရာမကျောင်းတိုက် ကယ်ဆယ်ရေးစခန်း၌ အိမ်ထောင်စု ၁၆ စုမှ လူဦးရေ ၅၄ ဦးတို့ကို လည်းကောင်း ကယ်ဆယ်ရေးစခန်း လေးခုဖွင့်၍ စောင့်ရှောက်ကူညီမှုများ ပေးခဲ့သည်။

မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့အတွင်းရေးမှူး ဦးမျိုးသန်းလှိုင်က "ကျွန်တော်တို့အဓိကစိုးရိမ်နေတာက ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းက ရေကာတာကြီးကိုပဲ၊ အဲဒီတာကြီးသာ ကျိုးခဲ့ရင် မြို့အနောက်ခြမ်းက ကျေးရွာအုပ်စုတွေကုန်ပြီ၊ လယ်ဧက ၅၀၀၀၀ ကျော် ရေမြုပ်ပြီး လူဦးရေ ၈၀၀၀၀ ကျော် ဒုက္ခရောက်ကြတော့မှာ။ ၁၉၇၄ ခုနှစ်ကတစ်ကြိမ်၊ ၁၉၉၇ ခုနှစ်က တစ်ကြိမ် ဖြစ်ခဲ့ဖူးလို့ အထူးဂရုစိုက်နေကြတာ။ မြို့နယ်ကလူကြီးတွေ၊ ဆည်မြောင်းဌာနက တာဝန်ရှိသူတွေ၊ လူမှုရေးအဖွဲ့အစည်းတွေ၊ ဒေသခံပြည်သူတွေ ပူးပေါင်းပြီး ရေကာတာကြီးမကျိုးမပေါက်ရအောင် နေ့ညဆောင်ရွက်နေတုန်း၊ မထင်မှတ်တဲ့နေရာ မြစ်မခမြစ်ရေတိုးပြီး လျှံလာတဲ့အတွက် ရေကြီးရေမြုပ်မှုတွေနဲ့ ရင်ဆိုင်တွေ့ခဲ့ရတာပါ" ဟုရှင်းပြခဲ့သည်။

ရေများ တဖြည်းဖြည်းကျဆင်းသွားပြီဖြစ်၍ ကယ်ဆယ်ရေးစခန်းလေးခုကို ဩဂုတ် ၁၇ ရက်က ပြန်လည်ရုပ်သိမ်းခဲ့ပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ကော်မတီ ဖွဲ့စည်းလုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်စိုးက "ကျွန်တော်တို့ ကော်မတီအနေနဲ့ ကယ်ဆယ်ရေးစခန်းကိုရောက်လာတဲ့ သူတွေကို မိမိနေအိမ် ပြန်လည်ပြောင်းရွှေ့နိုင်ရေး၊ နေထိုင်စားသောက်မှုအတွက် ရိက္ခာများ ထောက်ပံ့ရေး၊ စိုက်ပျိုးရေးအတွက် မျိုးစပါးနဲ့ ဆောင်းသီးနှံမျိုးများ ရရှိရေး၊ သွင်းအားစုများ ထောက်ပံ့နိုင်ရေးအတွက် စီစဉ်မှုတွေပြုလုပ်နေပါတယ်"ဟု ရှင်းပြခဲ့သည်။

ထို့အပြင် ပျက်စီးသွားခဲ့သော လမ်းတံတားများနှင့် လက်ပံတန်းမှ သာရဝေါခရီးပေါက်သည့် မဟာဗျူဟာ ကားလမ်းမကြီးက ပျက်စီးမှုအပိုင်းများအား အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရန်အတွက် အားထည့်ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မြင့်စိုးက "မမျှော်လင့်တဲ့ ရေဘေးကြောင့် ပြည်သူအများအပြား ဒုက္ခရောက်ရပါတယ်။ တာတွေ အတော်များများလည်း ရေကျော်၊ ရေလျှံမှုတွေရှိခဲ့တယ်။ တာနိမ့်၊ တာလျှော၊ တာအိတာတွေလည်း ဖြစ်ကျန်ခဲ့ပါတယ်။ အဲဒီနေရာတွေမှာ မြေသားတွေမြှင့်တင်ဖို့ လိုအပ်သလို၊ တာ အခြေဖိနပ်တွေပြုပြင်ဖို့ အထူးပဲလိုအပ်လာပါပြီ။ ခြ၊ ကွက်ကြောင့်ဖြစ်တဲ့ ထူးပေါက်တွေကိုလည်း ပြန်လည်ဖာထေးဖို့ လိုအပ်တာ အမှန်ပါပဲ။ စီမံကိန်းတစ်ရပ်အနေနဲ့ တာအတွင်းပိုင်းက ကိုင်းတောတွေ ရှင်းဖို့လည်း လိုအပ်ပါတယ်။ ဒါမှသာ တာကြောင့် ဖြစ်လာမယ့် ဆိုးကျိုးတွေကို ကြိုတင်ကာကွယ်နိုင်ပြီး ဒေသခံပြည်သူတွေ သဘာဝဘေးအန္တရာယ်က လွတ်ကင်းမှာဖြစ်ပါတယ်"ဟု စေတနာစကားများကို ကြားခဲ့ရသည်။



ဦးကျော်မြင့်စိုး



ဦးမျိုးသန်းလှိုင်



ရေများ ပြန်လည်ကျဆင်းသွားပြီးနောက် ခမုံအထကကို ဩဂုတ် ၁၈ ရက်က မြင်တွေ့ရစဉ်။

# မြန်မာနိုင်ငံ၏ရွေးကောက်ပွဲအား လေ့လာစောင့်ကြည့်လျက်ရှိသည့် PACE အဖွဲ့မှ ပြောသည့် ရွေးကောက်ပွဲကာလအတွင်း ကြုံတွေ့နိုင်သည့်အခက်အခဲများ

တွေ့ဆုံမေးမြန်း-ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်၊
ဓာတ်ပုံ-ဖိုးထောင်

**မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပသွားမည်ဟု ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ဇူလိုင်လ ၈ ရက်နေ့တွင် တရားဝင်ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ မဲဆန္ဒနယ်ပြင်ပတွင် ရက်ပေါင်း ၁၈၀ အထက် နေထိုင်ကြသူများအား မဲပေးပိုင်ခွင့်ရရှိစေရန်အတွက် ပုံစံ(၃-က)ဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့အထိ နောက်ဆုံးထား လျှောက်ထားရမည်ဖြစ်ကြောင်း ဩဂုတ်လ ၁၉ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ နှိုးဆော်အသိပေးထားပြီဖြစ်သည်။**

**တစ်နိုင်ငံလုံးမဲဆန္ဒရှင်စာရင်းကြေညာခြင်းအပါအဝင် ၂၀၁၅ ရွေးကောက်ပွဲဖြစ်စဉ်၏ အားသာချက် အားနည်းချက်များကို ပြည်တွင်း၊ ပြည်ပ အရပ်ဘက်လူမှုအဖွဲ့အစည်းများက ရေရှည်လေ့လာစောင့်ကြည့်မှုပြုလုပ်လျက်ရှိပြီး အစီရင်ခံစာများ ထုတ်ပြန်သွားကြမည်ဖြစ်သည်။**



ထို့ကြောင့် တစ်နိုင်ငံလုံး မဲဆန္ဒရှင်စာရင်း ကြေညာချိန်မှ စတင်ကာ ရွေးကောက်ပွဲ ဖြစ်စဉ်အား စောင့်ကြည့်လေ့လာမှု ပြုလုပ်မည့် PACE မှ အမှုဆောင်ဒါရိုက်တာ ဦးစိုင်းရဲကျော်စွာမြင့်အား တွေ့ဆုံမေးမြန်းမှုပြုလုပ်ခဲ့သည်-

**မေး။ ။မကြာခင်မှာ တစ်နိုင်ငံလုံး မဲဆန္ဒရှင်စာရင်း ကြေညာတော့မယ်။ အစ်ကိုတို့ PACE က အလုံနဲ့ တီးတိန်မှာ မဲစာရင်းရှေ့ပြေးစီမံချက်ပြုလုပ်ခဲ့စဉ်က လေ့လာ စောင့်ကြည့်မှုလုပ်ပြီး အစီရင်ခံစာရေးတော့ ဘာတွေတွေ့ရသလဲ။ ဘယ်လိုပြုပြင် သင့်ပါသလဲ။**

ဖြေ။ ။အလုံနဲ့ တီးတိန်မှာ ကျွန်တော်တို့ စောင့်ကြည့်လေ့လာခဲ့တဲ့ တွေ့ရှိချက်မှာလည်း အစိုးရရဲ့ဌာနတစ်ခုနဲ့တစ်ခုအတွင်း ချိတ်ဆက်ဆောင်ရွက်မှုတွေ အသေအချာလုပ်ဖို့လိုတယ်။ မှတ်ပုံတင်မရှိတာက လ. ဝ. က နဲ့ ဆိုင်တယ်။ ရွေးကောက်ပွဲကော်မရှင်မှာ လ. ဝ. ကရော၊ ထွေ/အုပ်ရောပါတယ်။ ဒီတော့ သူတို့သုံးခုရဲ့ကြားမှာ သေသေချာချာ Link လုပ်မယ့် Mechanism တစ်ခုကို ရှာဖွေဖို့လိုတယ်။ ဒီလိုမရှိရင် ဒါက ပြဿနာအကြီးကြီးဖြစ်နေမှာပဲ။

ဒါက ရေရှည်မှာ ဥပဒေပိုင်းဆိုင်ရာ၊ နည်းဥပဒေပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှု အကြီးကြီးလုပ်ရမယ့်ကိစ္စပဲ။ ဒါဟာ ရွေးကောက်ပွဲကော်မရှင်မှာ တာဝန်ရှိသလို ဥပဒေပြုရေးကိုလုပ်နေကြတဲ့ နိုင်ငံရေးပါတီတွေမှာလည်း တာဝန်ရှိတယ်။ ကြိုတင်မဲကိစ္စ၊ ပြည်ပရောက်နေတဲ့ ရွှေ့ပြောင်းလုပ်သားတွေ၊ နိုင်ငံတွင်းမှာရှိနေတဲ့ ရွှေ့ပြောင်းလုပ်သားတွေကိစ္စအတွက်ကတော့ ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအကြီးကြီးတစ်ခု လုပ်ရမယ်။ လက်ရှိနိုင်ငံရေးပါတီတွေနဲ့ ရွေးကောက်ပွဲကော်မရှင်နဲ့ ပေါင်းပြီးတော့ ဒါကို ဘယ်လိုမျိုး ရွေးကောက်ပွဲမတိုင်မီ ရက်ပေါင်း ၉၀ မှာ အဖြေရှာနိုင်ရင်တော့ အကောင်းဆုံးပါ။ အဖြေမရှာနိုင်ရင်တော့ မကောင်းဘူး။ မဲပေးရာမှာ ကျန်ခဲ့တဲ့ သူတွေလည်း ရှိနေမှာပဲ။ ဒါတွေကိုတော့ နောက်ပိုင်းမှာ အများကြီး ပြင်ဆင်ရမယ်။

**မေး။ ။မဲဆန္ဒနယ်ပြင်ပမှာ ရက်ပေါင်း ၁၈၀ နဲ့အထက် နေထိုင်သူတွေ မဲပေးဖို့ကိစ္စတွေအတွက် ဘယ်လိုမြင်ပါသလဲ။ ဘယ်လိုအခက်အခဲတွေရှိလာနိုင်သလဲ။**

ဖြေ။ ။ရွေးကောက်ပွဲကော်မရှင်ရဲ့ ခန့်မှန်းလျာထားချက် လမ်းညွှန်မှာတော့ ရက်ပေါင်း ၁၈၀ နေထိုင်တဲ့သူလို့ ပြောတယ်။ ဥပဒေကို ပြန်ကြည့်တော့ မဲဆန္ဒရှင်ပြင်ပမှာ ရက်ပေါင်း ၁၈၀ ရောက်နေတဲ့သူလို့ ပြောတယ်။ ဥပမာဆိုပါစို့။ ကျွန်တော်ရဲ့ မဲစာရင်းက ပဲခူးမှာရှိတယ်။ ကျွန်တော်ရဲ့ ရုံးက တာဝန်ပေးလို့ ကျွန်တော်က နယ်ကို ထွက်ရမယ်။ တောင်ငူမှာ နှစ်လကြာမယ်။ မြင်းခြံမှာ နှစ်လထပ်နေမယ်။ ကျောက်ပန်းတောင်းမှာ နှစ်လထပ်နေမယ်။ ဒါပေမယ့် ကျွန်တော်က မဲပေးရမယ့်အချိန်မှာ ကျောက်ပန်းတောင်းကို ရောက်နေတယ်။ မေးခွန်းက ကျွန်တော်ထွက်လာတဲ့နေရာက ရက်ပေါင်း ၁၈၀ ကို ပြောတာလား၊ တစ်နေရာတည်းမှာ ရက်ပေါင်း ၁၈၀ နေရမှာကို ပြောတာလား၊ အဲ့ဒီလိုမျိုး မေးခွန်းထုတ်စရာဖြစ်နေတယ်။ ဥပဒေအရ မဲဆန္ဒရှင်က ပြင်ပမှာ ရက်ပေါင်း ၁၈၀ ရောက်နေတယ်လို့ ပြောတယ်။ နောက်ဆုံးညွှန်ကြားချက်မှာကျတော့ မဲဆန္ဒနယ်ပြင်ပရဲ့ ကိုယ်ရောက်နေတဲ့နေရာမှာ ရက်ပေါင်း ၁၈၀ ရှိရမယ်ပြောတယ်။ ပြည်သူလူထုကတော့ ဘယ်လိုနားလည်သလဲမသိဘူး။ အောက်ခြေမှာရှိတဲ့ ဝန်ထမ်းတွေကရော ဘယ်လိုနားလည်ထားသလဲ၊ ဒါကိုရှင်းရှင်းလင်းလင်း သိအောင်ညွှန်ကြားချက်ပေးဖို့ ပြောထားဖို့လိုတယ်။ ဥပဒေတွေကတော့ စကားလုံးတွေအပေါ်မှာ ရေးသားထားတာဆိုတော့ အမြဲရှုပ်ထွေးနေမှာပဲ။

အရေးကြီးတာက တိတိကျကျပြောထားမှ အောက်ခြေကဝန်ထမ်းတွေသိမယ်။ အောက်ခြေဝန်ထမ်းတွေကို တိတိကျကျသင်တန်းတွေပေးထားမယ်၊ နားလည်သဘောပေါက်မယ်ဆိုရင်တော့ ပြဿနာတွေက ပိုပြီးလျော့ကျနိုင်ပါတယ်။ ရွေးကောက်ပွဲဖြစ်စဉ်နဲ့ပတ်သက်ပြီး ကော်မရှင်အနေနဲ့ အသေးစိတ်လုပ်ရတာ ဒါပထမဆုံးအကြိမ်ပဲလို့ ယူဆတယ်။ နိုင်ငံရေးပါတီတွေနဲ့ ကျွန်တော်တို့ အတွက်ကလည်း ပထမဦးဆုံးအကြိမ်ပဲ။ ဒီနေရာမှာ တစ်ယောက်နဲ့တစ်ယောက်ယုံကြည်မှုကလည်း နည်းကြတယ်။ နိုင်ငံရေးပါတီတွေကလည်း ကော်မရှင်အပေါ်မှာ မယုံကြည်ဘူး။ ကော်မရှင်ကလည်း နိုင်ငံရေးပါတီအပေါ်မှာ မယုံကြည်ဘူး။ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ ကော်မရှင်လည်း ဒီပုံစံပါပဲ။ အားလုံးက နိုင်ငံရေးအကဲဆတ်မှုအပေါ်မှာ အခြေခံပြီး ပြောကြတဲ့အခါကျတော့ ပိုပြီးရှုပ်ထွေးလာတာပေါ့။

**မေး။ ။မကြာခင်အချိန်မှာ ကြေညာမယ့် တစ်နိုင်ငံလုံးမှာရှိတဲ့ မဲပေးနိုင်တဲ့ သူတွေရဲ့ မဲဆန္ဒရှင်စာရင်းကြေညာမှုနဲ့ပတ်သက်ပြီး ဘာများပြောလိုပါသလဲ။**

ဖြေ။ ။အခုရေဘေးကိစ္စဖြစ်တယ်၊ အခုမဲစာရင်းမကပ်နိုင်သေးဘူး၊ ဘယ်လိုလုပ်မလဲဆိုတာ အလွယ်ကူဆုံးနဲ့ အရှင်းလင်းဆုံးဖြစ်အောင် ပြည်သူကိုပြောဖို့ပဲ။ အရပ်ဘက်လူ့အဖွဲ့အစည်းကိုပြောတာကောင်းတယ်။ သူကတော့ တတ်နိုင်သမျှပြောတာပဲ။ ဒါပေမယ့် အရပ်ဘက်လူ့အဖွဲ့အစည်းနဲ့ ဆက်စပ်နေသူကပဲ နားလည်တယ်။ ပုံမှန်တော့နားမလည်ဘူး၊ ကားပေါ်မှာ FM တွေ ဘာတွေက ပြောနေတာ ကျွန်တော်တို့ ကြားတယ်။ ပြည်သူက အသိတော့ရှိလာပြီ။ ဒီတစ်ခေါက် ကပ်လာရင် သွားကြည့်ကြမယ်။ နောက်တစ်ခုက ပိုပြီး စိုးရိမ်ပူပန်မှုများတာဖြစ်နိုင်တယ်။ ကော်မရှင်ရဲ့ အချိန်ဇယား လုပ်ဆောင်ချက်တွေကို ပိုပြီးတော့ ရှင်းရှင်းလင်းလင်းပြောရင် ပြည်သူက ပိုပြီး စိတ်ချလက်ချ နေလို့ရတယ်။

ရွေးကောက်ပွဲကော်မရှင်အနေနဲ့ ဒီတစ်ခေါက် မဲစာရင်းကပ်တော့မယ်ဆိုရင် ဘယ်လို အဆင့်တွေကို ဘယ်လိုလုပ်မယ်၊ ဘယ်လိုသွားမယ်ဆိုတာ အများပြည်သူသိအောင် တိတိကျကျရှင်းပြဖို့လိုတယ်။ ပြဿနာဖြစ်တော့မှ ဒါကတော့ ဒီလိုဖြစ်တာပါ၊ ဒါကတော့ ဒီလိုကြောင့်ပါဆိုတော့ မလိုအပ်ဘဲနဲ့ ပြောတဲ့အခါကျတော့ ပြည်သူလူထုကြားထဲမှာလည်း ရှုပ်ထွေးမှုတွေဖြစ်တယ်။ ကျွန်တော်တို့အချင်းချင်းကြားထဲမှာလည်း ရှုပ်ထွေးမှုတွေ ပိုပြီးတော့ဖြစ်စေတယ်။ အခုမဲစာရင်းကမကပ်သေးဘူး။ အချိန်ရသေးတယ်။ ပြီးခဲ့တဲ့အခေါက်တွေက ကပ်ခဲ့တာကို အချိန်ယူပြီးတော့မှ မဲစာရင်း ဘယ်နှကြိမ်ထပ်ကပ်ဦးမှာလဲ။ ဘယ်အချိန် ဘယ်အရာတွေကလုပ်ဖို့ လုံးဝလိုအပ်တယ်ဆိုတာမျိုးပေ့ါ။ ဒါကတော့ ပြင်ဆင်ဖို့အတွက် နောက်ဆုံးပဲ ဆိုတာပါ။ ရွေးကောက်ပွဲနားနီးရင်လည်း နောက်ဆုံးတစ်ကြိမ် ထပ်ကပ်မယ်။ မဲပေးဖို့ မဲစာရင်းမပါရင် မဲပေးလို့မရဘူး။ ခြွင်းချက်တစ်ခုရှိတယ်။ လူအုပ်စုလိုက်ကျန်ခဲ့တယ်။ တစ်ရွာကျန်တယ်၊ နှစ်ရွာသုံးရွာကျန်တယ်ဆိုရင် ရွေးကောက်ပွဲမတိုင်ခင်၊ မဲမပေးခင် တစ်ပတ်အလိုထိ ပြင်လို့ရတယ်။ အဲ့ဒါကိုတော့ ခရိုင်ကပဲ ပြင်လို့ရမယ်။ မြို့နယ်၊ ရပ်/ကျေးပြင်လို့မရဘူး။ သာမန်မဲပေးသူ တစ်ဦးစ၊ နှစ်ဦးစအတွက်တော့ အခုတစ်ခေါက်က နောက်ဆုံးပဲ။

**မေး။ ။ရွေးကောက်ပွဲမှာ PACE အနေနဲ့ ဘယ်လို လေ့လာစောင့်ကြည့်မှုမျိုး လုပ်မလဲ။ ဘယ်လိုပါဝင်မလဲ။**

ဖြေ။ ။ကျွန်တော်တို့ ရွေးကောက်ပွဲမတိုင်ခင် အပိုင်းနှစ်ပိုင်းနဲ့ ရွေးကောက်ပွဲနေ့အတွက် တစ်ပိုင်းဆိုတော့ စီမံချက် သုံးခုနဲ့သွားပါမယ်။

ပထမဆုံး ကျွန်တော်တို့က သူတို့ ဩဂုတ်လနှောင်းပိုင်းမှာ ကပ်မယ့် တစ်နိုင်ငံလုံး အခြေခံမဲဆန္ဒရှင်စာရင်းကပ်တာကို စောင့်ကြည့်မယ်။ ကျွန်တော်တို့ စောင့်ကြည့်မယ့်ဟာက အချက်အလက်တွေ ဘယ်လိုမှားယွင်းသလဲ၊ ဘယ်သူတွေကျန်ခဲ့သလဲ၊ ပါသင့်တဲ့သူတွေပါရဲ့လား၊ မပါသင့်တဲ့လူတွေပါနေလား ဆိုတာတွေကိုတော့ ကြီးကြီးမားမား ရှာဖွေနိုင်မှာ မဟုတ်ဘူး။ ဒီတစ်ခေါက် ပိုပြီးအာရုံစိုက်တာက အခုရှိထားတဲ့ ဥပဒေ၊ နည်းဥပဒေ၊ ဥပဒေမူဘောင်တွေ၊ လုပ်ထုံးလုပ်နည်းတွေဟာ တကယ်ပဲ မဲဆန္ဒရှင်တွေရဲ့ အချက်အလက်တွေကို သွားပြီးတော့ ပြုပြင်တာပဲဖြစ်ဖြစ်၊ ဖြည့်စွက်တာပဲဖြစ်ဖြစ်၊ ဖြုတ်တာပဲဖြစ်ဖြစ် ဘယ်လောက်သွားပြီးတော့မှ အဆင်ပြေပြေဖြစ်သလဲ။ ဘယ်အရာတွေက အားသာချက်၊ ဘယ်အရာတွေက အားနည်းချက်ဖြစ်မလဲဆိုတာကို ကြိုးစားရှာဖွေသွားမယ်။ နောက်ပြည်သူလူထုကိုယ်တိုင်ကရော ဒီဖြစ်စဉ်မှာ ဘယ်လောက်အထိ စိတ်ပါဝင်စားမှုရှိသလဲဆိုတာကို နည်းနည်းပါးပါးရှာဖွေမယ်။ လောလောဆယ်မှာတော့ ကျွန်တော်တို့ PACE အနေနဲ့ ဒီဖြစ်စဉ်ကို ပိုပြီးတော့ အာရုံစိုက်တယ်။

**မေး။ ။ အစီရင်ခံစာတွေကို ဘယ်အချိန်လောက်မှာ ထုတ်ပြန်မှာလဲ။**

ဖြေ။ ။ ကနဦးအစီရင်ခံစာကို ရွေးကောက်ပွဲပြီးလို့ ၄၈ နာရီအတွင်းမှာ ထုတ်ပြန်မယ်။ ယေဘုယျကိန်းဂဏန်းတွေ ပါဝင်မယ်။ နိုင်ငံတကာထုံးစံလိုပေ့ါ။ အပြီးသတ်အစီရင်ခံစာကို အနည်းဆုံး တစ်လအတွင်းမှာ ကျွန်တော်တို့ ထုတ်ပြန်မယ်။ ကျွန်တော်တို့က အစီရင်ခံစာကို နှစ်မျိုးစဉ်းစားထားပါတယ်။ တစ်မျိုးကတော့ စောင့်ကြည့်ရေးကာလ ပြီးဆုံးတဲ့အခါမှာ တွေ့ရှိချက်တွေကို အများပြည်သူသိအောင်ထုတ်ပြန်သွားမယ်။ တစ်ချိန်တည်းမှာပဲ စောင့်ကြည်နေစဉ်ကာလအတွင်းမှာ အရေးကြီးကိစ္စမျိုးတွေ ရှိလာမယ်ဆိုရင် (မဲစာရင်းဖြစ်စဉ်၊ ရွေးကောက်ပွဲဖြစ်စဉ်တို့ကို ထိခိုက်နိုင်မည့် အကြောင်းများ စသည်ဖြင့်) တွေ့ရှိလာမယ်ဆိုရင် ကျွန်တော်တို့ရဲ့ စောင့်ကြည့်လေ့လာမယ့်သူတွေ ရန်ကုန်ရုံးကို ပို့ပေးဖို့ ပုံစံတစ်ခုသတ်သတ်လုပ်ထားပါတယ်။ အဲ့ဒီပုံစံကိုဖြည့်စွက်ပြီး ကျွန်တော်တို့ဆီ မြန်နိုင်သမျှ မြန်မြန်ပို့ဖို့ ပြောထားတယ်။ ဒီအဖြစ်အပျက်က ချက်ချင်းအကြောင်းကြားသင့်လား။ အရေးယူဆောင်ရွက်မှုတွေလုပ်ဖို့လိုလားဆိုတာကို ကြည့်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းတွေဆီပို့မယ်။ လောလောဆယ်တော့ သတင်းထုတ်ပြန်မှု၊ အရေးယူဆောင်ရွက်မှု အဲ့ဒီပုံစံနှစ်မျိုးစဉ်းစားထားပါတယ်။

**ကျေးဇူးပါပဲအစ်ကို**

PACE အဖွဲ့သည် ရွေးကောက်ပွဲအား စောင့်ကြည့်လေ့လာရာတွင် လက်ရှိရွေးကောက်ပွဲမတိုင်မီကာလများအတွင်း အပိုင်း နှစ်ပိုင်းထားကာ တိုင်းဒေသကြီးနဲ့ပြည်နယ်အသီးသီးရှိ မြို့နယ်ပေါင်း ၁၁၀ တွင် စောင့်ကြည့်သူ ၁၁၀ ဖြင့် စောင့်ကြည့်လျက်ရှိသည်။ ရွေးကောက်ပွဲကျင်းပသည့် နိုဝင်ဘာလ ၈ ရက်နေ့တွင် အပိုင်းတစ်ပိုင်းထား၍လူအင်အား ၂၀၀၀ ကျော်ဖြင့် တစ်နိုင်ငံလုံးရှိ မဲရုံများတွင် စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရသည်။ PACE အဖွဲ့သည် လေ့လာစောင့်ကြည့်ရာတွင် နိုင်ငံပေါင်း ၅၀ ကျော်တွင် အသုံးပြုနေသည့် မဲရုံများကို နမူနာရွေးထုတ်ပြီး လေ့လာစောင့်ကြည့်သည့် Systematic Observation (နည်းစနစ်ဖြင့် စောင့်ကြည့်လေ့လာခြင်း) နည်းလမ်းကို အသုံးပြုမည်ဖြစ်သည်။

# ဆင်ရိုင်းနင်းခံရသည့် ဖက်တောကြီးကျေးရွာမှ တောင်သူတစ်ဦး မိတ္ထီလာခရိုင်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူလျက်ရှိ

**မိတ္ထီလာ ဩဂုတ် ၂၂**

ဩဂုတ် ၂၁ ရက် ညနေပိုင်းက ညောင်ပင်လျှိုကျေးရွာအုပ်စု ဖက်တောကျေးရွာ အနောက်ဘက် နှစ်မိုင်ခန့်အကွာတွင်တည်ရှိသည့် ယာခင်းအတွင်း၌ ဆင်ရိုင်းတစ်ကောင်နင်းခံရသည့် ဖက်တောကြီးကျေးရွာ ဒေသခံတောင်သူ ဦးကျော့အောင်သည် မိတ္ထီလာခရိုင် ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိပြီး အသက်အန္တရာယ်စိုးရိမ်စရာမရှိကြောင်း သိရသည်။

"ဆင်ရိုင်းနင်းခံရသူကို မနေ့ညနေပိုင်းက မိတ္ထီလာခရိုင်ပြည်သူ့ဆေးရုံကြီးကို သွားရောက်ပို့သခဲ့ပါတယ်။ အဲဒီကနေ ည ၈ နာရီအချိန်ခန့်က ကျွန်တော် ရွာကိုပြန်ခဲ့တာပါ၊ အသက်အန္တရာယ်စိုးရိမ်စရာမရှိပါဘူး၊ ဒီနေ့ နံနက်ပိုင်းအထိ ဆီးမသွားနိုင်တာကလွဲရင် ဘာဒဏ်ရာမှမတွေ့ရပါဘူး"ဟု ညောင်ပင်လျှိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ပြောသည်။

မိတ္ထီလာခရိုင်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ပြင်ပလူနာဌာနတွင် ဆင်နင်းခံရသည့်ဝေဒနာကို တက်ရောက်ဆေးကုသမှုခံယူနေသော ဖက်တောကြီးကျေးရွာမှ တောင်သူဦးကျော့အောင်က ၎င်း၏အခြေအနေကို ပြောပြသည်။

"မနေ့က ညနေ ၄ နာရီကျော်လောက်မှာ ဆင်နင်းခံရပြီး ယာတောကနေ အိမ်ကို လှည်းနဲ့ပြန်လာတယ်။ ဆင်ကချော်နင်းသွားတာမို့ မူးမေ့ပြီး ဘယ်ဘက်ဒူးခေါင်းနဲ့ ဆီးဖုံးနေရာတွေမှာ နာကျင်ဝေဒနာတော့ခံစားရတယ်။ နာကျင်တဲ့ဝေဒနာက မခံမရပ်နိုင်ဖြစ်လာတာမို့ ညနေ ၆ နာရီကျော်လောက်မှာ မိတ္ထီလာခရိုင် ပြည်သူ့ဆေးရုံအရေးပေါ်လူနာဌာနကို လာရောက်ကုသမှုခံယူ တာပါ။ ဆရာဝန်တွေက သေချာဂရုစိုက်ကုသပေးပါတယ်။ ဓာတ်မှန်လည်း နှစ်ကြိမ်ရိုက်ပြီးသွားပါပြီ။ လောလောဆယ်တော့ အနည်းငယ်နာကျင်ပြီး ဆီးမသွားနိုင်သေးတာကလွဲရင် သက်သာပါတယ်" ဟု ဦးကျော့အောင်က ပြောသည်။

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ညောင်ပင်လျှိုကျေးရွာအုပ်စု ဖက်တောကြီးကျေးရွာ အနောက်ဘက် သုံးမိုင်ခန့်အကွာတွင်ရှိသည့် ဖက်တောချောင်းအနီးသို့ တောဆင်ရိုင်း ခြောက်ကောင် ဩဂုတ် ၂၁ ရက် က နယ်ကျော်ဝင်ရောက်လာပြီး ညနေ ၄ နာရီခွဲက ကြာပေါက်ကျေးရွာအနီးမှတစ်ဆင့် မလှိုင်မြို့နယ်အတွင်းရှိ မိုးကောင်း၊ ဘီးစပ်ကုန်း ကျေးရွာများ ဘက်သို့ ဦးတည်ထွက်ခွာသွားကြောင်း မျက်မြင်တွေ့ရှိသည့် ဖက်တောကျေးရွာ ဒေသခံများက ပြောသည်။



ဆင်ရိုင်းခြောက်ကောင်ထွက်ခွာရာနောက်သို့ မိတ္ထီလာမြို့နယ် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများက မျက်ခြည်မပြတ် လိုက်လံစောင့်ကြည့်ခဲ့ပြီး ဆင်များသည် မလှိုင်မြို့နယ် မိုးကောင်း၊ ဘီးစပ်ကုန်းကျေးရွာများအနီးရှိ လျှိုများအတွင်း၌ ဩဂုတ် ၂၁ ရက် ညက ညအိပ်ခဲ့ကြောင်း ညောင်ပင်လျှိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိန်ဌေးအောင်ထံ ဆက်သွယ်မေးမြန်းချက်အရ သိရသည်။

ထို့အပြင် ဩဂုတ် ၂၂ ရက် နံနက် ၁၁ နာရီက မလှိုင်မြို့နယ် သစ်တောဦးစီးဌာန တောခေါင်းဝန်ထမ်းဖြစ်သူ ကိုသန်းဇော်ထံ ဆက်သွယ်မေးမြန်းရာ ယင်းဆင်ရိုင်းခြောက်ကောင်သည် ဆည်တိုကျေးရွာ အနောက်ဘက် ရှစ်မိုင်ခန့်အကွာ လယ်ကြားကျေးရွာဘက်သို့ ဦးတည်၍ သွားနေကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# လျှပ်စစ်ဓာတ်အားသုံးစွဲလာနိုင်ခြင်းဖြင့် ကယားပြည်နယ်၌ ဒေသအတွင်း စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်လုပ်ကိုင်လာနိုင်

လွိုင်ကော် ဩဂုတ် ၂၂

**ကယားပြည်နယ်အတွင်းရှိ ဘီလူးချောင်းအမှတ်(၃) ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် လွိုင်ကော်မြို့ အရှေ့တောင်ဘက် ၁၃ မိုင်ခန့်အကွာ ဘီလူးချောင်းနှင့် ပွန်ချောင်းဆုံရာအနီးရှိ အဆိုပါဓာတ်အားပေးစက်ရုံ ယာယီမဏ္ဍပ်၌ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အနာဂတ်စွမ်းအားကုမ္ပဏီအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**





အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက နိုင်ငံတော်အစိုးရအနေဖြင့် ဘီလူးချောင်း အမှတ်(၃)စီမံကိန်းကို စီမံ ဆောင်ရွက်ပေးသည့်အတွက် ပြည်နယ်၏ကိုယ်စား ဝမ်းမြောက်ရပါကြောင်း၊ စက်မှုလုပ်ငန်းတိုင်းသည် လျှပ်စစ်ကိုအခြေခံပါကြောင်း၊ ရေအားလျှပ်စစ်ထုတ်လုပ်မှုသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြင့် အသုံးချခြင်းဖြစ်ပါကြောင်း၊ သဘာဝကို အကျိုးရှိရှိ အသုံးချတတ်သည့် အတတ်ပညာရှိမှသာ မိမိတို့တိုင်းပြည် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမော်သာထွေးက ဘီလူးချောင်း ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများတည်ရှိရာ ကယားပြည်နယ်၌ ယခင်က လွိုင်ကော်၊ ဒီမောဆို၊ ဖရူဆို၊ ဘော်လခဲနှင့် ဖားဆောင်းတို့ကိုသာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း၊ ယခုအခါ အဆိုပါ မြို့များသာမက ရှားတော၊ ရွာသစ်နှင့် မယ်စဲ့မြို့များအပါအဝင် အနီးပတ်ဝန်းကျင် ကျေးရွာ ၂၅၄ ရွာကိုလည်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ပြီဖြစ်ကြောင်း၊ ကျေးရွာ ၁၁၄ ရွာ ထပ်မံဆောင်ရွက်ပေးနိုင်ရန်အတွက်လည်း ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများနှင့် ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်လျက်ရှိသကဲ့သို့ ဓာတ်အားပေးစနစ်နှင့် ဝေးကွာသည့် ကျေးရွာများအတွက်လည်း Solar Home စနစ်ဖြင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်လျက် ရှိပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကုန်တွင် ကယားပြည်နယ်တစ်ခုလုံးရှိ အိမ်ထောင်စုများ၏ ၉၀ ရာခိုင်နှုန်းကျော်ကို ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ရန် ဆောင်ရွက်နေပါကြောင်း၊ ကယားပြည်နယ်အတွင်းရှိ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဘီလူးချောင်း(၁/၂/၃)တို့မှ ထုတ်လုပ်သည့် ဓာတ်အားများကို နိုင်ငံတော်ဓာတ်အားစနစ်အတွင်းသို့ ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိသည့်အတွက် နိုင်ငံတစ်ဝန်းရှိပြည်သူများ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ကြပြီး တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှု ပိုမို အခွန့်ရှည်ခိုင်မြဲစေပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအားလုံးတွင် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရန် ဓာတ်အားစနစ် ရောက်ရှိပြီး ဒေသများ၌ ဓာတ်အားဖြန့်ဖြူးရေးလိုင်းများ၊ ဓာတ်အားခွဲရုံများနှင့်ထရန်စဖော်မာများကို တိုးချဲ့တည်ဆောက်လျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် အနာဂတ်စွမ်းအားကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဦးရဲမြင့်က ဘီလူးချောင်း အမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အချက်အလက်များအားရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ဘီလူးချောင်း၌ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ သုံးရုံတည်ရှိပြီး ဓာတ်အားစုစုပေါင်း ၂၄၈ မဂ္ဂါဝပ်ကို ထုတ်လုပ်ပေးလျက်ရှိကာ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့လည်း ဖြန့်ဖြူးသုံးစွဲနိုင်သည့်အတွက် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများအတွက် ဝမ်းမြောက်ဖွယ်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူများ၏ ဓာတ်အားလိုအပ်ချက် ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်ရာတွင် အစိုးရတစ်ခုတည်းဆောင်ရွက်နေသည်မဟုတ်ဘဲ ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များပါဝင်ဆောင်ရွက်နိုင်ရန်ဖိတ်ခေါ်အားပေးခဲ့ပါကြောင်း၊ ယနေ့ ဖွင့်လှစ်သည့် ဘီလူးချောင်းအမှတ်(၃) ရေအားလျှပ်စစ်စက်ရုံကို အနာဂတ်စွမ်းအားကုမ္ပဏီက ရင်းနှီးမြှုပ်နှံတည်ဆောက်ခဲ့ခြင်းသည် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍ တိုးတက်အောင် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ မိမိတို့အစိုးရလက်ထက်တွင် ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာလုပ်ငန်းစဉ်များ ချမှတ်ပြီး ပြည်ထောင်စုဝန်ကြီးများက ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတို့ ဆောင်ရွက်သည့် ဒေသန္တရလိုအပ်များ စီမံကိန်းများ ဟန်ချက်ညီရေးကို ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများဆင်းရဲမှု လျှော့ချနိုင်ရေးကို ဦးစားပေးဆောင်ရွက်ရန်လိုအပ်သည့်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးစီမံချက်ကို တစိုက်မတ်မတ် ကြိုးပမ်းအကောင်အထည်ဖော်လျက် ရှိပါကြောင်း၊ လျှပ်စစ်ဓာတ်အားသုံးစွဲလာနိုင်ခြင်းဖြင့် ကယားပြည်နယ်၌ ဒေသတွင်းစိုက်ပျိုးရေး၊ အသေးစား အလတ်စားစက်မှုလုပ်ငန်းများ၊ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်လာနိုင်ခြင်းနှင့်အတူ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိလာပြီး လူနေမှုအဆင့်အတန်းများ မြင့်မားလာမည်ဖြစ်ပါကြောင်း၊ ကယားပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုအစိုးရအနေဖြင့် ပြည်နယ် လမ်းမကြီးများ ကောင်းမွန်ရေး၊ ပြည်နယ်တစ်ခုလုံး လျှပ်စစ်မီးရရှိရေး၊ ပြည်နယ်တစ်ခုလုံး ICT ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးနှင့် ကျန်းမာရေး ပိုမိုအဆင့်မြှင့်တင်နိုင်ရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်နယ်လေယာဉ်ကွင်းအဆင့်မြှင့်တင်နိုင်ရေး၊ ဘီလူးချောင်း ရေရှည်ထိန်းသိမ်းနိုင်ရေး၊ ဖရူဆိုနှင့် ဒီမောဆိုမြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ဘဏ်မှ အကူအညီရရှိရေး၊ နယ်စပ်ကုန်သွယ်ရေး အကောင်အထည်ဖော်ရေး၊ ဖားဆောင်း-စွတ်ပိုင်-ရှားတော သံလွင်မြစ်ရေကြောင်းလမ်း ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် ကျွမ်းကျင်မှုသင်တန်းများဖွင့်လှစ်နိုင်ရေးတို့ကို တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ပြည်နယ်အသီးသီး ဖွံ့ဖြိုးတိုးတက်မှ ပြည်ထောင်စုကြီးဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းသာယာသည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာတွင် ပူးပေါင်းပါဝင် ကြိုးပမ်းကြရန်တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို ဘီလူးချောင်း အမှတ်(၃)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမုခ်ဦး၌ ကျင်းပရာ ကင်းထောက်လူငယ် မဟေယမုံ၊ ဘက်စုံထူးချွန် ကျောင်းသူ မအိအိခိုင်စိုးနှင့် ငါးဘာသာဂုဏ်ထူးရှင် မရိုသီဖောတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ကြသည်။

ယင်းနောက် စက်ရုံဆိုင်းဘုတ်အား ပြည်နယ်ဝန်ကြီးချုပ်ကလည်းကောင်း အထိမ်းအမှတ်ကမ္ပည်းမော်ကွန်းကျောက်စာအား ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက လည်းကောင်း စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် စက်ရုံရှင်းလင်းဆောင်ခန်းမ၌ ဘီလူးချောင်း အမှတ်(၃) ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံစီမံကိန်းဆောင်ရွက်ချက်များအား ဒုတိယဝန်ကြီး ဦးမော်သာထွေးနှင့် ကုမ္ပဏီအုပ်ချုပ်မှု ဒါရိုက်တာတို့က ရှင်းလင်းတင်ပြကြပြီး စီမံကိန်းဧရိယာအတွင်း လှည့်လည်ကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

ဘီလူးချောင်းပေါ်၌ ရေအားလျှပ်စစ်စက်ရုံသုံးရုံ တည်ဆောက်ထားရှိရာ ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်စက်ရုံကို ၁၉၅၄ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၈ မဂ္ဂါဝပ်စက်သုံးလုံးတပ်ဆင်ကာ ၁၉၆၀ ပြည့်နှစ်တွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့များသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးခဲ့သည်။

၁၉၇၀ ပြည့်နှစ်တွင် ဘီလူးချောင်းအပေါ်၌ မိုးဗြဲဆည်တည်ဆောက်ပြီး ၂၈ မဂ္ဂါဝပ် စက်သုံးလုံးထပ်မံတပ်ဆင်ကာ စုစုပေါင်း စက်ခြောက်လုံးဖြင့် စုစုပေါင်း ၁၆၈ မဂ္ဂါဝပ် ထုတ်လုပ်ပေးလျက်ရှိပြီး ၁၉၉၂ ခုနှစ်တွင် ဘီလူးချောင်း အမှတ်(၁) လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ၂၈ မဂ္ဂါဝပ်ဖြင့် စတင်လည်ပတ်ခဲ့သည်။

ဘီလူးချောင်း အမှတ်(၃) ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အနာဂတ်စွမ်းအားကုမ္ပဏီတို့ BOT စနစ်ဖြင့် ၂၀၀၈ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ၅၂ မဂ္ဂါဝပ်ဖြင့် စတင်လည်ပတ်ခဲ့ရာ ဘီလူးချောင်းပေါ်ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံ သုံးရုံမှ စုစုပေါင်း ၂၄၈ မဂ္ဂါဝပ်ဖြင့် နှစ်စဉ်ကီလိုဝပ်နာရီ သန်းပေါင်း ၁၇၂၄ ထုတ်လွှတ်ဖြန့်ဖြူးပေးလျက်ရှိသည်။

**(သတင်းစဉ်)**

---

*စာမျက်နှာ ၆ မှ*

**“မဲဆန္ဒရှင်တွေကတော့ လွှတ်တော်ကိုယ်စားလှယ်တွေကို ယုံယုံကြည်ကြည်နဲ့ ရွေးချယ်လိုက်တယ်။ ရွေးချယ်ပေးလိုက်တဲ့ မဲဆန္ဒရှင်တွေကိုတော့ မယုံကြည်သလို ဖြစ်နေတယ်။**”ဟု မဲဆန္ဒရှင်များ၏ တိုင်တန်းချက်များကို လွှတ်တော်ကိုယ်စားလှယ်အချို့ စိုးရိမ်နေကြခြင်းအပေါ် ဦးမြင့်နိုင်ကဆိုသည်။

**၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၇** တွင် **တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း၊ နုတ်ထွက်ခြင်း၊ အစားထိုး ရွေးချယ်တင်မြှောက်ခြင်း** ဟူ၍ပါဝင်ပြီး **ပြည်သူ့လွှတ်တော် ဥပဒေအမှတ်-၁၃အဖြစ် ပြည်သူများ ရွေးကောက်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း ဥပဒေကို ၁၉၇၅ ခုနှစ်တွင် ပြဋ္ဌာန်းနိုင်ခဲ့သည်။**

**မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဟူ၍ တစ်ပါတီစနစ်ကျင့်သုံးခဲ့သည့် ၁၉၇၀နှစ်လွန် ကာလများကပင် ပြည်သူများ ရွေးကောက်တင်မြှောက်သည့် ကိုယ်စားလှယ်များကို ပြန်လည်ရုပ်သိမ်းနိုင်သည့် ဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့သော်လည်း ယနေ့ကဲ့သို့ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးနေချိန် လွှတ်တော်သက်တမ်း ငါးနှစ်တာကာလအတွင်း “Right to Recall” ဥပဒေပြဋ္ဌာန်းနိုင်ခြင်း မရှိရသည့် အကြောင်းရင်းမှန်ကို ပြည်သူသို့ အဖြေပေးဖို့ လိုအပ်နေပြီဖြစ်သည်။**

ပြည်သူက ယုံကြည်စွာ ရွေးကောက်တင်မြှောက်လိုက်သော ပြည်သူ့ကိုယ်စားလှယ်များသည် ပြည်သူများ ယုံကြည်စေမည့် အရည်အချင်းများကို ဖော်ထုတ်ပြီး ပြည်သူများ၏ ယုံကြည်ထောက်ခံမှုကို ဆက်လက်ရယူနိုင်အောင် ကြိုးပမ်းကြမည်ဟု မျှော်လင့်မိပါကြောင်း။ ။

---

❒ *ကျောဖုံးမှ*

နွားဘူးတောင်ဘက်ကို ထွက်ခွာသွားကြတယ်။ အဲဒီ ကနေ နောက်တစ်နေ့ကျတော့ ရွှေနတ်ကယ်တောင်ဘက်ကို ပြန်ရောက်လာပြီးမှ ပျော်ဘွယ်မြို့နယ်ဘက်ကို ဦးတည်ထွက်သွားတယ် ကြားတယ်။ မနေ့ကတော့ မိတ္ထီလာဘက်မှာရောက်နေကြောင်း ကြားရပါတယ်” ဟု နတ်မောက်မြို့နယ် ရွှေနတ်ကယ်တောင်သာသနာပြုကျောင်းအနီး နေထိုင်သူ ဒေသခံတစ်ဦးဖြစ်သည့် ဒေါ်မိုးကပြောသည်။

မိတ္ထီလာမြို့နယ် ညောင်ပင်လှိုကျေးရွာအုပ်စု ဖက်တောကြီးကျေးရွာ ဖက်တောချောင်းအနီးတွင် နံနက် ၈ နာရီခန့်မှ ညနေ ၃ နာရီခွဲခန့်အထိ ၄င်း ဆင်ရိုင်းခြောက်ကောင် ရောက်ရှိနေထိုင်ခဲ့ပြီး ညနေ ၄ နာရီခန့်တွင် ဖက်တောကျေးရွာမြောက်ဘက် ယာခင်းအနီး ဖြတ်သန်းထွက်ခွာလာ၍ ယာခင်းပိုင်ရှင် တောင်သူ ဦးကျော့အောင်က ဆင်များကို ခဲပစ်ခြောက်လှန့်ခဲ့သည်။ ခဲပစ်ခြောက်လှန့်သူ ဦးကျော့အောင်အား ဆင်ရိုင်းတစ်ကောင်က ချော်နင်းပြီးနောက် ဆင်ရိုင်း ခြောက်ကောင်မှာ မလှိုင်မြို့နယ် ခင်သာ ကျေးရွာဘက်သို့ ရောက်ရှိလာခဲ့ကြောင်း မလှိုင်မြို့နယ် သစ်တောဦးစီးဌာနမှ တောခေါင်းဝန်ထမ်း ကိုသန်းဇော်က ပြောသည်။

“တောဆင်ရိုင်း ခြောက်ကောင် မိတ္ထီလာဘက်က မလှိုင်ဘက်ကို ဝင်ရောက်လာတာက မိုးကောင်းနဲ့ ခင်သာကျေးရွာဘက်က ဝင်ရောက်လာတာပါ။ ခင်သာကျေးရွာမှ မလှိုင်မြို့နယ်ထဲ ဝင်ပါတယ်။ ဩဂုတ် ၂၁ ရက် ညနေပိုင်းက စတင်ဝင်ရောက်လာတာမို့ ကျွန်တော်တို့ လိုက်သွားကြပါတယ်။ ခင်သာကျေးရွာက မိတ္ထီလာ ရေချိုကျေးရွာရဲ့ အနောက်မြောက်ဘက် သင်ပုန်းချောင်းတမံ အနောက်ဘက်မှာရှိတာပါ။ အဲဒီ ခင်သာကျေးရွာကနေ ရေဆင်းအတိုင်း ဆည်တိုကျေးရွာရဲ့ မြောက်ဘက်ကို ရောက်ရှိလာတာမို့ ဩဂုတ် ၂၂ ရက် နံနက်ပိုင်းကလည်း သူတို့သွားရာနောက်ကို ထပ်ကြပ်မကွာလိုက်ကြပါ တယ်။ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်လောက်ရောက်တော့ ဆည်တိုကျေးရွာ မြောက်ဘက်ကတစ်ဆင့် လယ်ပြားကျေးရွာအနီးကို ရောက်ရှိလာပြီး မလှိုင်၊ တောင်သာ၊ ကျောက်ပန်းတောင်းမြို့နယ် သုံးခုရဲ့နယ်စပ်ကို ရောက်လာကြပါတယ်။ အဲဒီအချိန်အထိ မလှိုင်မြို့နယ်မှ ဌာနဆိုင်ရာပေါင်းစုံက တာဝန်ရှိသူတွေ လိုက်လံကြည့်ရှုခဲ့ပြီး နောက်ဆုံး ဆင်ရိုင်း ခြောက်ကောင်က ကျောက်ပန်းတောင်းမြို့နယ်အတွင်းက ကမ္ဘားတဲကျေးရွာဘက်ကို ဦးတည် ထွက်ခွာသွားတာ တွေ့လိုက်ပါတယ်”ဟု တောခေါင်း ကိုသန်းဇော်က ပြောသည်။

မလှိုင်မြို့နယ်အတွင်း ကျေးရွာများအနီးမှ တောဆင်ရိုင်း ခြောက်ကောင် ဖြတ်သန်းသွားလာခဲ့သော်လည်း တောင်သူများစိုက်ပျိုးထားသော သီးနှံခင်းများ တစ်စုံတစ်ရာ ဖျက်ဆီးခြင်းမရှိဘဲ၊ ထိခိုက်ဒဏ်ရာရရှိသူလည်း မရှိကြောင်း သိရသည်။

---

*ကျောဖုံးမှ*

မန်ယူအသင်းသည် အိမ်ကွင်းတွင် ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ထိန်းချုပ်ကစားနိုင်ခဲ့ပြီး ဂိုးပေါက်ကန်သွင်းခွင့် ကိုးကြိမ်ရရှိခဲ့သည်။ နယူးကာဆယ်သည် တန်ပြန်တိုက်စစ်ဖြင့် ခြိမ်းခြောက်နိုင်ခဲ့ပြီး ဂိုးပေါက်ကန်သွင်းခွင့် သုံးကြိမ်ရရှိခဲ့သည်။ ပွဲပြီးချိန်တွင် နှစ်သင်းစလုံး ဂိုးမရရှိဘဲ သရေတစ်မှတ်စီသာ ကျေနပ်ခဲ့ရသည်။ မန်ယူအသင်းသည် ပွဲစဉ်(၃)အပြီး ရမှတ် ခုနစ်မှတ်ရရှိပြီး နယူးကာဆယ်မှာ နှစ်မှတ်သာ ရရှိထားသည်။ မန်ယူအသင်းသည် ပွဲစဉ်(၄)တွင် ဆွမ်ဆီးနှင့်တွေ့ဆုံမည်ဖြစ်ပြီး ဩဂုတ် ၃၀ ရက်(တနင်္ဂနွေနေ့ည) အဝေးကွင်းအနေဖြင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သီဟ-ရေးသည်**



အာဆီယံ အကောင်းဆုံးဘောလုံးအဖွဲ့ချုပ် ဆုကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်သို့ ပေးအပ်စဉ်။

❖ *ကျောဖုံးမှ*

အကောင်းဆုံး ဘောလုံးအဖွဲ့ချုပ်ဆုကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ ASEAN Goodwill ဆုကို ဆူလ်တန်ဟာဂျီ အာမက်ဆာဟာ၊ AFF အထူးဂုဏ်ပြုဆုကို ဒါတိုဆာရီ ပေါလ်မိုနီဆင်မြူရယ်၊ အကောင်းဆုံး စည်းကြပ်ဒိုင် (အမျိုးသမီး)ဆုကို နာဆရီ (စင်ကာပူ)၊ အကောင်းဆုံး စည်းကြပ်ဒိုင် (အမျိုးသား)ဆုကို အစ္စမေးလ်(မလေးရှား)၊ အကောင်းဆုံးဒိုင်လူကြီး (အမျိုးသမီး)ဆုကို ဂါဟာနီ(မလေးရှား)၊ အကောင်းဆုံး ဒိုင်လူကြီး(အမျိုးသား)ဆုကို အမီယူ (မလေးရှား)၊ အကောင်းဆုံး အမျိုးသမီးလက်ရွေးစင်အသင်းဆုကို ထိုင်းအသင်း၊ အကောင်းဆုံးအမျိုးသား လက်ရွေးစင်အသင်းဆုကို ထိုင်းအသင်း၊ အကောင်းဆုံး အမျိုးသမီး အသင်းနည်းပြဆုကို ဆာရာသောင်ဗီယင်(ထိုင်း)၊ အကောင်းဆုံး အမျိုးသား အသင်းနည်းပြဆုကို ကိုင်တီဆတ် (ထိုင်း)၊ အကောင်းဆုံးအမျိုးသမီး ကစားသမားဆုကို နီဆာ(ထိုင်း)၊ အကောင်းဆုံးအမျိုးသားကစားသမားဆုကို ချာနာသန်(ထိုင်း)၊ ၂၀၁၄ ဆူဇူကီးပြိုင်ပွဲ အကောင်းဆုံးဂိုးကို လီကောင်မင် (ဗီယက်နမ်)တို့က ရရှိကြသည်။ အကောင်းဆုံးအသင်း ရွေးချယ်သည့် ကစားသမားများတွင် မလေးရှား၊ ထိုင်းနှင့် ဗီယက်နမ်တို့မှ ကစားသမားများ ရွေးချယ်ခံခဲ့ရသည်။

အဆိုပါဆုပေးပွဲကို အာဆီယံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

နံနက်ပိုင်းတွင် အာဆီယံ ဘောလုံးအဖွဲ့ချုပ် ကောင်စီအစည်းအဝေးကိုကျင်းပခဲ့ရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်မှာ အာဆီယံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်ခြင်းခံရသည်။

**သတင်း-ညီမြတ်သော်တာ**

# နိုင်ငံတကာဘောလုံးပွဲများ အနိုင်အရှုံး ၂၂-၈-၂၀၁၅

## ပရီမီယာလိဂ်ပွဲစဉ် (၃)

| | | |
|---|---|---|
| ပဲလေ့စ် | ၂-၁ | အက်စ်တွန်ဗီလာ |
| လက်စတာ | ၁-၁ | စပါး |
| နော့ဝှစ်ချ် | ၁-၁ | စတုတ် |
| ဆန်းဒါးလန်း | ၁-၁ | ဆွမ်ဆီး |
| ဝက်စ်ဟမ်း | ၃-၄ | ဘုန်းမောက် |

## ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၂)

| | | |
|---|---|---|
| ရှော်လ်ကေး | ၁-၁ | ဒမ်စတက် |
| ဖရန့်ဖတ် | ၁-၁ | အော့စ်ဘတ် |
| ကိုလုံး | ၁-၁ | ဝုဖ်ဘတ် |
| ဟန်နိုဗာ | ၀-၁ | လေဗာကူဆင် |
| ဟော်ဖန်ဟိမ်း | ၁-၂ | ဘိုင်ယန်မြူးနစ် |

# ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၂**

ရေဘေးသင့်ဒေသများရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရေး ပြည်တွင်းလေကြောင်းလိုင်းများက လေယာဉ်များဖြင့် ဆက်လက်ပေးပို့လျက်ရှိသည်။

ပြည်တွင်းလေကြောင်းလိုင်းများဖြစ်သည့် ကမ္ဘောဇလေကြောင်း၊ မန်းရတနာပုံလေကြောင်းနှင့် တပ်မတော်လေယာဉ်တို့က ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်နှင့် ရခိုင်ပြည်နယ် စစ်တွေလေဆိပ်သို့ လေးခေါက်၊ မုန့်ကြွပ်၊ ရေသန့်ဆေး၊ အဝတ်အထည်၊ မိုးကာစ၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ ဒန်အိုးဒန်ခွက်၊ အစား အစာမျိုးစုံ၊ အမျိုးသမီးသုံးပစ္စည်း၊ ခြင်ထောင်၊ ဖျာနှင့် တိရစ္ဆာန်အစားအစာများကို ပေးပို့ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ပေါင်မြို့နယ် ဇင်းကျိုက်မြို့နှင့် ကျေးရွာအချို့၌ ရေကြီးမှုဖြစ်ပွား

**ပေါင် ဩဂုတ် ၂၂**

ပေါင်မြို့နယ် ဇင်းကျိုက်မြို့နှင့် ကျေးရွာအချို့၌ ဩဂုတ် ၂၂ ရက် နံနက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇင်းကျိုက်တောင်ကြောပေါ်မှ တောင်ကျရေများ တစ်ဟုန်ထိုးစီးဆင်းလာပြီး ဇင်းကျိုက်မြို့ အနိမ့်ပိုင်းလူနေရပ်ကွက်များ၊ ကျေးရွာအချို့နှင့် ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းမကြီးပေါ်၌ ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့သည်။ ရေလွှမ်းမှုကြောင့် အဝေးပြေးကားလမ်းမပေါ်တွင် ယာဉ်အသွားအလာများ ခေတ္တရပ်ဆိုင်းခဲ့ရသည်။

ရေလွှမ်းသည့်နေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ မော်တော်ယာဉ်နှင့် ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစေရေးအတွက် ကူညီဆောင်ရွက်ပေးကြသည်။ ရေလွှမ်းမှုကြောင့် လူနှင့်တိရစ္ဆာန်များ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# သရက်မြို့နယ် ပိတောက်ပင်ရေနံမှော်မီးလောင်မှုဖြစ်ပွား

**သရက် ဩဂုတ် ၂၂**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ပိတောက်ပင်အုပ်စု ပိတောက်ပင်ကျေးရွာအနီး ပိတောက်ပင်ရေနံမှော်တွင် ဩဂုတ် ၂၁ ရက် နံနက် ၈ နာရီ ၃၅ မိနစ်ခန့်က မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ သရက်မြို့နှင့် ကိုးမိုင်ခန့်ကွာဝေးသော ပိတောက်ပင်ရေနံမှော်တွင် ပိတောက်ပင်ကျေးရွာမှ ဦးပုချို(ခ)ဦးစိုးနိုင်ပိုင်ဆိုင်သော ယာမြေတွင် (ပခုက္ကူမြို့နယ် ကမ္ဘတိုက်နယ်)မှ ဦးစိုးမြင့်ပိုင်ဆိုင်သည့် ရေနံကျင်းတွင် ဆီးခပ်လုပ်သား မိုးဝင်းသည် ရေနံခပ်ရန်အတွက် တရုတ်နီအင်ဂျင်စက်(၂၂)ကောင်ကို စက်နှိုးစဉ် အိတ်ဇောပိုက်မှထွက်သောမီးဖြင့် မီးစက်ထားသည့် လူနေထိုင်သော ၁၂ ပေပတ်လည် သက်ငယ်မိုး ဝါးထရံကာ မြေစိုက်တဲသို့ ကူးစက်၍ စတင်မီးလောင်ကျွမ်းခဲ့သည်။

မီးလောင်မှုကြောင့် အသုံးပြုလျက်ရှိသော (၂၂) ကောင် တရုတ်နီအင်ဂျင်စက်နှင့် ကလပ်ခုံတစ်ခုံ၊ အသုံးမပြုတော့သည့် တရုတ်နီအင်ဂျင်စက် လေးလုံး၊ ဒိုင်နမိုတစ်လုံး၊ ကွန်ပရက်ဆာတစ်လုံး၊ ရေနံစိမ်းများထည့်ထားသည့် ဆီပီပါသုံးလုံးတို့ ဆုံးရှုံးခဲ့သည်။

မီးစက်နှိုးသူ မိုးဝင်းတွင် မီးအပူဟပ်ကာ ဒဏ်ရာများရရှိခဲ့၍ သရက်ခရိုင် ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူလျက်ရှိသည်။

မီးလောင်နေရာသို့ ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးမြင့်နိုင်ထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ မီးသတ်ယာဉ်သုံးစီး၊ သရက်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအုန်းဟန်ဦး၊ စခန်းမှူး ဒုရဲမှူးကျော်ငွေး၊ တာဝန်မှူး ရဲအုပ် ကျော်လင်းထွန်းနှင့် ရဲတပ်ဖွဲ့ဝင် ၁၀ ဦး၊ ရွာသူ ရွာသား ၃၀ ခန့်တို့က ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကာ နံနက် ၉ နာရီတွင် မီးငြိမ်းသွားခဲ့သည်။ မီးပေါ့ဆစွာအသုံးပြုသူ မိုးဝင်းကို ဥပဒေအရ သရက်မြို့မရဲစခန်းက ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**


**ကယားပြည်နယ်တွင်ဟိုတယ်လုပ်ငန်း လုပ်ကိုင်လိုသူများအတွက်သတင်းကောင်း**

မြို့တော်လွိုင်ကော်မြို့လယ်ရှိ ဘီလူးချောင်းကြီးနံဘေး အလွန်ရှုခင်းသာယာလှပသော (၂)ဧက အကျယ် မြေကွက်ကိုဟိုတယ်ဆောက်လုပ်လိုသူများအားချိုသာသောဈေးနှုန်းဖြင့် အမြန်ရောင်းပါမည်။

ဖုန်း ၀၉-၂၆၁၄၄၇၀၂၉၊ ၀၉-၅၃၇၂၃၇၀၊ ၀၉-၂၅၄၃၃၁၆၄၇
၀၉-၃၆၄၄၉၃၆၃၊ ၀၉-၅၁၁၃၈၆၃၊ ၀၉-၇၃၁၇၉၉၉၄

MICO
ကမ္ဘာတည်သရွေ့
အလှူမင်္ဂလာ၊လက်ဆောင်...ဘယ်မှာသုံးသုံးအကောင်းဆုံး
**T-SHIRT= 650Ks**
ကွန်ပျူတာ ပန်းထိုး၊ တံဆိပ်ရိုက်လုပ်ငန်း
09-5043007,09-5141086,09-8645550,09-73244061


**အမည်မှန်**

လားရှိုးမြို့၊ အထက (၆) ပဋ္ဌမတန်း(ဃ)မှ မစန်းစန်းမော်၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မစမ်းစမ်းမော် ဖြစ်ပါသည်။

**မိဘအမည်မှန်**

သာကေတမြို့နယ်၊ အထက (၃) ပဋ္ဌမတန်း(B)မှ မနန္ဒာလင်း၏ မိဘအမည်မှန်မှာ ဦးမြင့်နိုင်-ဒေါ်အေးအေးမော် ဖြစ်ပါသည်။

**ဦးမြင့်နိုင်-ဒေါ်အေးအေးမော်**

**ဖခင်အမည်မှန်**

ကန့်ဘလူမြို့နယ်၊ ဇီးကုန်း အထက နဝမတန်း(H)မှ မခိုင်ဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးဌေးဝင်း ၅/ကဘလ(နိုင်)၁၃၂၂၉၀ ဖြစ်ပါကြောင်း။

**ဦးဌေးဝင်း**

## အများသိစေရန်ကြေညာခြင်း

သန်လျင်မြို့၊ အောင်ချမ်းသာတိုးချဲ့ကွက်သစ် မြေကွက်အမှတ် (L-၁၇၁)၊ ဒေါ်သန်းအေး စလစ်အမည်ပေါက် ပေ (၄၀×၆၀)ခြံမြေအား ၁၂/ဗတထ(နိုင်)၀၀၇၃၁၅ကိုင်သူ ဒေါ်မြတ်မြတ်စိုးမှ ဝယ်ယူလက်ရှိထား ပိုင်ဆိုင်ခဲ့ပြီး ယင်းခြံမြေ၏ စလစ်၊ ပြေစာ၊ အကြောင်းကြားစာ၊ ၁၀၅ မြေပုံမူရင်းတို့ကို တစ်ရပ်ကွက်တည်းနေ ထက်ထက်လင်းဆိုသူမှ ယုံကြည်အောင် ပြောဆိုပြီး ဒေါ်မြတ်မြတ်စိုးထံမှ ရယူသွားပြီး အလွဲသုံးစားပြုခဲ့သည်။ အဆိုပါစာရွက်စာတမ်းမူရင်းများ လက်ခံရယူထားသူသည် ကြော်ငြာပါသည့် ခုနစ်ရက်အတွင်း ကျေးဇူးပြု၍ ပြန်လည် ပေးအပ်ပေးပါရန်နှင့် ပြန်လည်ပေးအပ်ခြင်းမရှိဘဲ လက်ခံထားသူ ပေါ်ပေါက်လာပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြတ်မြတ်စိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်တင်တင်လှ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၉၆၆၀)**
**ဖုန်း-၀၉-၄၃၀၇၃၄၂၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၄/အသံအနံ့)၊ စက်မှု (၄)လမ်း၊ မြေကွက်အမှတ် (၃၂၉)ဟု ခေါ်တွင်သော ဒေါ်ကြည်ကြည်မြင့်အမည်ပေါက် ရရှိထားသည့်ပါမစ်မြေအမျိုးအစားမြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုထားသူ ဒေါ်မေလှိုင် ၁၃/သနန(နိုင်) ၀၂၈၁၉၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးထင်လင်းနိုင် LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၁၁၂)**
**ရုံး-တိုက် (၉/၁၁)၊ အခန်းအမှတ် (005-B)၊**
**၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၃၉၃၀၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (အပိုင်း-၃)၊ လူနေရပ်ကွက်အမှတ် ( စက်မှုဇုန် )၊ မြေကွက်အမှတ် (၉/က)၊ (၁၂၂ပေ × ၃၃၇ပေ) ( ၄၁၁၁၄ - စတုရန်းပေ ) (၀.၉၄၄ ဧက) အကျယ်အဝန်းရှိ ဦးအိကြို(ခ)အိုက်ပွဲ (၉ /မမန (နိုင်) ၀၇၄၉၈၀) ကိုင်ဆောင်သူ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးအိကြို(ခ)အိုက်ပွဲထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| ဦးခင်မောင်ဦး | ဦးထိန်လင်းသန်း |
|---|---|
| LL.B, D.B.L, D.I.L, Dip.CA, WIPO | LL.B, D.B.L, D.I.L, D.M.L, WIPO |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂) |

**Hein Htet San Law Firm**

အမှတ် (၁၀၅၊၁၀၇) ၊ အနော်ရထာမြင်းပြိုင်ကွင်းလမ်း၊ (ဦးချစ်မောင်အိမ်ရာရှေ့)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉၅၅၀၆၁၄၆ ၊ ၀၉၄၅၀၀၁၇၁၃၆

# ပထမတန်းလက်ဝှေ့သမားများ ထွက်ပေါ်ရေးအတွက် မျိုးဆက်သစ်ရိုးရာ လက်ဝှေ့ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၂**

မျိုးဆက်သစ် Myanmar Fight မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကို ဩဂုတ် ၂၃ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူအားကစားရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မျိုးဆက်သစ်သုံးချီစိန်ခေါ်ပွဲများတွင် သီဟအောင်(ရွှေသောင်းရင်း)နှင့်ကိုကိုအောင်(မုဒုံသား)၊ ဝင်းခိုင်(ဟံသာဝတီသား)နှင့် ရဲမင်းလတ်(ရွှေသောင်းရင်း)၊ ဝီရ(ဇာတိမာန်)နှင့်အေးထွန်း (ဟံသာဝတီသား)၊ ထွန်းလင်းအောင် (ဟံသာဝတီသား) နှင့် ဥဒေါင်းမင်း(ထွန်းထွန်းမင်း)၊ မိုးမခ(မုဒုံသား)နှင့် လင်းလင်းအောင် (ဟံသာဝတီသား)တို့ဖြစ်ပြီး လေးချီစိန်ခေါ်ပွဲ၌ လွမ်းချိုင်း(ငြိမ်းချမ်းရေး) နှင့် ရဲမာန်စိန်(ဇာတိမာန်)၊ တိမ်တိုက်(မုဒုံသား)နှင့်သိန်းစိုး (T&T) တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးပြီး မြန်မာမီဒီယာဂရု(ပ်)ကစီစဉ်ကာ လက်ဝှေ့ဝါသနာရှင်များ အခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ဒီဇင်ဘာပထမပတ်တွင် မြန်မာမီဒီယာဂရု(ပ်)က စီစဉ်မည့် မြန်မာပြည် ချန်ပီယံ ထွန်းထွန်းမင်းနှင့် ဆိုင်းရပ်စ်(အမေရိကန်)တို့ပွဲကို ရန်ကုန်မြို့ သိမ်ဖြူအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။ ဆိုင်းရပ်စ်သည် ထွန်းထွန်းမင်းနှင့် သူတစ်ပြန်ကိုယ်တစ်ပြန် အလဲထိုးဖြင့် တစ်ပွဲစီနိုင်ထားပြီး တူးတူးနှင့် ပဝါမကူ ရေမရှူ တမ်းပြိုင်ပွဲတွင် အရှုံးအနိုင်မပေါ်ဘဲ ပူးတွဲသရေကျထားသည်။

**တင်စိုး(မြန်မာ့အလင်း)**

# ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးရန်ပုံငွေ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ကျားပေါက်က မိုက်ရိုင်းကို သုံးချီတွင် အနိုင်ရရှိ

**မန္တလေး ဩဂုတ် ၂၂**

"ရေဘေးသင့်သူ လက်တွဲကူဖြူစင်စိတ်ထား မြန်မာ့ရိုးရာလက်ဝှေ့သမား" များ၏ ရေဘေးသင့်ပြည်သူများဘဝ ပြန်လည်ထူထောင်ရေးအတွက် (စွမ်းကေကေ)ဦးသောင်းရွှေ စီစဉ်သည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ဩဂုတ် ၂၁ ရက် ညနေ ၆ နာရီက မန္တလေးမြို့ ၇၃ လမ်း၊ မင်္ဂလာမန္တလေး ချမ်းမြသာစည်မြို့နယ်၌ စည်ကားစွာ ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် ကလေးသုံးချီပွဲ၊ လေးချီပွဲ၊ ငါးချီစိန်ခေါ်ပွဲများပါဝင်ပြီး ပွဲစဉ်တိုင်း ပရိသတ်အကြိုက်တွေ့သည့်ပွဲစဉ်များဖြစ်သည်ကို တွေ့ရသည်။ အထူးသဖြင့် မျိုးဆက်သစ်ကလေးတွဲဆိုင်း သုံးဆိုင်းကလည်း မျိုးဆက်သစ်ဖော်ထုတ်လေ့ကျင့်ရေးဖြစ်သည့်အတွက် အထူးအားရစရာကောင်းသလို အနိုင်မခံအရှုံးမပေး စိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်သွားသည်ကို တွေ့ရသည်။

ကလေးသုံးချီ ပွဲများတွင် အောင်ကျော်ပိုင်(စွမ်းကေကေ)နှင့် ရှမ်းကြီး(ဂေါဝိန်)၊ သူရဆင် (စွမ်းကေကေ)နှင့် ချန်ပီယံ၊ ဟိန်းသူ ရဇော် (စွမ်းကေကေ)နှင့် ငမန်းလေး (စစ်ကိုင်း)တို့ သုံးတွဲစလုံး အလူးအလဲဖြင့် ပူးတွဲသရေကျသည်။

လေးချီပွဲများတွင် သူရလိပ် (စွမ်းကေကေ) က ဇွဲသတ္တိ(စစ်ကိုင်း) ကို တတိယအချီတွင် လည်းကောင်း၊ စွမ်းထက်နိုင် (စွမ်းကေကေ)က မိုးကြိုးမာန် (ရဲမာန်-ကောလင်း)ကို စတုတ္ထအချီတွင် လည်းကောင်း အနိုင်ရရှိသည်။

ငါးချီစိတ်ခေါ်ပွဲများတွင် ဇော်ချစ်အောင် (စွမ်းကေကေ) နှင့် ၂၀၁၅ ခုနှစ် ရွှေခါးပတ်ချန်ပီယံ စောဖြိုးဝေ (အဖြူရောင်သွေးသစ်) တို့ ပူးတွဲသရေကျသည်။ ၂၀၁၅ ခုနှစ် ရွှေခါးပတ်ချန်ပီယံ ရဲသွေးနီ(တောင်ကလေး) က ဒဂုံရွှေအောင်လံဆုရှင် ရဲမြတ်အောင် (အဖြူရောင်သွေးသစ်)ကို ဒုတိယအချီတွင် အနိုင်ရရှိသည်။ ဗိုလ်စိုးအောင် (စွမ်းကေကေ) က နေရှုဘီ (အဖြူရောင်သွေးသစ်) ကို ပထမအချီတွင် အနိုင်ရရှိသည်။

နေနေ(စွမ်းကေကေ)နှင့် ထွန်းနိုင်ဦး (အဖြူရောင်သွေးသစ်) တို့ ပူးတွဲသရေကျသည်။ ထွန်းနိုင်ဦးက စီး၍ကစားသွားသည်။ ကျားပေါက် (ရွှေသောင်းရင်း) က ၂၀၁၅ ရွှေခါးပတ်ချန်ပီယံ မိုက်ရိုင်း(ရွှေဖူး)ကို တတိယအချီတွင် အနိုင်ရရှိသည်။ ပွဲစဉ်အားလုံး ခြုံကြည့်လျှင် ပွဲစဉ်တိုင်းကောင်းပြီး ပရိသတ်စိတ်တိုင်းကျ၍ လက်ဝှေ့ပွဲကြီး ပွဲကောင်းဖြစ်သည်ကို တွေ့ရှိခဲ့သည်။

**ခင်ခင်ဝင်း(ပညာရေး)**

# တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်သူများအား ပြန်လည်လွှဲပြောင်းပေးအပ်

**လားရှိုး ဩဂုတ် ၂၂**

တရုတ်နိုင်ငံတွင် တရားမဝင်သွားရောက် အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသား အမျိုးသား ၇၉ ဦး၊ အမျိုးသမီး ၁၁ ဦး၊ စုစုပေါင်း ၉၀ တို့အား ဩဂုတ် ၁၉ ရက်က တရုတ်နိုင်ငံ ရွှေလီရဲတပ်ဖွဲ့တာဝန်ခံ Ms. Moe Li Fan နှင့်အဖွဲ့က မြန်မာနိုင်ငံ မူဆယ်မြို့ နန်းတော်စစ်ဆေးရေးဂိတ်မှတစ်ဆင့် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ မြန်မာနိုင်ငံသား ၉၀ တို့အား ဌာနဆိုင်ရာအကြီးအကဲများမှ နှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော်ကိစ္စရပ်များနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး မူလနေရပ်များသို့ ပြန်လည်ထွက်ခွာနိုင်ရေးအတွက် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးအဖွဲ့နှင့် လူမှုကူညီရေးအသင်းတို့က စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇော်လွင်(လားရှိုး)**

# သံတွဲမြို့နယ်၌ မြစိမ်းရောင်ရန်ပုံငွေများပေးအပ်

**သံတွဲ ဩဂုတ် ၂၂**

ရခိုင်ပြည်နယ် သံတွဲခရိုင် သံတွဲမြို့နယ်အတွင်း၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာ ၁၃ ရွာသို့ မြစိမ်းရောင်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီက ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

သံတွဲခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးဦး၊ ခရိုင်/မြို့နယ် မြစိမ်းရောင်စီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဝင်များက မြစိမ်းရောင်ရန်ပုံငွေရရှိသည့် ကျေးရွာတို့ကို တစ်ရွာ လျှင် မြစိမ်းရောင်ချေးငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် ကျေးရွာ ၁၃ ရွာအတွက် လွှဲပြောင်းပေးအပ်ရာ သက်ဆိုင်ရာ မြစိမ်းရောင် ရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌများက လက်ခံယူကြသည်။ **(ခရိုင် ပြန်/ဆက်)**

# ချောင်းရေနှင့် မျောပါသွားသူနှစ်ဦးအနက် တစ်ဦးအား သေဆုံးလျက်တွေ့ရှိ

**မိုးမောက် ဩဂုတ် ၂၂**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့၏အရှေ့ဘက် နှစ်မိုင်ခန့်အကွာ ကျောက်စခန်းကျေးရွာရှိ ကျောက်စခန်းအပန်းဖြေစခန်း (STONE VILLAGE) နန့်ကျရီချောင်းအတွင်း၌ ကွန်ပျူတာတက္ကသိုလ်ကျောင်းသားတစ်ဦးနှင့် ဗန်းမော်တက္ကသိုလ်ကျောင်းသူတစ်ဦးတို့ အားလွန်ချော်ကျရာမှ တစ်ဦးမှာရေနစ်သေဆုံးပြီး အခြားတစ်ဦးမှာ ဆက်လက်ရှာဖွေနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၁ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ က မောင်ကျော်လင်း နိုင် (၁၈ နှစ်) ပထမနှစ် ဗန်းမော်ကွန်ပျူတာတက္ကသိုလ်နှင့် မစုမြတ်မွန် (၁၉ နှစ်) တတိယနှစ် ရူပဗေဒ ဗန်းမော်တက္ကသိုလ်တို့နှစ်ဦးသည် မိုးမောက်မြို့၏ အရှေ့ဘက်နှစ်မိုင်ခန့်အကွာ ကျောက်စခန်းကျေးရွာရှိ ကျောက်စခန်းအပန်းဖြေစခန်း (STONE VILLAGE) နန့်ကျရီချောင်းအတွင်း၌ ရှိနေကြစဉ် မစုမြတ်မွန်မှာ ကျောက်တုံးပေါ်မှ ခြေထောက်ရေဆေးစဉ် အားလွန်ချော်ကျခဲ့ကြောင်း၊ ကျောက်တုံးပေါ်တွင် အတူရှိနေသူ မောင်ကျော်လင်းနိုင်က ဆင်း၍ဆယ်ယူစဉ် မစုမြတ်မွန်၏နှင့် မောင်ကျော်လင်းနိုင်တို့မှာ နန့်ကျရီချောင်းအတွင်းမျောပါသွားကြောင်း STONE VILLAGE အပန်းဖြေစခန်း မန်နေဂျာ ဦးသိန်းငွေးက ကျောက်စခန်းရဲကင်းရှိ ရဲတပ်ကြပ် ဟိန်းလတ်ထွေး၊ ကျောက်စခန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းဖေတို့ထံ လာရောက်အကြောင်းကြားသဖြင့် ရဲတပ်ကြပ် ဟိန်းလတ်ထွေးက မိုးမောက်မြို့မရဲစခန်းတာဝန်မှူး ဒုရဲအုပ်စိုင်းဝေယံဦးထံ ဖုန်းဖြင့် ဆက်သွယ်သတင်းပေးပို့ခဲ့သည်။

မိုးမောက်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မောင်ငယ်၊ မြို့မရဲစခန်းမှူး ဒုရဲမှူးခင်မောင်ထွေးနှင့်တပ်ဖွဲ့ဝင်များသည် ကျောက်စခန်းကျေးရွာသူ ကျေးရွာသားများနှင့်အတူ အခင်းဖြစ်နေရာသို့ သွားရောက်၍ ရေနှင့်မျောပါသွားသူများကိုရှာဖွေခဲ့ရာ မစုမြတ်မွန်၏အလောင်းအား ရှာဖွေတွေ့ရှိခဲ့သဖြင့် မိုးမောက်ပြည်သူ့ဆေးရုံသို့ ရဲဆေးစာနှင့်အတူ ပေးပို့ခဲ့သည်။

ဩဂုတ် ၂၂ ရက် နံနက် ၈ နာရီခန့်တွင် ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့၊ မိုးမောက်မြို့နယ်ရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များ၊ ရွာသူ/ရွာသူများနှင့် ရေငုပ်ကျွမ်းကျင်သူများက ရေနောက်မျောပါ ပျောက်ဆုံးနေသူ မောင်ကျော်လင်းနိုင်ကို တွေ့ရှိရေး ဆက်လက်ရှာဖွေလျက်ရှိသည်။ **ဆီမီးခုံ-နန်းရီ**


## CLAIMS DAY NOTICE
## M.V OCEAN GEM VOY: NO-002)

Consignees of cargo carried by MV. OCEAN GEM VOY: NO 002 are here by notified that the vessel will arrive on about 25-8-2015 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့်သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADINGများ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

### ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ ညောင်အိုင် အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မခိုင်နှင်းဝေနှင့် တတိယတန်းမှ မောင်နိုင်ထက်ဦးတို့၏ ဖခင်အမည်မှန်မှာ ဦးမျိုးသန့် ၅/ကဘလ(နိုင်)၂၀၁၇၉၉ဖြစ်ပါသည်။ **ဦးမျိုးသန့်**

### တစ်ဦးတည်းဖြစ်ကြောင်း

ကန့်ဘလူမြို့နယ်၊ ငှက်ပျောတိုင်းကျေးရွာနေ ဦးဘိုဖြူ၏သား ဦးမောင်မြင့်နှင့် ဦးခင်မောင်မြင့် ၅/ကဘလ(နိုင်) ၀၇၂၂၄၃သည် တစ်ဦးတည်းဖြစ်ပါသည်။
**ဦးမောင်မြင့်(ခ)ဦးခင်မောင်မြင့်**

### ဖခင်အမည်ပြောင်း

မှတ်ပုံတင်အမှတ် ၃/ကကရ(နိုင်) ၁၆၃၃၂၃ကိုင်ဆောင်သူ မိခိုင်သဇင်မွန် စတုတ္ထနှစ်၊နည်းပညာတက္ကသိုလ်၊ဘားအံ၏ ဖခင် မင်းထွန်းလေးအား ဦးထွန်းကလေး ၃/ကကရ(နိုင်)၁၃၀၆၉၃ဟု ပြောင်းလဲခေါ်ဆိုပါရန်။

### ဖခင်အမည်မှန်

တောင်သာမြို့နယ်၊ ရုံးစဉ်ကြီးကျေးရွာအုပ်စု၊ ဘူတာရပ်ကွက်နေ တက္ကသိုလ်ဝင်တန်း အောင်ပြီးသူ မကေသွယ်ဦး၏ ဖခင်အမည်မှန်မှာ ဦးမင်း(ခ)ဦးဆန်းမင်း ၉/မခန(နိုင်)၀၈၁၁၈၈ ဖြစ်ပါကြောင်း။

### ကုန်အမှတ်တံဆိပ်မူပိုင်ဖြစ်ကြောင်း သတိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်(၁)၊ (၇)လမ်း၊ အမှတ်(၄၂/၁၀၈-က)နေ ဦးအောင်ကျော်ဦး ၁၂/လသန(နိုင်)၀၁၅၃၄၅ သည် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမှတ်အသားကို စာချုပ်အမှတ်(၄/၁၁၂၅၆/၂၀၁၅) ဖြင့် ၁၄-၈-၂၀၁၅ ရက်တွင် တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်ထားခဲ့ပြီးဖြစ်ပါသည်။



**စာချုပ်အမှတ် ၄/၁၁၂၅၆/၁၅**

အထက်တွင်ရိုက်နှိပ်ဖော်ပြထားသော ရဲရဲကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် စားသောက်ကုန်ပစ္စည်းအမျိုးမျိုးတို့ကို ထည့်သွင်းသော ပလတ်စတစ်အိတ်အမျိုးမျိုး၊ ပလတ်စတစ်ဘူး၊ စက္ကူပုတ်၊ စက္ကူရွက်၊ စက္ကူပုံး၊ စက္ကူဘူး၊ စက္ကူအိတ်၊ ပုလင်း၊ သတ္တုဘူး၊ ပါဆယ်ထုပ်နှင့် ကုန်သေတ္တာတို့အပေါ်တွင် အထက်ဖော်ပြပါ ရဲရဲကုန်အမှတ်တံဆိပ်အမည်အမှတ်အသားတို့ကို ကပ်နှိပ်၊ ဖိနှိပ်၊ ရိုက်နှိပ်၍ လည်းကောင်း၊ အသားတံဆိပ်ပြုလုပ်ပြီး အရောင်အမျိုးမျိုး၊ အရွယ်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးပြုလုပ်ပြီး ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ချိသုံးစွဲသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ရဲရဲကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို တစ်စိတ်တစ်ဒေသကိုလည်းကောင်း၊ သွယ်ဝိုက်၍လည်းကောင်း၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ သံတူကြောင်းကွဲ၊ ဆင်တူယိုးမှား အတုပြုလုပ်သုံးစွဲခြင်းမပြုလုပ်ရန်နှင့် အကယ်၍ လိုက်နာခြင်းမပြုပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးခင်ဝင်း**
**B.A,H.G.P., R.L.,D.B.L, D.I.L, D.M.L**
**MPA,M.A (Business Law), PGDIT (New Delhi),D.Jap, WIPO; DL 101**
**အထက်တန်းရှေ့နေ**
**အမှတ်(၆၇) ပထမထပ်၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၀၈၅၈၃၊ ၀၉-၅၁၇၄၂၂၉**

### ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ အထက (၁)၊ ဆဋ္ဌမတန်း (B)မှ မောင်ထိုက်ခန့်သူ၏ ဖခင်အမည်မှန်မှာ ဦးမင်းခိုင် ၅/ကဘလ(နိုင်)၁၅၂၇၉၉ ဖြစ်ပါသည်။ **ဦးမင်းခိုင်**

**ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန**
**ဧရာဝတီတိုင်းဒေသကြီး**
**ခုတင်(၂၀၀)ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင် ကုသရေးဦးစီးဌာန၊ ခုတင် (၂၀၀)ပြည်သူ့ဆေးရုံကြီးတွင် သုံးစွဲရန်အတွက် လိုအပ်သော ဓာတ်မှန်နှင့်ဓာတ်ခွဲခန်းသုံး ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါဖြင့် ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ** - ၂၇-၈-၂၀၁၅ ရက်
**စတင်ရောင်းချမည့်ရက်**
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၀-၉-၂၀၁၅ ရက်၊ ညနေ ၄း၀၀နာရီ

၃။ တင်ဒါ စည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းများ အသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**ခုတင်(၂၀၀)ဆေးရုံအုပ်ကြီးရုံး၊ မြောင်းမြမြို့**
**ဖုန်း-၀၄၂-၇၀၄၉၂**

**ကရင်ပြည်နယ်ဥပဒေချုပ်ရုံး**
**ဝန်ထမ်းနေအိမ် အုတ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းအတွက်**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ် ဥပဒေချုပ်ရုံး၊ ဝန်ထမ်းနေအိမ် ၄၀၄ပေ အုတ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်းဆောက်လုပ်ရေးကုမ္ပဏီများသည် သတ်မှတ်စည်းကမ်းများနှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကရင်ပြည်နယ် ဥပဒေချုပ်ရုံးသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

(က) **တင်ဒါရောင်းချမည့်ရက်** - ၂၈-၈-၂၀၁၅ ရက်
(ခ) **တင်ဒါတင်သွင်းမည့်နေရာ** - ကရင်ပြည်နယ်ဥပဒေချုပ်ရုံး၊ ဘားအံမြို့
(ဂ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၁-၉-၂၀၁၅ ရက် ညနေ ၄း၃၀ နာရီ
(ဃ) **တင်ဒါဖွင့်မည့်ရက်နှင့်နေရာ** - ၁၅-၉-၂၀၁၅ရက်၊ ကရင်ပြည်နယ်ဥပဒေချုပ်ရုံး


**တင်ဒါစိစစ်ကြီးကြပ်ရေးကော်မတီ**
**ကရင်ပြည်နယ်ဥပဒေချုပ်ရုံး**
**ဖုန်း-၀၅၈-၂၁၂၂၁၊ ၀၅၈-၂၁၁၃၇**

အ ပြ ာ ရော င် က မ္ဘ ည် း များ ရဲ့ ရာ ဇ ဝ င်

# ကိုလိုနီခေတ်ဦးမှသည် ယနေ့တိုင် သက်ဝင်လှုပ်ရှားဆဲ ရန်ကုန်စာတိုက်ကြီး

■ သတင်းဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ- YHT

**ရှေးယခင်ကာလက တစ်မြို့နှင့်တစ်မြို့၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဆက်သွယ်ကြရာတွင် မြင်းလျှင်တော်၊ ခြေလျင်တော်၊ လှေလျှင်တော်နှင့် စာပို့ငှက်ငယ်လေးများကို အသုံးပြုခဲ့ဖူးကြသည်။ ဆက်သွယ်သွားလာရန်ခက်ခဲသည့်ကာလတွင် သတင်းပါးရခြင်းသည် အလွန်ပင်ခက်ခဲခဲ့ကြောင်း မှန်နန်းရာဇဝင်တော်ကြီးတွင် ဖတ်ရှုခဲ့ဖူးသည်။**



၁၈၅၄ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည့် ရန်ကုန်စာတိုက်ကြီး။

လူသားတို့၏ သမိုင်းအဆင့်ဆင့် ပြောင်းလဲတိုးတက်လာပြီးနောက် မြန်မာနိုင်ငံတွင်လည်း ဗြိတိသျှကိုလိုနီတို့၏ ပထမကျူးကျော်စစ်ကာလ ၁၈၂၇ ခုနှစ်တွင် ပထမဆုံးစာတိုက်ကို စစ်တွေမြို့တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ အဓိက ဆက်သွယ်ရေးမှာ အင်္ဂလိပ်တို့သိမ်းပိုက်ထားသည့် မြန်မာနိုင်ငံတောင်ပိုင်းစွန်းနှင့် ကိုလိုနီနိုင်ငံများအချင်းချင်း ပေးပို့နိုင်ရန်အတွက် ရည်ရွယ်ခဲ့ပုံရသည်။ ထို့နောက် ၁၈၅၂ ခုနှစ်သို့ ရောက်သောအခါ မြန်မာနိုင်ငံ၏ ဒုတိယမြောက်စာတိုက်ဖြစ်သော ပဲခူးစာတိုက်ကို အင်္ဂလိပ်တို့က ဖွင့်လှစ်ခဲ့ပြီး ၁၈၅၄ ခုနှစ်တွင် ကမ်းနားလမ်းနှင့် ၃၂ လမ်းထောင့်တွင် ရန်ကုန်စာတိုက်ကြီးကို စတင်ဖွင့်လှစ်နိုင်ခဲ့သည်။

အရှေ့တိုင်းသားတို့အကြိုက် စုလစ်မွမ်းချွန်များကို သံတို့ဖြင့်တန်ဆာဆင်ထားပြီး အနုသုခုမလက်ရာမြောက် ရန်ကုန်စာတိုက်ကြီးမှာ ၁၉၃၀ ပြည့်နှစ်တွင် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရပြီးနောက် ယခုလက်ရှိ ဗိုလ်အောင်ကျော်လမ်းနှင့် ကမ်းနားလမ်းထောင့်တွင်ရှိသည့် Bulloch Brothers & Co ကုန်သွယ်လုပ်ငန်းရုံးနေရာတွင် ယနေ့မြင်တွေ့ရသည့် ရန်ကုန်စာတိုက်ကြီးကို ၁၉၃၀ ပြည့်လွန်နှစ်တွင် ပြန်လည်ဖွင့်လှစ်ထားခဲ့ခြင်းဖြစ်သည်။

ရန်ကုန်စာတိုက်ကြီးသည် ကမ်းနားလမ်းနှင့် ဗိုလ်အောင်ကျော် လမ်းထောင့်တွင် တည်ရှိပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ရှေးဟောင်းအမွေအနှစ်အဆောက်အအုံများစာရင်းဝင် အဆောက်အအုံတစ်ခုလည်း ဖြစ်သည်။

"ဗိသုကာလက်ရာတွေကတော့ အံ့မခန်းကို လှပသေသပ်ပါတယ်။ ဂေါ့သ်လက်ရာပြတင်းပေါက်တွေဟာ ယနေ့အထိ ရာသီဥတု၊ လုပ်ငန်းအခြေအနေနဲ့ ဝင်ထွက်သွားလာနေကြတဲ့ လူတွေအားလုံးကို အကျိုးဝင်စေပါတယ်" ဟု ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ တည်ထောင်သူနှင့် ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာသန့်မြင့်ဦးက ဆိုထားပြီး အဆောက်အအုံ အရှေ့ဆင်ဝင်အောက်နှင့် အဝင်ခန်းမ တစ်ဖက်တစ်ချက်ဆီတွင် တပ်ဆင်ထားသည့် သံလှေကားကြီးနှစ်ခုကို ရှေးခေတ်စာတိုက်တစ်ခု၏ အရေးပါမှုအဖြစ် မြင်တွေ့ရကြောင်း ပြောကြားသည်။


ထို့ပြင် အဆိုပါစာတိုက်ကြီးသည် ကိုလိုနီခေတ် ရန်ကုန်မြို့၏ အထင်ကရ ပြယုဂ်တစ်ခုဖြစ်ပြီး မြန်မာကို ကမ္ဘာနှင့် ချိတ်ဆက်ပေးသည့် နေရာဌာနဖြစ်သည့်အပြင် ကမ္ဘာအရပ်ရပ်မှ လူအများနှင့် သတင်းအချက်အလက်များ ကူးလူးဖလှယ်ရာလည်းဖြစ်ခဲ့ကြောင်း ပြောကြားသည်။

၁၈၈၅ ခုနှစ် ကုန်းဘောင်မင်းဆက်၏ နောက်ဆုံးဘုရင် သီပေါမင်း အိန္ဒိယသို့ ပါတော်မူပြီးနောက် စာတိုက်အပြင် ကြေးနန်း ဌာနကိုပူးတွဲကာ ရန်ကုန်စာတိုက်ကြီးက အဓိကလုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး ၁၉၃၇ မတ် ၃၁ ရက် နေ့အထိ မြန်မာနိုင်ငံစာတိုက်နှင့် ကြေးနန်းဌာနမှာ အိန္ဒိယစာတိုက်နှင့် ကြေးနန်းဌာနလက်အောက်တွင် လုပ်ကိုင်နေခဲ့ရသည်။

ရန်ကုန်စာတိုက်ကြီးကိုဗဟိုပြုကာ မြန်မာနိုင်ငံတစ်ခွင်တွင် စာပို့လုပ်ငန်းနှင့် ကြေးနန်းလုပ်ငန်းတို့မှာ အလွန်တွင်ကျယ်ခဲ့ပြီး ပြည်တွင်းပြည်ပ စာနှင့်ကြေးနန်းပေးပို့ခြင်းသည် အချိန်စံနှုန်းတိကျမှုရှိသဖြင့် အလွန်ပင်နာမည်ကျော်ကြားခဲ့ရသည်ကို သမိုင်းမှတ်တမ်းများအရ သိရှိရသည်။

စစ်ပြီးကာလ ၁၉၄၅ ခုနှစ် ဇွန်လ ၈ ရက်နေ့မှ စတင်ကာ ရန်ကုန်စာတိုက်ကြီးကို အုပ်ချုပ်သူ များမှာ မြန်မာလူမျိုးများဖြစ်လာပြီး စာတိုက်ဌာနကို စာတိုက်လုပ်ငန်း အုပ်ချုပ်ရေးအရာရှိ ကလည်းကောင်း၊ ကြေးနန်းဌာနကို ဆက်သွယ်ရေး ညွှန်ကြားရေးမှူးကလည်းကောင်း အသီးသီးအုပ်ချုပ်ကာ မြန်မာနိုင်ငံ၏ စာတိုက်လုပ်ငန်းအောင်မြင်စေရေးနှင့် အနယ်နယ်အရပ်ရပ်တွင် စာတိုက်များဖွင့်လှစ်ရေးတို့ကို ရန်ကုန်စာတိုက်ကြီးကို ဗဟိုပြုကာ အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ကြသည်။

လွတ်လပ်ရေးမရရှိမီ တစ်လခန့်အလိုတွင် စာတိုက်မင်းကြီးရာထူးကို ရန်ကုန်စာတိုက်ကြီး စာတိုက်ဌာနတွင်လည်းကောင်း၊ အင်ဂျင်နီယာချုပ်ကို ကြေးနန်းဌာနတွင်လည်းကောင်း ထားရှိပြီး လွတ်လပ်ရေးရရှိသည့်ရက်မှ စတင်ကာ



ဟောင်းနွမ်းလာသော်လည်း ဆန်းသစ်နေဆဲ လှေကားဒီဇိုင်းလက်ရာများ။

စာတိုက်မင်းကြီးကို စာတိုက်ညွှန်ကြားရေးဝန်အဖြစ် ပြောင်းလဲကာ စာတိုက်ကြီး၏ အခန်းကဏ္ဍကို မြှင့်တင်ပေးခဲ့ကြသည်။

လွတ်လပ်ရေးရပြီးချိန်မှစတင်ကာ ၁၉၇၆ ခုနှစ်အထိ ရန်ကုန်စာတိုက်ကြီးကို အခြေပြုကာ ပေးပို့နေခဲ့ရသည့် စာတိုက်ကြီးငယ်ပေါင်း ၆၂၅ ခုသာရှိခဲ့ရာမှ ယခုအခါ လုပ်ငန်းပြည့်စာတိုက် ၈၀၃ ရုံး၊ စာတိုက်ခွဲ ၁၉၅ ရုံးနှင့် ကျေးရွာကိုယ်စားလှယ် ၃၇၁ ရုံး စုစုပေါင်း ၁၃၆၉ ရုံးတို့ဖြင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်စာတိုက်ကြီးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကိုလိုနီခေတ်သည် ပြည်သူများအား ကုပ်သွေးစုပ်ခြယ်လှယ်မှုများရှိခဲ့သလို ကောင်းမွန်သည့် မြို့ပြစနစ်များကိုလည်း အမွေအဖြစ်ထားရှိခဲ့ရာ လွန်ခဲ့သည့်နှစ်တစ်ရာကျော်က အဆောက်အအုံများသည် ရန်ကုန်မြို့အတွက် သမိုင်းကိုထင်ဟပ်စေသည့် အမွေအနှစ်များ ဖြစ်လာပေပြီ။

ရှေးဟောင်းလက်ရာများနှင့် သမိုင်းဝင် အဆောက်အအုံများအား တန်ဖိုးထားလေးစားတတ်စေရန်နှင့် အတိတ်ကာလ ရန်ကုန်နေ့ရက်များကို ပြန်ပြောင်းအောက်မေ့စေရေးအတွက် ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့သည် ရှေးဟောင်းအဆောက်အအုံတစ်ခုဖြစ်သည့် ရန်ကုန်စာတိုက်ကြီးတွင် အပြာရောင်ကမ္ဗည်းပြားကို ယခုနှစ် မေလ ၂၉ ရက်နေ့က တပ်ဆင်ပေးခဲ့သည်။

"စာတိုက်ကြီးကို ယနေ့ ဒီဂျစ်တယ်ခေတ်သစ်နဲ့ဆက်နွှယ်တဲ့လုပ်ငန်းတွေနဲ့ အသစ်တစ်ဖန် ပြန်လည်သက်ဝင်လာလိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်" ဟု ဒေါက်တာသန့်မြင့်ဦးက ရန်ကုန်စာတိုက်ကြီးနှင့် အပြာရောင်ကမ္ဗည်းပြား တပ်ဆင်ရခြင်းနှင့် စပ်လျဉ်း၍ ဖြေကြားသည်။ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ လုပ်ငန်းစဉ်များအနက်မှ တစ်ခုဖြစ်သော အပြာရောင်ကမ္ဗည်းပြားတပ်ဆင်ခြင်းတွင် ရန်ကုန်စာတိုက်ကြီးမှာ ပဉ္စမမြောက်တပ်ဆင်ခြင်းဖြစ်ပြီး ကြက်သွေးရင့်ရောင်ယင်းအဆောက်အအုံနှင့် အပြာရောင်ကမ္ဗည်းပြားတို့သည် အလွန်ပနာရလှသည်။

*စာမျက်နှာ ၁၉ သို့*

## စာတိုက်ကြီးသည် ကိုလိုနီခေတ် ရန်ကုန်မြို့၏ အထင်ကရ ပြယုဂ်တစ်ခုဖြစ်ပြီး မြန်မာကို ကမ္ဘာနှင့် ချိတ်ဆက်ပေးသည့် နေရာဌာနဖြစ်



၁၉၃၀ ပြည့်လွန်နှစ်များမှသည် ယနေ့တိုင် မြင်တွေ့နေရသည့် ရန်ကုန်စာတိုက်ကြီး။

# ကရင်ပြည်နယ်အလှကို ဖော်ဆောင်နေသည့် ဇွဲကပင်တောင်ဆီသို့

**ခရီးသွားဆောင်းပါး**

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-မောင်ချစ်ကြည်

**ဘားအံမြို့တောင်ဘက်သို့ထွက်လိုက်သည်နှင့် မှိုင်းညို့နေသောတောင်တန်းများကို မြင်တွေ့ရသည်။ မြူတွေဝေ့ဆိုင်းနေသောတောင်တန်း၊ စိမ်းညို့နေသည့် တောင်ခြေတောအုပ်များနှင့် အုပ်လိုက်ပျံသန်းနေသော ကျေးငှက်များ၏ မြင်ကွင်းကား သက်ဝင်လှုပ်ရှားနေသော ပန်းချီကားတစ်ချပ်အလား။ ပြန့်ဖြူးသော ကတ္တရာလမ်းပေါ်မောင်းနှင်လာသောမော်တော်ယာဉ်က မြေပြင်မှကောင်းကင်သို့ ထူးခြားစွာထိုးတက်နေသည့် ဇွဲကပင်တောင်ဆီသို့။**

တရိပ်ရိပ်ဖြတ်သန်းမောင်းနှင်လာသည့် မော်တော်ယာဉ်က တောင်တန်းများဆီသို့ဦးတည်နေရာ အချိန်တိုအတွင်း တောင်ခြေအစပ်သို့ ရောက်ရှိလာသည်။ လယ်ကွင်း၊ ယာခင်းများ၊ ဥယျာဉ်ခြံများကို မပြတ်တမ်းတွေ့ရပြီး တောင်ယာမီးရှို့ထားသဖြင့် မီးခိုးများက တောင်တန်းများပေါ် ဝေ့ဝဲလျက်။ မိနစ်ပိုင်းအတွင်းဇွဲကပင်တောင်ခြေရှိ လုမ္ဗိနီဥယျာဉ်အတွင်း ရောက်ရှိလာသည်။ ဇွဲကပင်တောင်နှင့် ဘားအံမြို့က ခုနစ်မိုင်ခန့်သာဝေးသဖြင့် မိနစ် ၂၀ ခန့်မျှ မောင်းနှင်လိုက်သည်နှင့် အချိန်တိုအတွင်း ရောက်ရှိခဲ့ခြင်းဖြစ်သည်။

မော်တော်ယာဉ်ပေါ်မှ ဆင်းကာ ဇွဲကပင်တောင်ခြေရှိ လုမ္ဗိနီဥယျာဉ်အတွင်းတည်ထားသော ဗုဒ္ဓရုပ်ပွားတော်များကို လှေ့လာမိသည်။ ဇွဲကပင်တောင်၏ အနောက်ဘက်တက်လမ်း ကားလမ်းဘေးတွင်ရှိသော လုမ္ဗိနီဥယျာဉ်အတွင်း ဗုဒ္ဓရုပ်ပွားဆင်းတုတော်ပေါင်း အဆူ ၁၁၀၀ ရှိကြောင်း သိရသည်။ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို အမိုးအကာအောက်တွင် မဟုတ်ဘဲ လွတ်လပ်စွာတည်ထားကိုးကွယ်ခြင်း ဖြစ်သည်။ ဗုဒ္ဓဆင်းတုတော်ပေါင်းများစွာကို တစုတဝေးတည်း ဖူးတွေ့ရသဖြင့် ကြည်နူးပီတိဖြစ်ရသည်မှာ အမှန်ပင်။ ဇွဲကပင်တောင်ခြေတွင် ဗုဒ္ဓဆင်းတုတော်များ သပ္ပာယ်စွာတည်ထားကိုးကွယ်ခဲ့သည့် အလှူရှင်တို့၏ စိတ်စေတနာကိုလည်း လေးစားမိသည်။

လုမ္ဗိနီဥယျာဉ်အတွင်းမှ ဗုဒ္ဓဆင်းတုတော်များကို လေ့လာဖူးမြော်ရင်း ဇွဲကပင်တောင်ကို မော့ကြည့်လိုက်ရာ မြေပြင်မှဝေဟင်သို့ မတ်မတ်ထိုးထွက်နေသော ဇွဲကပင်တောင်ထွတ်က အုပ်မိုးလျက် လုမ္ဗိနီဥယျာဉ်အတွင်းမှ ဇွဲကပင်တောင်ထိပ်သို့ ကေဘယ်ကားပြေးဆွဲနိုင်ရေး ကြိုးစားနေကြသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။ မြင့်မားမတ်စောက်သော ဇွဲကပင်တောင်ပေါ်သို့ ဘုရားဖူးများ၊ ခရီးသွားများနှင့် သက်ကြီးရွယ်အိုများပါမကျန် အလွယ်တကူတက်ရောက်ဖူးမြော်နိုင်ရေး၊ ကေဘယ်ကားပြေးဆွဲရန် အကောင်အထည်ဖော်နိုင်ရေး ကြိုးစားနေပြီဖြစ်သည်။ ဝမ်းသာစရာပင်။

လုမ္ဗိနီဥယျာဉ်အတွင်းမှ ဇွဲကပင်တောင်ခြေသို့ ကားလမ်းအတိုင်းလျှောက်လာခဲ့ရာ တောင်ခြေတွင် ဘုရားဖူးကားအချို့ မြင်တွေ့ရသည်။ နိုင်ငံခြားသား ခရီးသွားဧည့်သည်များက တောင်ခြေရှိ ဘုန်းတော်ကြီးကျောင်း၊ အလှူခံဌာနနှင့် အခြားလေ့လာစရာနေရာများကို သွားလာလှည့်ပတ်ကြည့်ရှုကာ ဓာတ်ပုံများရိုက်ယူနေကြသည်။ အသက်အရွယ်ကြီးရင့်သူများ ပါဝင်သဖြင့် ဇွဲကပင်တောင်ပေါ်သို့ မတက်ကြ။ တောင်ခြေမှာသာ လေ့လာပြီးပြန်ကြမည်ဖြစ်သည်။



ဇွဲကပင်တောင်ပေါ်သို့ တက်ရောက်ရာလမ်းတစ်လျှောက်မြင်ကွင်း။

ဇွဲကပင်တောင်တက်လမ်း အဝင်မုခ်ဝ၌ အလှူခံဌာနတွင် အလှူငွေများထည့်ဝင်လှူဒါန်းပြီး ဇွဲကပင်တောင်တက်ရန်စတင်ခဲ့သည်။ ဇွဲကပင်တောင်တက်လမ်းက နှစ်ခုရှိပြီး တောင်အရှေ့ဘက်မှ တက်လမ်းနှင့် တောင်အနောက်ဘက်မှတက်လမ်း ဖြစ်သည်။ ကျွန်တော်တို့က အတက်အဆင်းများသော တောင်အနောက်ဘက်လမ်းမှ တက်ခဲ့ကြခြင်းဖြစ်သည်။ တောင်တက်လမ်း စတင်ရာလမ်းဘေးဝဲယာတစ်လျှောက်တွင် အုတ်ခဲ တစ်လုံးချင်းစီကို သင်္ကန်းစလေးများဖြင့် ထုပ်ထားသည်ကို အပုံလိုက်တွေ့ရသည်။ အနီးတွင် စာရေးထားသဖြင့် ဖတ်ကြည့်ရာ "တောင်ထိပ်တက်သူများ နိုင်သလောက်ဆွဲပြီး ကုသိုလ်ယူပါ" ဟု ရေးသားထားသည်။

ဇွဲကပင်တောင်တက်လမ်းအစက ခပ်ပြေပြေရှိသည်။ တောင်ပေါ်စတက်သည်နှင့် မတ်စောက်သည့် အနေအထားဖြစ်ရာ အချို့နေရာများတွင် လှေကားထစ်များ ပြုလုပ်ပေးထားသည်။ တစ်လှမ်းချင်းအားယူ တက်ရသဖြင့် ခရီးမတွင်။ ဝါးနှစ်ပြန်ခန့်အမြင့်ကို တက်ပြီးတစ်ထောက်နားရပြန်သည်။ ငယ်ရွယ်သူများ လွတ်လပ်ပေါ့ပါးစွာ ဖြတ်ကျော်တက်သွားသည်ကိုကြည့်ရင်း အသက်အရွယ်ရလာသည့်အတွက် တောင်တက်ရာတွင် ဖြည်းဖြည်းချင်းတက်နေရသော မိမိအဖြစ်ကို စိတ်တိုင်းမကျတော့။

တောင်တက်လမ်းကို အားယူတက်ရင်း ပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်ရာ ခပ်ပျပျမြင်တွေ့ရသော လယ်ကွင်းများ၊ သစ်ပင်အုပ်များနှင့် ကျေးရွာငယ်အချို့ကို အပေါ်စီးမှ မြင်တွေ့ရသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဥယျာဉ်စိုက်ပျိုးမှုကို အဓိက စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်သည့်ဒေသဖြစ်သည်။ ခပ်ဝေးဝေးဆီမှ ရော်ဘာစိုက်ခင်းများကို စိမ်းညို့နေသော တောအုပ်များသဖွယ် မြင်တွေ့ရသည်။ စိမ်းစိုနေသော မြင်ကွင်း၊ ဇွဲကပင်တောင်ကြောကို ဖြတ်သန်းတိုက်ခတ်သည့် သန့်ရှင်းလတ်ဆတ်သောလေကြောင့် အေးမြလန်းဆန်းသွားသည်။

အမောပြေသည်နှင့် ဆက်လက်တက်ခဲ့ရာ ရေထွက်ပေါက်တစ်ခုမှ ရေများကျဆင်းနေပြီး တောင်ပေါ် ရေကန်တစ်ခုသဖွယ် ဖြစ်တည်နေသည်ကို တွေ့ရသည်။ လူငယ်အချို့ ရေချိုးနေကြပြီး အချို့ရေကူးဆော့ကစားနေကြသည်။ မိမိလည်း မျက်နှာသစ်ကာ ကိုယ်လက်သန့်စင်လိုက်ရာ အမောပြေပြီး လန်းဆန်းသွားသည်။ အနီးရှိ သစ်ပင်များပေါ်တွင် ကျေးငှက်ကဲ့သို့ အမောက်စိမ်းစိမ်းနှင့် အမြီးရှည်ရှည်ငှက်အချို့ကို မြင်တွေ့ရသဖြင့် ငှက်ဝါသနာပါသူတို့အတွက် လေ့လာစရာကောင်းသည့် နေရာတစ်ခုပင်။

တောင်တက်လမ်းအချိုးအကွေ့အတိုင်း ဆက်တက်ခဲ့သည်။ စတက်စဉ်က ကုသိုလ်ရရန် အုတ်ခဲတစ်လုံးဆွဲခဲ့ရာ ခေတ္တနားရာ နေရာအရောက် ထားခဲ့ရတော့သည်။ ခန္ဓာကိုယ်ကို ရွေ့ကိုင်းကာ အားပြုတက်နေရသဖြင့် ကုသိုလ်စိတ်ပြင်းပြသော်လည်း လက်ကမဆွဲနိုင်တော့၊ နောက်မှ တောင်တက်လာသူတွေ ဆွဲတက်လာမည်ဟုသာ စိတ်ဖြတ်ခဲ့ရတော့သည်။ ဇွဲကပင်တောင်က ပင်လယ်ရေမျက်နှာပြင်ထက် အမြင့်ပေ ၂၇၇၂ ပေခန့် မြင့်ပြီး ကရင်ပြည်နယ်၏ အထင်ကရ အထိမ်းအမှတ်တစ်ခုလည်း ဖြစ်သည်။ ကရင်ပြည်နယ်နှင့် ဇွဲကပင်တောင်ကား ခွဲခြား၍မရ။ ***စာမျက်နှာ ၁၇ သို့***



ဇွဲကပင်တောင်တစ်လျှောက်၌ သဘာဝလေ့အတိုင်း ပျော်ရွှင်စွာ ကျက်စားနေသော မျောက်ငယ်လေးများ။





*စာမျက်နှာ ၁၆ မှ*

တဖြည်းဖြည်းနှင့် တောင်တက်လမ်း မတ်စောက်လာသဖြင့် မကြာခဏ နားရသည်။ တောရိပ်၊ တောင်ရိပ်နှင့် လေနုအေးတို့ကြောင့် အေးချမ်းသော်လည်း ခန္ဓာကိုယ်တွင် ချွေးတို့စွဲနစ်နေသည်။ သွပ်ပြားကို လိပ်ပြီး ပုခုံးပေါ်ထမ်းကာ တောင်ပေါ်တက်လာသော ကရင်တိုင်းရင်းသားနှစ်ဦးကို မြင်တွေ့ရသည်။ ကရင်စကားသံဝဲဝဲဖြင့် စကားတပြောပြောနှင့် တက်သွားသည်မှာ မောပန်းမှုပုံစံမတွေ့ရ။

အတန်ကြာနားပြီးနောက် ဆက်တက်ရန်ပြင်နေစဉ် လူငယ်တစ်သိုက် ဆူညံစွာ စကားပြောဆိုလျက် တက်လာကြသည်။ ခြေလှမ်းသွက်သွက်ဖြင့် တောင်ပေါ်တက်သွားကြသည်မှာ အားကျစရာ၊ တစ်ဦးနှင့်တစ်ဦး နောက်ပြောင်ကာ မမောပန်းဟန်မျိုးဖြင့် တက်သွားကြသည်။ "နောက်တစ်ကွေ့တက်ပြီးရင် တောင်ထိပ်ရောက်ပါပြီ" ဟု အတူလိုက်ပါလာသူ ဒေသခံတစ်ဦးက ပြောသဖြင့် အားတင်းပြီး တက်ရသည်။ တောပန်း၊ တောင်ပန်းတို့၏ ရနံ့နှင့်အလှတရားတို့ကို မခံစားနိုင်တော့။ ဇွဲကပင် တောင်ကို တိုက်ခတ်လာသော အေးမြသည့်လေကို တစ်ဝကြီးရှူရှိုက်ကာ တစ်လှမ်းချင်း အားယူတက်ခဲ့ရာ ဇွဲကပင်တောင်ထိပ်သို့ ရောက်ခဲ့သည်။

တင်းထားသော စိတ်ကို ဖြေလျှော့လိုက်ပြီး ခေတ္တရပ်ကာ အမောဖြေပြီးနောက် ဇွဲကပင်တောင်ထိပ်စေတီသို့သွားကာ ဦးချရှိခိုးဆုတောင်းပြီး အမျှဝေလိုက်သည်။ ရင်ထဲပေါ့ပါးသွားပြီး ရွှေရောင်တဝင်းဝင်းဖြင့် ကြည်ညိုသပ္ပာယ်စွာ တည်ထားသော စေတီကို အတန်ကြာ လေ့လာနေမိသည်။ လေအဝေ့တွင် စေတီမှ ဆည်းလည်းသံတို့က စည်ဝေစွာ ထွက်ပေါ်လာသည်။ မတ်စောက်သော တောင်တက်လမ်းမှ ဇွဲကပင်တောင်ထိပ်ပေါ်တွင် စေတီတည်ထားကိုးကွယ်ရန်မှာ လွယ်ကူသည်မဟုတ်။ ထို့အတူ ဘုန်းတော်ကြီးကျောင်းနှင့် အဆောက်အအုံတို့ကို တည်ဆောက်ထားသည်မှာလည်း ခက်ခဲမည်။ တော်ရုံ သဒ္ဓါတရား၊ စေတနာတရားတို့ဖြင့် သယ်ယူပို့ဆောင်ရန်မှာ မလွယ်ကူ။ ဒါကြောင့် ဇွဲကပင်တောင်ခြေရင်းမှ တောင်တက်ရာလမ်းဘေးတွင် "နိုင်သလောက်ဆွဲသွားရန်၊ မနိုင်သည့်နေရာတွင် ထားခဲ့ပြီး ကုသိုလ်ပါဝင်ရန်" ဆော်ဩထားသည့် အုတ်ခဲထုပ်၊ သွပ်ပြား၊ သံချောင်းတို့ချထားသည်ကို တွေ့ခဲ့ရခြင်းပင်။

ဆံတော်ကို ဌာပနာသွင်းကာ တည်ဆောက်ထားသော စေတီရင်ပြင်ကို ကြွေပြားများခင်းထားသဖြင့် သန့်ရှင်းနေသည်။ ရင်ပြင်ပေါ်မှ ပတ်ဝန်းကျင်ကို ကြည့်လိုက်ရာ ကရင်ပြည်နယ်အတွင်း ဖြတ်သန်းစီးဆင်းနေသော သံလွင်မြစ်ကို အထင်းသား မြင်တွေ့ရသည်။ တစ်ဖန် ဘားအံမြို့နှင့် ကျေးရွာများကို အပေါ်စီးမှ တွေ့ရသည်မှာ မြေပြင်၌ ပြားပြားဝပ်နေသည့် အနေအထားမျိုး။ ဇွဲကပင်တောင်ခြေတစ်ဝိုက်တွင် မြူတွေက ဝေ့ဆိုင်းရစ်ပတ်လျက်။

ဇွဲကပင်တောင်ထိပ်မှ နေဝင်ချိန်အလှကို လာကြည့်သူ ကမ္ဘာလှည့်ခရီးသွားအချို့ကို တွေ့ရသည်။ နေဝင်ဆည်းဆာအလှကို ကြည့်ရှုခံစားလိုသူ၊ နေထွက်စ အလှကို မြင်တွေ့လိုသူခရီးသွားဧည့်သည်များက ဇွဲကပင်တောင်ထိပ်ရှိ ဧည့်သည်များတည်းခိုရာ အဆောင်တွင် ညအိပ်ခွင့်ပြုထားသည်။ တည်းခိုရာ အဆောင်ကို သွားရောက်လေ့လာခဲ့ရာ ပြောင်လက်အောင်တိုက်ထားသည့် ကျွန်းရှာထိုးအခင်း နီညိုရောင်တောက်တောက်၊ အရောင်နုနုသုတ်ထားသည့် အုတ်နံရံ၊ အဖြူရောင်မျက်နှာကြက်အပြည့်ကပ်ထားသည့် (၁၈ × ၃၀)ပေ အကျယ်အခန်းဆောင်ကို တွေ့ရသည်။ ဧည့်သည်များအတွက် အခမဲ့တည်းခိုနိုင်ပြီး အခင်းနှင့် ခေါင်းအုံးတို့ကို ပေးထားကြောင်း သိရသည်။ အခန်းအကျယ်အဝန်းအရ ဧည့်သည် ၂၀ ခန့် ကောင်းကောင်း ညအိပ်နိုင်သည့် အနေအထားမျိုးရှိသည်။ သို့သော် ညအိပ်လာသူ နည်းပါးကြောင်း၊ နေရာလုံလောက်ကြောင်း အတူပါလာသူ ဒေသခံက ရှင်းပြသည်။

ဇွဲကပင်တောင်အတက်က ယခုအနေအထားမျိုးတွင် အသက်အရွယ်ကြီးသူများအတွက် အခက်အခဲရှိမည်ဖြစ်သော်လည်း နောက်ပိုင်းတွင် တောင်ခြေမှ ကောင်းကင်ကေဘယ်ကားဖြင့် တက်နိုင်ခဲ့ပါက တောင်တက်သူ ခရီးသွားဧည့်သည် တဖြည်းဖြည်းများပြားလာမည်ဖြစ်သည်။ ဇွဲကပင်တောင်ထိပ်တွင် တည်းခိုသူ ခရီးသွားများ ယခုထက် ပိုမိုများပြားလာမည်ဖြစ်သည်။

ဇွဲကပင်တောင်ပေါ် တက်ရောက်သူများအတွက် နံနက် ၁၁ နာရီခန့်တွင် ရောက်ရှိပါက ဘုန်းတော်ကြီးကျောင်းမှ ထမင်းဟင်းများ စားသောက်နိုင်မည်ဖြစ်သည်။ ဒေသခံလူငယ်များနှင့် အနီးဝန်းကျင်မှ ဒေသခံများက နံနက်ပိုင်းတွင် တောင်ခြေမှ အုတ်များ၊ သစ်များကို တစ်ပိုင်တစ်နိုင်သယ်ပြီးတက်လာကာ ကုသိုလ်ပြုကြပြီး ချက်ချင်းပြန်ဆင်းကာ မိမိတို့နေ့စဉ် စားဝတ်နေရေးအလုပ်များ လုပ်ကိုင်ကြသည်ဟုဆိုသည်။ သာဓုခေါ်ရမည်ပင်။

ဇွဲကပင်တောင်ထိပ်တွင် ဧည့်သည်များ သတိပြုရမည်မှာ မျောက်များပင်ဖြစ်သည်။ မျောက်များက ဧည့်သည်များ၏ အိတ်၊ အစားအစာများကို အလစ်အငိုက် ယူတတ်ကြသည်ဖြစ်ရာ သတိပြုစရာပင်ဖြစ်သည်။ သို့သော် ဆိုးဆိုးရွားရွားမဟုတ်ချေ။ ဇွဲကပင် တောင်ထိပ်ပေါ်တွင် တစ်နာရီခန့်ကြာအောင်နေပြီးနောက် ပြန်ဆင်းခဲ့သည်။ ဇွဲကပင်တောင်ထိပ်အထိ အလွယ်တကူ တက်ရောက်နိုင်သည့်အချိန်တွင် ခရီးသွား ခရီးစဉ်သစ်တစ်ခုအဖြစ် သီးခြားထွက်ပေါ်လာမည်မှာ အမှန်ပင်။

တောင်ခြေသို့ ရောက်ခါနီးတွင် ကရင်လူမျိုးတို့၏ ဖားစည်တီးသံကို သဲ့သဲ့ကြားရသည်။ "တောင်ခြေမှာ ကရင်ဒုံးယိမ်းအကအဖွဲ့ ရောက်နေတာဖြစ်မယ်။ အထိမ်းအမှတ်ပွဲတစ်ခုခုအတွက် အခုလို ဇွဲကပင်တောင်ခြေကို ရောက်နေတာပါ" ဟု ဒေသခံ ကိုစောလှမျိုးက ပြောပြသည်။ စိတ်ဝင်စားသဖြင့် တောင်ခြေသို့ ခပ်သွက်သွက်ဆင်းခဲ့ရာ တောင်တက်လမ်းအဝင်မုခ်ဦးရှေ့ ကွက်လပ်၌ ကရင်ရိုးရာအဝတ်အစားဖြင့် ဒုံးယိမ်းကနေသော ကရင်တိုင်းရင်းသားလူငယ်မောင်မယ်များကို မြင်တွေ့ရသည်။

ညီညာသော ခြေလက်ကဟန်၊ ဘယ်ညာယိမ်းထိုးကာ ဟန်ချက်ညီညီ လှုပ်ရှားမှု၊ သွက်လက်မြူးကြွသော သံစဉ်တေးသွားနှင့်ဖားစည်တီးသံတို့ကား မြင်တွေ့ရသူများအတွက် စိတ်လှုပ်ရှားဖွယ် ဆွဲဆောင်လျက်ရှိသည်။ ကိုယ်စီလက်ထဲမှ လက်ကိုင်ပဝါများကို ဝှေ့ရမ်းကာ သီချင်းလည်းဆို၊ ကိုယ်လက်ယိမ်းနွဲ့ပြီး မြိုင်ဆိုင်စွာ ကပြနေသော ကရင်ဒုံးယိမ်းအကအဖွဲ့ကို အတန်ကြာငေးကြည့်ရင်း ဇွဲကပင်တောင်ခြေမှ ပြန်ထွက်လာခဲ့သည်။

သဘာဝအလှတရားနှင့် ပြည့်စုံပြီး တိုင်းရင်းသားရိုးရာ ချစ်စရာဓလေ့များဖြင့် လွှမ်းခြုံနေသော ဇွဲကပင်တောင်ကား ဖားစည်သံများဖြင့် စည်ဝေလျက်။ ။

# မိုးတွင်းချိန်ခါ

# ကျန်းမာရေး အလေးဂရုပြုစရာများ

တင်ထွဋ် (အစိုးရတိုင်းရင်းဆေး)

*(ယခင်အပတ်မှအဆက်)*

ချောင်းအနည်းငယ်ဆိုးခြင်း၊ နှာခေါင်းဝများ ယားယံသကဲ့သို့ဖြစ်ပြီး နှာချေဆတ်လာမည်။ ထို့နောက် ခေါင်းအုံကိုက်ခဲ၍ နှာရည်များ ယိုဆင်းလာခြင်းဖြစ်ပွားပြီး တစ်ရက်နှစ်ရက်အကြာတွင် ကျဆင်းသော နှာရည်များ ပြစ်ခဲလျက် ဝါကျင်သောအရောင်သို့ပြောင်းလာကာ နှာခေါင်းခြောက်သွေ့၍ နှာပိတ်ပြီး အသက်ရှူရှိုက်မှု ခက်ခဲလာခြင်းတို့ဖြစ်တတ်ပါသည်။ ပြုစုကုသနည်းမှာ အခိုးအာကာသပွင့်၍ ချွေးထွက်စေရန် ကွမ်းရွက်ပြုတ်ရည်၊ မြက်ခုံးညင်း၊ ကျပ်ခိုး၊ ချင်း(ဂျင်း)တို့ကျိုကာ (လေလုံသောနေရာတွင် စောင်ခြုံလျက်) အကြမ်းပန်းကန်လုံးနှစ်လုံး ပမာဏသောက်ပါ။ အကယ်၍ ခန္ဓာကိုယ်မှ ချွေးထွက်မညီသေးပါက မွန်းလွဲ ၁ နာရီခန့်တွင် ကွမ်းရွက်၊ ထန်းလျက်၊ ချင်း(ဂျင်း)သုံးမျိုးပြုတ်ရည်ကို အကြမ်းပန်းကန်နှစ်လုံး ပမာဏခန့်ထပ်သောက်ပါ။ ညနေ ၅ နာရီခန့်တွင် ရှမ်းဆေးခါးနှင့် ဂန့်ဂလာခါးတို့ကို သုံးခွက်တစ်ခွက်တင်ပြုတ်၍ ဆားလျော်ငန်ငန်နှင့် ပမာဏသောက်ပါ။ နံနက် ၇ နာရီတွင် အပူငြိမ်းသွေးဆေး (တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၁၆)ကို ကရမက်၊ နံ့သာဖြူပျစ်ပျစ်သွေးလျက် ရေကျက်နွေးနှင့်တိုက်ပါ (သို့မဟုတ်) တရုတ်စကားခေါက်၊ ဥသျှစ်ခေါက်ကိုသွေး၍ တိုက်ပါ။ ချင်း(ဂျင်း)ပါး ခုနစ်လွှာနှင့်ထန်းလျက် ခုနစ်လုံးကိုထည့်၍ ရေသုံးခွက်တစ်ခွက်တင်ကျိုသောက်ပါက သက်သာပျောက်ကင်းနိုင်ပါသည်။

## (၇) နှာစေးချောင်းဆိုးရောဂါ

ရောဂါကိုဖြစ်သောကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော သမုဋ္ဌာန်လေးပါးအနက် ရာသီဥတုအပြောင်း အလဲဖြစ်ခြင်း (ပူရာမှအေး၊ အေးရာမှ ရုတ်တရက်ပူလာခြင်း)၊ အအေးမိခြင်း၊ ခန္ဓာကိုယ်အောက်ပိုင်းအအေးခံခြင်း၊ အပူငုပ်ခြင်း၊ ဝမ်းချုပ်ခံခြင်းတို့ကြောင့် ဖြစ်ပွားတတ်ပါသည်။ ရောဂါလက္ခဏာများအနေဖြင့် ခန္ဓာကိုယ်တွင် ချမ်းစိမ့်စိမ့်ခံစားရခြင်း၊ မကြာခဏ နှာချေဆတ်တတ်ခြင်း၊ နှာခေါင်းမှ နှာရည်မကြာခဏယိုခြင်းကြောင့် နှာရည်ညှစ်ရသဖြင့် နှာခေါင်းရဲ၍နီမြန်းလာခြင်း၊ ခေါင်းကိုက်လာခြင်း၊ အနည်းငယ်ကိုယ်အပူချိန်တက်လာခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်း၊ ရင်တွင်းမှလေး၍ မောဟိုက်ခြင်း၊ အာခေါင်ယားလာခြင်း၊ အနည်းငယ်ချောင်းဆိုးလာခြင်း၊ ချောင်းဆိုးရာတွင် နှာပိတ်ပြီး သလိပ်မရသော အပူချောင်း၊ နှာရည်တရစပ်နှာခေါင်းမှ ချွဲသလိပ်များကျပ်ပြီး ချောင်းဆိုခြင်းတို့ ဖြစ်ပွားတတ်ပါသည်။ ပြုစုကုသနည်းမှာ နှာပိတ်၍ သလိပ်မရဘဲ အပူချောင်းဆိုးခြင်းဖြစ်ပါက နှာပွင့်စေရန် မန်ကျည်းမှည့်ရှစ်ပဲသား၊ ဆားလေးပဲသားဖျော်၍ မကြာခဏနှာရှူစေခြင်း၊ အကယ်၍ နှပ်ခဲနေပါက(နှာခေါင်း) တစ်လျှောက် ရေနံဆီဖြစ်စေ၊ ပရုတ်ဆီပါးပါးဖြစ်စေ လိမ်းပေးခြင်း၊ စားဆေးအဖြစ် သေမှပုတိကမက်လင်ချဉ်သလိပ်ပုပ်ပျောက်ဆေး(တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁)ကိုတစ်နေ့ နှစ်ကြိမ်သောက်စေပြီး ချွဲပျော်လာစေရန် ကတိုးလိမ်းဆေး (တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၄၇)ကို မုန်ညင်းဆီနှင့်လိမ်းကောင်းရုံပမာဏရောစပ်၍ ရင်ဘတ်တွင် မကြာခဏလိမ်းပေးပါ။ အကယ်၍ နှာရည်တရစပ်နှာခေါင်းမှ ကျဆင်းလျက် ချွဲသလိပ်များကျဆင်းကာ ချောင်းဆိုးခြင်းဖြစ်ပါက စားဆေးအဖြစ် အပူငြိမ်းသွေးဆေး(တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၆) လူကြီးနှစ်ပဲသား၊ ကလေးတစ်ပဲသားနှုန်း၊ တစ်နေ့နှစ်ကြိမ် မုယားကြီးရွက်ပြုတ်ရည် အကြမ်းပန်းကန်တစ်လုံးပမာဏနှင့်သောက်ပါ။

## (၈)အဆုတ်ပြွန်ရောင်ရောဂါ

အဆုတ်အအေးမိခြင်း၊ ဝက်သက်ရောဂါ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ တုပ်ကွေးရောဂါစသည်တို့ကြောင့် ဖြစ်ပွားတတ်ပါသည်။ ရောဂါလက္ခဏာများအနေဖြင့် နှာစေးလာခြင်း၊ နှာရည်ယိုခြင်း၊ ပြင်းထန်စွာ ချောင်းဆိုးလာခြင်း၊ ရင်ကျပ်ခြင်း၊ အသက်ရှူရာ၌ လေသွင်းလေထုတ်ပြုရာတွင် ခက်ခဲမှုရှိခြင်းတို့ ဖြစ်တတ်ပါသည်။ ပြုစုကုသနည်းမှာ မုယားကြီးရွက်(သို့မဟုတ်)ကစော့ခါးရွက်ပြုတ်ရည်အကြမ်းပန်းကန်တစ်လုံးပမာဏကို သကြားနှင့်ရော၍ဖြစ်စေ၊ သေမှပုတိကမက်လင်ချဉ် သလိပ်ပုပ်ပျောက်ဆေး(တိုင်းရင်းဆေးခန်းသုံးဆေးအမှတ် ၁)နှင့် ဟလိဒ္ဒစုဏ္ဏဆေး(တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၆)တို့ကို ဆတူရောစပ်၍ လူကြီးနှစ်ပဲသား၊ ကလေးတစ်ပဲသားတို့ကို ကွမ်းရွက်စိမ်းရည် (သို့မဟုတ်)ရှောက်ရည်၊ ပျားရည်နှစ်မျိုးဆတူ လက်ဖက်စားဇွန်းနှစ်ဇွန်းနှင့်စပ်၍ တစ်နေ့လျှင် သုံးကြိမ်ခန့်သောက်စေရန်ဖြစ်ပါသည်။ အစာအနေဖြင့် ကြက်သွန်ဖြူကို ကျွေးရန်ဖြစ်သည်။ လိမ်းဆေးအနေဖြင့် မြင်းခွာရွက်အမှုန့်ကို မီးဖြင့်နွေးရုံသာ အပူပေး၍ မုန်ညင်းဆီဖြင့် ရင်ဘတ်ကို လူးပေးရန်ဖြစ်သည်။

## (၉) မျက်စိနာရောဂါ

နေပူခံ၊ ရေချိုးမှား၊ အပူအအေးလွန်ကဲစွာခံခြင်း၊ အိပ်ရေးပျက်၍ ညဥ့်နက်သန်းခေါင်ထိနေခြင်း၊ ဝမ်းချုပ်ခြင်း၊ အညောင်းထိုင်များလွန်းခြင်း၊ အပူစာ၊ အတက်စာများစားခြင်းတို့ကြောင့် ဖြစ်ပွားတတ်ပါသည်။ ရောဂါလက္ခဏာများအနေဖြင့် မျက်စိ၌ရှိသောသွေးသည် ကြွတက်၍ မျက်စိတစ်ခုလုံးနီခြင်း၊ (အအေးဓာတ်ကတေဇော၊ ဝါယောဓာတ်နှစ်ပါးကို ဖွဲ့ချုပ်ထားသောကြောင့် တေဇောအခိုးကြောင့် ဖြစ်ပါသည်။) ပြုစုကုသနည်းမှာ မန်ကျည်းခေါက်ကိုသွေးပြီး မျက်စိကိုကွင်း၍ဖြစ်စေ၊ မန်ကျည်းရွက်ရေစိမ်၍ မျက်စဉ်းခပ်၍ဖြစ်စေ ပြုလုပ်ပေးနိုင်ပါသည်။ စားဆေးအဖြစ် သေမှပုတိကမက်လင်ချဉ်သလိပ်ပုပ်ပျောက်ဆေး(တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၁)၊ မျက်ကွင်းဆေး (တိုင်းရင်းဆေးခန်းသုံးဆေး အမှတ်-၅၃)၊ မျက်စဉ်းဆေး (တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၅၄)တို့ကို အသုံးပြုနိုင်ပါသည်။

ရေးသားတင်ပြခဲ့သော ရောဂါများနှင့်စပ်လျဉ်း၍ ဖြစ်ပွားရခြင်းအကြောင်းရင်းကို သိရှိခြင်းဖြင့် မဖြစ်ပွားရန်ကြိုတင်ကာကွယ်နိုင်ခြင်း၊ ရောဂါလက္ခဏာများနှင့် ပြုစုကုသနည်းများကို သိရှိခြင်းဖြင့် ရောဂါဖြစ်ပွားမှုကို ဆောလျင်စွာသိရှိ၍ ကနဦးကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်နိုင်ခြင်းစသည့် အကျိုးတရားများ ရရှိစေမည်ဖြစ်ကြောင်းနှင့် မူလဖြစ်ပွားသည့် ရောဂါအခြေအနေမှ အသက်အန္တရာယ်ကို ထိခိုက်စေမည့်အခြေအနေမျိုးမရောက်စေရန်(ဝမ်းပျက်ဝမ်းလျှောဝမ်းကိုက်ခြင်းမှ အူ၊ အစာအိမ်လမ်းကြောင်းကို ပေါက်စေခြင်း၊ အသည်းတွင်အနာဖြစ်စေခြင်း၊ အစာမကြေ လေထိုးလေအောင့်ခြင်းမှ အစာအိမ်၊ အူ၊ အသည်း၊ သည်းခြေတို့ဆိုင်ရာ ရောဂါတစ်ရပ်ရပ်ဖြစ်ပေါ်စေခြင်း၊ အသည်းရောင်အသည်းဝါရောဂါမှ အသည်းအမာရွတ်ဖြစ်ခြင်း၊ နှာစေးချောင်းဆိုးခြင်းမှ လည်ချောင်းနာခြင်း၊ အဆုတ်ရောင်ခြင်း၊ အဆုတ်အအေးမိအဆုတ်ပြွန်ရောင်ခြင်း၊ ထိပ်ကပ်နာဖြစ်ခြင်း စသည်)နီးစပ်ရာ ဆေးပညာရှင်၊ ဆေးခန်း၊ ဆေးရုံများသို့ အမြန်ဆုံးသွားရောက်ကုသမှုခံယူကြစေရန် အလေးဂရုပြုသင့်ပါကြောင်း ကျန်းမာရေးအထောက်အကူပြုအဖြစ် ရေးသားတင်ပြပါသည်။

## မြန်မာ့ရိုးရာအားကစား

*မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးပြီး MTT Group က ဦးဆောင်စီစဉ်သည့် မြန်မာ့ရိုးရာ ပထမတန်းလက်ဝှေ့ကျော်နှစ်ဦးနှင့် ဥရောပလက်ဝှေ့ကျော်နှစ်ဦးတို့ ရေကုန်ရေခန်း ယှဉ်ပြိုင်ထိုးသတ်မည့် ALL Big Fight ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူရိုးရာအားကစား လက်ဝှေ့ရုံကြီး၌ ဩဂုတ် ၃၀ ရက် မွန်းလွဲ ၂ နာရီတွင် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ အဆိုပါ ရိုးရာလက်ဝှေ့ ပြိုင်ပွဲကြီးတွင် မြန်မာပြည်ချန်ပီယံ ပထမတန်းလက်ဝှေ့ကျော်နှစ်ဦးဖြစ်သည့် ထွန်းထွန်းမင်းနှင့် တူးတူးတို့ သည် ဥရောပချန်ပီယံလက်ဝှေ့ကျော်နှစ်ဦးနှင့် ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ပြီး စပွန်ဆာမဲ့ဖြစ်၍ မည်သည့် ရုပ်သံလိုင်းကမှ ထုတ်လွှင့်ပြသခြင်း ပြုမည်မဟုတ်ကြောင်းလည်း သိရသည်။*

"ထူးချွန်တဲ့လက်ဝှေ့သမားကောင်းဖြစ်ဖို့ဆိုတာ နိုင်ငံတကာပွဲတွေကို စဉ်ဆက်မပြတ်ထိုးနေဖို့ လိုအပ်ပါတယ်။ ဒီလိုပွဲကြီးပွဲကောင်းမျိုးက မြန်မာ့ရိုးရာလက်ဝှေ့လောကမှာ ရှားပါတယ်။ ခပ်ညံ့ညံ့ တစ်ဖက်နိုင်ငံသားတွေကိုခေါ်ပြီး ထိုးတာမဟုတ်ဘဲ အခုလို ဥရောပချန်ပီယံ လက်ဝှေ့ကျော်တွေနဲ့ထိုးတာဟာ ရှုံးတာ၊ နိုင်တာထက် ပထမဦးဆုံးက အတွေ့အကြုံရမယ်။ ကိုယ့်ဆီက လက်ဝှေ့သမားတွေ ပိုပြီးတော့ အရည်အသွေးတက်မယ်။ ပြီးတော့ ကိုယ့်ဆီက ရိုးရာလက်ဝှေ့ကို ကမ္ဘာကသိအောင်ပြနိုင်မယ်။ ဒါကြောင့် အခုလို ပထမတန်း ချန်ပီယံနှစ်ဦးပါတဲ့ နိုင်ငံတကာ လက်ဝှေ့စိန်ခေါ်ပွဲကြီးလို ပွဲကြီးပွဲကောင်းက ပရိသတ်ရင်ထဲ စွဲသွားအောင်နဲ့ ရိုးရာကျန်ခဲ့အောင် အမှတ်တရနဲ့ ပထမဆုံးခြေလှမ်းအဖြစ် ကျင်းပဖို့ ဆုံးဖြတ်ခဲ့တာ။ စပွန်ဆာ လုံးဝမပါပါဘူး။ ဘယ်ရုပ်သံကမှလည်း လွှင့်မှာ မဟုတ်ဘူး။ ဒီပွဲကအမြတ်အစွန်းကို အဓိကမဟုတ်ဘဲ ရိုးရာချစ်တဲ့ လက်ဝှေ့ပြည်သူတွေအတွက် ရင်ထဲစွဲမြဲကျန်ရစ်သွားအောင် ကျွန်တော်တို့ MTT Group လေးကစုပြီး လုပ်ခဲ့တာပါ"ဟု ပွဲဖြစ်မြောက်ရေးအတွက် အဓိကဦးဆောင်သည့် ကိုအောင်ကျော်မိုး(မင်းသားကြီး)က Central Hotel ၌ ပြုလုပ်သည့် ပွဲကြိုစာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောကြားသည်။

# ပထမတန်းလက်ဝှေ့ကျော်များ ယှဉ်ပြိုင်ထိုးသတ်မည့် မြန်မာ – ဥရောပရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး

**သတင်းဆောင်းပါး**
**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

ဒီ မြန်မာ-ဥရောပ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးက တကယ့်ကိုကြည့်ကောင်းပြီး သမိုင်းတွင်ကျန်ရစ်မှတ်ကျောက်တင်နိုင်မယ့်ပွဲလို့ ယူဆပါတယ်"ဟု မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ဥက္ကဋ္ဌ ဦးသိန်းအောင်က ပွဲကိုသုံးသပ်စကားဆိုသည်။

ယှဉ်ပြိုင်ထိုးသတ်မည့် လက်ဝှေ့တွဲဆိုင်းများမှာ လက်ရှိမြန်မာ့ရိုးရာ ချန်ပီယံ ပထမတန်းလက်ဝှေ့ကျော် ထွန်းထွန်းမင်း(မုဒုံ)နှင့် ဘရာဇီးနိုင်ငံသား မွေထိုင်းလက်ဝှေ့ကျော် ဂျက်ဆင်၊ တူးတူး(နဂါးမာန်)နှင့် မက်သရူး(ကနေဒါ)၊ စောငမန်း(ရွှေဖူး)နှင့် သပြေညို (ဘိလပ်မြေစက်ရုံ)၊ သွေးသစ်အောင် (နဂါးနီ)နှင့် ရဲရင့်အောင်(နဂါးမာန်)၊ ရဲသွေးနီ (တောင်ကလေး)နှင့် မျိုးဆက်သစ် (မွန်ပြည်နယ်)၊ ကြယ်စင်ဖြိုး (အဖြူရောင်သွေးသစ်)နှင့် ရာမာဉ်(နဂါးမာန်)၊ မိုးပုလဲ(မိဂသီ)နှင့် ထွန်းထွန်းဇော်(မုဒုံ)၊ ထွန်းမင်းနိုင်(မုဒုံ)နှင့် အောင်နိုင်ဦး (ဒို့ရိုးရာ) တွဲဆိုင်းတို့ဖြစ်သည်။

"ဒီ မြန်မာ-ဥရောပရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီးကို ကျင်းပဖို့ စိတ်ကူးခဲ့တာ ကြာပါပြီ။

ယခုပွဲကြီးသည် မြန်မာ့ရိုးရာပရိသတ်များ ရင်ထဲစွဲစေမည့် ရေကုန်ရေခန်း ယှဉ်ပြိုင်ထိုးသတ်မည့် မြန်မာ-ဥရောပ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးဖြစ်ပြီး ထွန်းထွန်းမင်းနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ဘရာဇီးနိုင်ငံသား ဂျက်ဆင်သည် မွေထိုင်းလက်ဝှေ့ကျော်တစ်ဦးဖြစ်ပြီး ဘယ်ခြေနှင့် ဗလာဒူးတိုက်ကောင်းမွန်သည့် လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ အသက် ၂၂ နှစ်၊ ကိုယ်အလေးချိန် ၇၅ ကီလို၊ ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် ပွဲပေါင်း ၆၀တွင် ၄၉ ပွဲနိုင် ၁၁ ပွဲရှုံးနိမ့်သည့် ဥရောပလက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ သူနဲ့အတူ ယှဉ်ပြိုင်ထိုးသတ်မည့် ပထမတန်းလက်ဝှေ့ကျော် လက်ရှိမြန်မာပြည်ချန်ပီယံ ထွန်းထွန်းမင်းသည် အသက် ၂၄နှစ်၊ ကိုယ်အလေးချိန် ၇၅ ကီလို၊ အရပ် ၅ ပေ ၈ လက်မ၊ ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့်ပွဲပေါင်း ၃၀ တွင် နိုင်ပွဲ ၂၄ ပွဲ၊ ငါးပွဲသရေနဲ့ တစ်ပွဲသာရှုံးနိမ့်ထားသည့် လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ သူ၏ ပွဲကြိုရင်တွင်းခံစားမှုမှာ "ကျွန်တော် အကောင်းဆုံး ယှဉ်ပြိုင်ထိုးသတ်နိုင်မှာပါ။ သူ့ပွဲတော်တော်များများကို လေ့လာထားပြီးပါပြီ။ သူက ဘယ်သန်လို့ ပြောရတယ်။ ဘယ်ခြေကန်ချက်နဲ့ ဗလာဒူးတိုက်ချက်တွေက တော်တော်ကောင်းပါတယ်။ ပါဝါလည်း ပါတယ်။ ဒါတွေကိုဂရုစိုက်ပြီး ယှဉ်ပြိုင်ထိုးသတ်ရင် အနည်းဆုံး သရေနဲ့ အနိုင်တော့ ယှဉ်ပြိုင်ထိုးသတ်နိုင်မှာပါ။ ခုတော့ ရက်လည်းနီးနေပြီဆိုတော့ ကျွန်တော် တစိုက်မတ်မတ် အချိန်ယူလေ့ကျင့်နေပါတယ်" ဟု ဆိုသည်။

အလားတူ မြန်မာနိုင်ငံပထမတန်း လက်ဝှေ့ကျော် တူးတူး(နဂါးမာန်)နဲ့ မက်သရူး (ကနေဒါ)တို့ ပွဲသည်လည်း ပရိသတ်များမျှော်လင့်နေသည့် ပွဲကြီးပွဲကောင်းတစ်ပွဲဖြစ်လာမည်မှာ အမှန်ပင်ဖြစ်သည်။ တူးတူးသည် အသက် ၂၆ နှစ်၊ ကိုယ်အလေးချိန် ၇၄ ကီလို၊ အရပ် ၅ပေ ၉ လက်မ၊ ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့်ပွဲပေါင်း ၄၅ ပွဲတွင် နိုင်ပွဲ ၃၀၊ သရေ ၁၅ ပွဲနှင့် ရှုံးပွဲမရှိ စံချိန်တင်ထားနိုင်သည့် လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ သူနှင့်အတူ ယှဉ်ပြိုင်ထိုးသတ်မည့် မက်သရူး (ကနေဒါ)သည် အသက် ၂၅ နှစ်၊ ကိုယ် အလေးချိန် ၇၄ ကီလို၊ အရပ် ၅ ပေ ၉ လက်မ ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် ပွဲပေါင်း ၄၉ ပွဲတွင် ၂၅ ပွဲနိုင် ၁၃ ပွဲသရေနှင့် ၁၁ ပွဲ ရှုံးနိမ့်ထားသည့် လက်ဝှေ့သမ္မာရင့် တစ်ဦးဖြစ်သည်။ မက်သရူးသည် မြန်မာ့ရိုးရာလက်ဝှေ့ကို စိတ်ဝင်စားသည့်လက်ဝှေ့ကျော်တစ်ဦးဖြစ်ပြီး ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် ဧပြီလက သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံတွင် လက်ရှိမြန်မာပြည် ချန်ပီယံ ထွန်းထွန်းမင်း (မုဒုံသား)နှင့် ယှဉ်ပြိုင်ထိုးသတ်ဖူးသူတစ်ဦးလည်း ဖြစ်သည်။ ထွန်းထွန်းမင်းနှင့် ယှဉ်ပြိုင်ထိုးသတ်ရာတွင် နှစ်ချီအထိ သူတင်ကိုယ်တင် ယှဉ်ပြိုင်ထိုးသတ်နိုင်ခဲ့ပြီး သုံးချီမြောက်မှသာ ထွန်းထွန်းမင်း၏ ပင့်ဝိုက်လက်သီးများနှင့် ခြေကန်ချက်တို့ကို မထိန်းနိုင်ဘဲ မခိုင်မြဲယိုင်လဲကာ အလဲထိုးဖြင့် အရှုံးပေးခဲ့ရခြင်းဖြစ်သည်။ ယခင် တူးတူးနှင့် ယှဉ်ပြိုင်ထိုးသတ်ရန် ပွဲဖြစ်မြောက်ရေးကြိုးစားခဲ့သော်လည်း အကြောင်းအမျိုးမျိုးတို့ကြောင့် ပွဲပျက်ခဲ့ရသည်။ ယခုအကြိမ်သည် သူ၏ ဒုတိယမြောက် မြန်မာ့ရိုးရာ လက်ဝှေ့ကို ယှဉ်ပြိုင်ထိုးသတ်ခြင်းဖြစ်၍ အိမ်ပြန်လမ်းတွင် အနိုင်ရွှေခါးပတ်ပိုက်ကာ အောင်ပွဲခံ ယှဉ်ပြိုင်ထိုးသတ်မည်ဟု ကြုံးဝါးပြီး ရေကုန်ရေခန်းအပြင်းအထန်လေ့ကျင့်မှုများပြုလုပ်နေပြီဖြစ်ကြောင်း သူ၏လူမှုကွန်ရက်တွင် ရင်ဖွင့်ထားသည်ကို တွေ့ရသည်။

၎င်းနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် တူးတူး(နဂါးမာန်)ကလည်း "ကျွန်တော် ဒီပွဲကစပြီး ထိုးလုံးထိုးပေါက်တွေ ပြင်သွားမှာပါ။ အထူးသဖြင့် အဆုံးသတ်ပိုင်းမှာ အားနည်းတဲ့ ကျွန်တော့်အကျင့်ကို ဒီပွဲကစပြီး ပြင်သွားဖို့ရှိပါတယ်။ နောက်ပြီး ပွဲသိမ်းလက်သီးပြင်းဖို့နဲ့ ပြိုင်ဘက်ကို အလဲဖြိုဖို့ ခုကတည်းက စပြီးပြင်ဆင်နေပါပြီ"ဟု ပွဲကြိုစာနယ်ဇင်းရှင်းလင်းပွဲတွင် မီဒီယာများအား ရင်ဖွင့်ခဲ့သည်။

**စာမျက်နှာ ၁၉ သို့**



တူးတူး(နဂါးမာန်)



၂၀၁၄ ဧပြီလက ထွန်းထွန်းမင်းနှင့် မက်သရူး(ကနေဒါ)တို့ သိမ်ဖြူရိုးရာအားကစားကွင်း၌ ယှဉ်ပြိုင်ထိုးသတ်စဉ်။



မက်သရူး(ကနေဒါ)

**ခပ်ညံ့ညံ့ တစ်ဖက်နိုင်ငံသားတွေကိုခေါ်ပြီး ထိုးတာမဟုတ်ဘဲ အခုလို ဥရောပချန်ပီယံ လက်ဝှေ့ကျော်တွေနဲ့ထိုးတာဟာ ရှုံးတာ၊ နိုင်တာထက် ပထမဦးဆုံးက အတွေ့အကြုံရမယ်။ ကိုယ့်ဆီက လက်ဝှေ့သမားတွေ ပိုပြီးတော့ အရည်အသွေးတက်မယ်။**

# ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တစ်ခေါက်

■ ပန်းချီ ကောင်းပိုင်

***အစ်မဝမ်းကွဲတစ်ယောက်က "မောင်လေးရေ နင်တို့ကျန်းမာရေးကိစ္စတစ်ခုခု ဖြစ်ရင် ရန်ကုန်ဆေးရုံကြီးကိုသာသွားပါ" ဟု ပြောဖူးသည်။ အဘယ်ကြောင့်ဆိုသော် သူ့ အဖေနှင့်အမျိုးသားတို့၏ ကျန်းမာရေးကိစ္စများတွင် သဘောပေါက်သွားပြီဖြစ်ခြင်းကြောင့်ပင်။***



ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို တွေ့ရစဉ်။

ကျွန်တော်နှင့် အလွန်ခင်မင်ရင်းနှီးလှသော နယ်မှနှလုံးရောဂါဝေဒနာရှင်တစ်ဦး နိုင်ငံခြားသို့ သွားရောက်ဆေးကုရန် စီစဉ်သည်။ ငွေကြေးတတ်နိုင်သည်။ နိုင်ငံခြားရောက်သောအခါ လူနာက လုံးဝမနေလို၍ ချက်ချင်းပြန်လာရသည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးရောဂါကုဌာနတွင် ပေါင်ကသွေးကြောကိုထုတ်ကာ ကျဉ်းနေသော နှလုံးသွေးကြောကိုဖြတ်၍ ဆက်လိုက်သည်။ လေးငါးနှစ်ကြာပြီ။ ယခုထိ ကျန်းမာစွာ အသက်ရှင်နေထိုင်လျက်ရှိသည်။ ထိုအချိန်က ကျွန်တော် အနီးကပ်ပြုစုစောင့်ရှောက်ပေးခဲ့ဖူးသောကြောင့် ရန်ကုန်ဆေးရုံကြီး၏ ကုသနိုင်မှုအစွမ်းကို အလွန်ပင်အံ့သြခဲ့ရသည်။ ထိုအချိန်ကပင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ နွေးထွေးမှုကို ကျွန်တော်သတိထားမိခဲ့သည်။

ယခုနှစ် ဩဂုတ်လဆန်းတွင် အမေအသည်းအသန်ဖျားလေသည်။ ကုသနေကျ မိသားစုဆရာဝန်က ဆေးရုံတက်ရန် ညွှန်ကြားသည်။ ထိုညွှန်ကြားချက်ရရချင်းပင် ရန်ကုန်ဆေးရုံကြီးသို့ အမေ့ကိုပို့ဆောင်လိုက်ပါတော့သည်။ ဆေးရုံရောက်တော့ ည ၉ နာရီခန့်ရှိပြီ။

ပထမဦးဆုံး အရေးပေါ်ဌာနကို သွားရသည်။ လူနာရောက်ရောက်ချင်းပင် တာဝန်ကျ ဆရာဝန် သုံးလေးယောက် ချက်ချင်းရောက်လာပြီး သွေးပေါင်ချိန်သည်။ အီးစီဂျီရိုက်သည်။ ဆေးကုသမှု မှတ်တမ်းဟောင်းများကို ကြည့်သည်။ အခြားစစ်ဆေးမှုများပြုလုပ်သည်။ မေးစရာရှိတာမေးသည်။ ဓာတ်မှန်ရိုက်ခိုင်းသည်။ ဓာတ်မှန်က ငါးမိနစ်ခန့်သာစောင့်ရပြီး ဖလင်ရသည်။ တစ်ပြားတစ်ချပ်မှ မပေးရ။ အားလုံး အခမဲ့ဖြစ်သည်။ ချက်ချင်းပင်လိုအပ်သော ဆေးကုသမှု ရရှိသည်။ ထိုအချိန်မှစ၍ အလွန်စိုးရိမ်စိတ်များပြီး ထူပူနေသော ကျွန်တော်သည် အမေ့ကိုကယ်နိုင်ပြီဟု စိတ်အားတက်မိလေတော့သည်။

အရေးပေါ်အခန်းမှ နောက်တစ်ဆင့် အထွေထွေဆေးကုသဆောင် (၁၇-၁၈) ကို ပို့ဆောင်လေသည်။ ထိုနေ့က အထွေထွေဆေးကုသဆောင် (၁၇-၁၈)၏ ဆေးရုံတင်ရက် ဖြစ်နေသည်ကတစ်ကြောင်း၊ အရေးပေါ်လူနာများနေသည်က တစ်ကြောင်းကြောင့် ဆေးကုသဆောင်တစ်ခုလုံး ခုတင်များပြည့်နေသည့်အပြင် ခုတင်နှစ်လုံးကြားတွင် တန်းလျားထိုင်ခုံ (လူနာစောင့်ထိုင်ခုံ)များကို ပူး၍လည်းကောင်း၊ တခြားနေရာမှ ခုံတန်းလျား၊ ညောင်စောင်းများကို သယ်ယူ၍လည်းကောင်း၊ လူနာများကို နေရာချထားပေးရာ တစ်ခန်းလုံးပြည့်သွားလေတော့သည်။ တာဝန်ကျသူနာပြု ဆရာမများကိုယ်တိုင် ခုံများ သယ်ယူနေရာချပေးနေသည်ကို တွေ့ရသောအခါ အလွန်အားနာမိလေသည်။

နောက်နေ့မှစ၍ ဆရာဝန်များ ပုံမှန်လာကြည့်သည်။ တစ်ယောက်ချင်းလည်း လာကြည့်သည်။ အဖွဲ့လိုက်လည်း လာကြည့်သည်။သွေးလာဖောက်သည်။ ပြီးလျှင် ဘယ်ကိုသွားပို့ဟု ပြောသည်။ သွားပို့ရုံနှင့် အဖြေပြန်ယူရန်သာလူနာရှင်က လုပ်ရသည်။ တစ်ပြားတစ်ချပ်မျှမပေးရ။

ညဘက်အမေနေ မကောင်းလျှင် ဆရာဝန်၊ အလုပ်သင်ဆရာဝန်များကို ကျွန်တော် အကြိမ်ပေါင်းများစွာ သွားခေါ်သည်။ ချက်ချင်းလာကြည့်ပေးကြသည်။ လိုအပ်တာလုပ်ပေးသည်။ အောက်ဆီဂျင်လိုသောအခါ ချက်ချင်း လာတပ်ဆင်ပေးသည်။ "ဩော် သူတို့ခမျာ တစ်ညလုံးမနားရရှာဘူး"ဟု နေမကောင်းဖြစ်နေသူ အမေကိုယ်တိုင် ညည်းညူမိလေသည်။

ငါးရက်ကြာသောအခါ အမေ နေကောင်းလာပြီး ဆေးရုံဆင်းခွင့်ရလေပြီ။ ဆေးရုံတွင် အမေသွေး သုံးခါစစ်ခဲ့ရသည်။ အမေစစ်ရသည့် သွေးမျိုးက အပြင်မှာ တစ်ခါစစ်လျှင် ငွေကျပ် ၁၅၀၀၀၊ ၂၀၀၀၀ ခန့်ကျသည်။ အပြင်မှာ ဓာတ်မှန်တစ်ခါရိုက်လျှင်၊ အီးစီဂျီတစ်ခါရိုက်လျှင် ငွေကျပ် ၃၀၀၀၊ ၄၀၀၀ ပေးရသည်။ အပြင်မှာ အောက်ဆီဂျင်ဘူးလျှင် အိုးကြီးတစ်အိုး အိမ်အရောက် ငွေကျပ် ၁၂၀၀၀ ပေးရသည်။ ဆေးရုံတွင် အမေအောက်ဆီဂျင်အိုးကြီး သုံးအိုးရှူခဲ့သည်။ တစ်ပြားတစ်ချပ်မှ မပေးခဲ့ရ။ ဆရာဝန်က ဆေးစာရေးပေးသောအခါ သူနာပြုအခန်းတွင် ဆေးသွားထုတ်ရသည်။ အခမဲ့ပင်။ ဆေးရုံတွင်မရှိသော၊ ကုန်နေသော ဆေးများကိုသာ အပြင်မှာဝယ်ခိုင်းသည်။ ဆေးရုံတွင် ကျွန်တော်တို့ မောင်နှမရေချိုး၊ အဝတ်လျှော်ခဲ့သည်။ အချုပ်ဆိုရလျှင် အမေနေမကောင်းဖြစ်ခဲ့ရာ နိုင်ငံတော်မှ ငွေကျပ် သိန်းချီ၍ကျခံပေးခဲ့သည်။ ဤကား တွက်ချက်၍ရသော ခန့်မှန်းကုန်ကျငွေသာဖြစ်သည်။


တွက်ချက်၍ မရသည်မှာ ဆရာဝန်များ၊ သူနာပြုများနှင့် ဆေးရုံဝန်ထမ်းများ၏ နွေးထွေးမှုနှင့် အကြိမ်ကြိမ်အခါခါ အခမဲ့စမ်းသပ်ကြည့်ရှုကုသမှုပေးခဲ့သော ဆရာဝန်များ၊ အထူးကုဆရာဝန်ကြီးများ၏ စမ်းသပ်ခကို ပြင်ပဆေးရုံဆေးခန်းများအတိုင်း တွက်ချက်ကြည့်ပါက မနည်းပေ။ ပြင်ပဆေးရုံဆေးခန်းများတွင် ကုသဖူးသူများ သိပေလိမ့်မည်။

အမေ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်လိုက်ရတာ ဆေးရုံတက်ရမှာကြောက်သော ကျွန်တော်တို့တစ်မိသားစုလုံးအတွက် ဆေးရုံတက်ရမှာကြောက်သော စိတ်ကို ဖျောက်ဖျက်နိုင်ခဲ့လေပြီ။ နောင်ကျန်းမာရေးကိစ္စ တစ်ခုခုကြုံလျှင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးကိုပဲ သွားတော့မည်။ ■

## ပထမတန်းလက်ဝှေ့ကျော်များ ယှဉ်ပြိုင်ထိုးသတ်မည့် မြန်မာ-ဥရောပရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးမှ



ဂျက်ဆင်



ထွန်းထွန်းမင်း(မုဒုံ)

တူးတူး(နဂါးမာန်)သည် ယနေ့အချိန်ထိ ရှုံးပွဲမရှိစံချိန်တင်ပထမတန်း မြန်မာ့ရိုးရာလက်ဝှေ့ကျော်တစ်ဦးဖြစ်ပြီး ပရိသတ်များက သူ့အားပွဲသိမ်းနုသည်ဟု သုံးသပ်ပြောဆိုမှုကို ယခုလာမည့်ပွဲတွင် အလုပ်နှင့်တန်ပြန်သက်သေပြနိုင်ဖွယ်ရှိနေသည်။ အထူးသဖြင့် ပြီးခဲ့သည့် ဇူလိုင် ၂၆ ရက်က သိမ်ဖြူရိုးရာ လက်ဝှေ့အားကစားရုံတွင် အမေရိကန်လက်ဝှေ့ကျော် ဆိုင်းရပ်စ်နှင့် ယှဉ်ပြိုင်ထိုးသတ်မှုပွဲအပြီးတွင် ပရိသတ်အများစုက ထိုသို့ဝေဖန်ခဲ့ကြသည်။

"တူးတူးထိုးတာကောင်းပါတယ်။ ဒါပေမယ့် ပွဲသိမ်းနည်းနည်းညံ့တယ်။ ထွန်းထွန်းမင်းလို ပွဲသိမ်း သိပ်မကောင်းဘူး ဖြစ်နေတယ်။ ထွန်းထွန်းမင်းက ပြိုင်ဘက်ယိုင်တာနဲ့ အလဲလိုက်ဖြိုတာ။ တူးတူးလည်း အဲဒီလိုဆိုရင် ဒီထက်ကောင်းတဲ့ လက်ဝှေ့ကျော်တစ်ဦး ဖြစ်လာမှာ။ ဒါကလည်း သူ့ကစားကွက်နဲ့သူ ဖြစ်နေလို့နေမှာပါ။ ဒါပေမယ့် ကြည့်ရတဲ့ ကျွန်တော်တို့ ပရိသတ်တွေကျတော့ အားမရဘူး"ဟု ရိုးရာလက်ဝှေ့ချစ် ဝါသနာရှင်တစ်ဦးက ဆိုသည်။

အဆိုပါ မြန်မာ-ဥရောပ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ရိုးရာ လက်ဝှေ့ချစ်ပြည်သူများ လာရောက်အားပေးနိုင်ရန် လက်မှတ်များကို ဩဂုတ် ၂၃ ရက် မျိုးဆက်သစ် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ယှဉ်ပြိုင်ထိုးသတ်မည့် သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံတွင် စတင်ရောင်းချမည်ဖြစ်ပြီး ပင်ရင်းဌာနအနေဖြင့် အမှတ် A-714 ညောင်ပင်လေးဈေးပလာဇာ၊ လမ်းမတော်မြို့နယ် ဖုန်း-၀၉-၄၉၇၂၂၄၃၈ နှင့် ၀၉-၄၂၀၀၁၆၅၈၃ တို့တွင်ရောင်းချပေးမည်ဖြစ်ပြီး လက်မှတ်ဈေးနှုန်းများမှာ အထူးတန်း ၅၀၀၀၀၊ အလတ်တန်း- ၃၀၀၀၀နှင့် ရိုးရိုးတန်း ၁၀၀၀၀ သတ်မှတ်ရောင်းချပေးမည်ဖြစ်သည်။

ပြိုင်ပွဲတွင် သုံးမိနစ်ထိုး၊ နှစ်မိနစ်နား ငါးချီ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး ရိုးရာလက်ဝှေ့ပြိုင်ပွဲစည်းကမ်းနှင့်အညီ ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။ ■

## ကိုလိုနီခေတ်ဦးမှသည် ယနေ့တိုင် သက်ဝင်လှုပ်ရှားဆဲ ရန်ကုန်စာတိုက်ကြီးမှ

ရန်ကုန်မြို့သည် ကိုလိုနီတို့ရုံးစိုက်ရာမြို့ဖြစ်သည့်အပြင် ပင်လယ်ရေကြောင်းခရီး၊ ကုန်းလမ်း၊ မီးရထားလမ်းတို့၏ ဌာနချုပ်သဖွယ်ဖြစ်ခဲ့သဖြင့် ရှေးဟောင်းဗိသုကာ လက်ရာများမှာ အလွန်ပင် လှပခိုင်ခံ့အောင် တည်ဆောက်ခြင်းခံရသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ သတ်မှတ်ချက်အရပင် အဆောက်အအုံပေါင်း ၁၈၉ ခုအထိ ရှိနေသည်။

ရန်ကုန်စာတိုက်ကြီးနှင့် မြန်မာစာပို့လုပ်ငန်းသည် ၁၉၄၉ ခုနှစ် အောက်တိုဘာ လ ၄ ရက်နေ့တွင် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ အဖွဲ့ဝင်ဖြစ်ခဲ့ပြီး ၁၉၅၆ ခုနှစ် မေလ ၅ ရက်တွင် နိုင်ငံခြားစာပို့တိုက်ဌာနကို စတင်တည်ထောင်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရသည်။

ရန်ကုန်စာတိုက်ကြီးကို အမှီပြုသည့် အမြန်ငွေပို့လွှာလုပ်ငန်းကို ၁၉၈၅ ခုနှစ် ဇွန်လ ၃ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့အထိ မြို့ပေါင်း ၁၆၆ မြို့ကို ငွေလွှဲပေးပို့လျက်ရှိကြောင်း သိရသည်။

ခေတ်စနစ်၏လိုအပ်ချက်အရ အမြန်ချောပို့လုပ်ငန်းကို ၁၉၉၂ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် စတင်ခဲ့ပြီး မြို့ပေါင်း ၁၆၆ မြို့ကို ယနေ့အထိ ချောပို့လုပ်ငန်းများ ဆောင်ရွက်ပေးနေပြီး အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်းကိုတော့ လွန်ခဲ့သည့်နှစ်ပေါင်း ၂၀ ခန့်မှစတင်ကာ စင်ကာပူနိုင်ငံနှင့် စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ နိုင်ငံပေါင်း ၁၀၂ နိုင်ငံအထိတိုးချဲ့ကာ အပြန်အလှန် ချောပို့လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ရန်ကုန်စာတိုက်ကြီး၏ စာတိုက်သင်္ကေတအမှတ်မှာ ၁၁၁၈၁ ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးရှိ စာတိုက်ပုံးများမှ ပေးစာများကို အချိန်မီ ပေးပို့ခံရသူတို့ထံ ရောက်ရှိအောင် ဝန်ထမ်းအင်အားသုံးကာ ယနေ့တိုင် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် အပြည်ပြည်ဆိုင်ရာ မြန်မာဒီအိတ်ချ်အယ်လ်လုပ်ငန်းကို ၁၉၉၇ ခုနှစ်ကတည်းက စတင်လုပ်ဆောင်လာရာ နိုင်ငံပေါင်း ၂၂၇ နိုင်ငံအထိ ချိတ်ဆက်နိုင်ခဲ့ပြီဖြစ်ကြောင်း ရန်ကုန်စာတိုက်ကြီးမှ သိရှိရသည်။

ယခုအခါ တံဆိပ်ခေါင်းရောင်းချခြင်း၊ မှတ်ပုံတင်ထားသည့် ချောထုပ်နှင့် စာများလက်ခံခြင်းနှင့် ပေးဝေခြင်း၊ ရိုးရိုးစာများ ပေးပို့ခြင်း၊ အမြန်ငွေပို့ခြင်း စသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး ခေတ်စနစ်နှင့် လျော်ညီစွာ နည်းပညာအကူအညီသုံးကာ အဆင့်မြှင့်တင်မှုရရှိရန် မျှော်လင့်လျက် တိုင်းပြည်တာဝန်များကို ဆက်လက်ထမ်းဆောင်လျက်ရှိပါကြောင်း။



ရန်ကုန်စာတိုက်ကြီး၌ အမြန်ချောစာနှင့် ကုန်စည်များလက်ခံပေးနေစဉ်။

# ဥရောပတိုက်သို့ ရွှေ့ပြောင်းနေထိုင်သူ ဒုက္ခသည်များအရေး

နိုင်ငံတကာရေးရာသတင်းဆောင်းပါး

|ထွန်းတောက်|





"ဒုက္ခသည်များကို များများကယ်ဆယ်လေ နောက်ထပ်ဒုက္ခသည်များရောက်ရှိလာရန် အားပေးလေဖြစ်မည်ကိုလည်း စိုးရိမ်ခဲ့ကြသည်။ ဥရောပသမဂ္ဂအဖွဲ့သည် အစောပိုင်းကာလ၌ လှေစီးဒုက္ခသည်များ ရေနစ်သေဆုံးမှုကို မကယ်တင်ဘဲ လျစ်လျူရှုထားခဲ့လျှင် နောက်ထပ်ဒုက္ခသည်များ မလာရောက်ရဲဘဲ ရပ်တန့်သွားနိုင်သည်ဟု ယူဆခဲ့ကြသည်။"

ယခုနှစ်အတွင်း၌ အာဖရိကဒေသမှ မြေထဲပင်လယ်ကိုဖြတ်သန်းကာ ဥရောပနိုင်ငံများသို့ ရွှေ့ပြောင်းနေထိုင်ရန် ကြိုးပမ်းနေကြသည့် လှေစီးဒုက္ခသည်အရေအတွက်မှာ ၁၉၂၀၀၀ ခန့်ရှိနေပြီဖြစ်သည်။ ရေလမ်းခရီးကို ဖြတ်သန်းရာတွင်လူ ၂၀၀၀ ကျော်သေဆုံးခဲ့ပြီး လွန်ခဲ့သည့်သီတင်းပတ်အတွင်း၌ လစ်ဗျားကမ်းလွန်တွင် ငါးဖမ်းလှေမှောက်၍ ဒုက္ခသည် ၂၀၀ ကျော် ထပ်မံသေဆုံးသွားခဲ့သည်။

များသောအားဖြင့် ရွှေ့ပြောင်းနေထိုင်ရန် ကြိုးပမ်းသူများမှာဆီးရီးယား၊ အီရီထရီးယားနှင့်ဆိုမာလီနိုင်ငံများမှဖြစ်သည်။ စစ်ဘေးဒဏ်၊ ဘာသာရေး၊ လူမျိုးရေးခွဲခြား ဆက်ဆံမှုဒဏ်၊ ဆင်းရဲမွဲတေမှုဒဏ်များကို ပြင်းထန်စွာခံစားနေကြရသည့်အတွက် ဒုက္ခသည် ပြည်သူများသည် ရေကြည်ရာ မြက်နုရာဥရောပနိုင်ငံများသို့ ရွှေ့ပြောင်းနေထိုင်ကြရန် သက်စွန့် ကြိုးပမ်းအားထုတ်နေကြခြင်းဖြစ်သည်။

အစောပိုင်းကာလ၌ ဥရောပသမဂ္ဂအဖွဲ့သည် လှေစီးဒုက္ခသည်များကို လက်မခံဘဲပင်လယ်အတွင်းသို့ ပြန်လည်မောင်းနှင်စေလွှတ်နေခဲ့သည့်အတွက် ဒုက္ခ သည်ထောင်ချီ၍ လှေမှောက်ရေနစ်သေဆုံးခဲ့ရသောကြောင့် အီးယူအဖွဲ့သည် နိုင်ငံရေးသိက္ခာနှင့် လူသားချင်းစာနာမှုဆိုင်ရာ ကိုယ်ကျင့်သိက္ခာများကျဆင်းခဲ့ရပြီး နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့များ၏ ဝေဖန်ကန့်ကွက်မှုကို တွေ့ကြုံခဲ့ရသည်။

ထို့နောက်ပိုင်းတွင် ဥရောပသမဂ္ဂအဖွဲ့သည် အရေးပေါ်အစည်းအဝေးပြုလုပ်၍ လျင်မြန်စွာ ဆုံးဖြတ်ချက်ချမှတ်ကာ ဒုက္ခသည်များရေနစ်သေဆုံးမှုမဖြစ်စေရန် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်လာသည်။

ဥရောပသမဂ္ဂအရေးပေါ်အစည်းအဝေး ဆုံးဖြတ်ချက်မှာ အချက် ၁၀ ချက်ပါသော စီမံချက်ဖြစ်ပြီး ၎င်းစီမံချက်တွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို မြှင့် တင်ဆောင်ရွက်ရေး၊ လူကုန်ကူးမှုနှိမ်နင်းရေးနှင့် ဒုက္ခသည်များကို မျှဝေလက်ခံရေးအချက်များလည်း ပါဝင်သည်။

**ဒုက္ခသည်တစ်သန်း**

နိုင်ငံရေးလေ့လာသူများက မြေထဲပင်လယ်တောင်ပိုင်းမြောက်အာဖရိကနိုင်ငံများတွင် ဥရောပနိုင်ငံများသို့ ရွှေ့ပြောင်းနေထိုင်ရန်အတွက် စခန်းချ စောင့်ဆိုင်းနေကြသည့်ဒုက္ခသည်တစ်သန်းခန့်ရှိနေသည်ဟု သုံးသပ်ဖော်ပြသည်။

ယနေ့ပစ္စုပ္ပန်ကာလ၌ အာရပ်နှင့်အာဖရိကဒေသများတွင်ဆယ်စုနှစ်များစွာ ကြာမြင့်မည့်စစ်ပွဲများဝိုင်းရံလျက်ရှိနေပြီး၊ နိုင်ငံများစွာမှာလည်း ဖရိုဖရဲပြိုကွဲကျဆုံးလျက်ရှိနေသည်။

အာဖရိကဒေသ၏ အစိတ်အပိုင်းများစွာမှာ လူမျိုးရေး၊ ဘာသာရေး၊ ဂိုဏ်းဂဏပဋိပက္ခများနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု အကြီးအကျယ်ဖြစ်ပေါ်နေသည်။

စစ်ပွဲများနှင့် လူမျိုးရေး၊ ဘာသာရေးပဋိပက္ခများကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော စစ်ဘေးဒုက္ခသည်များ အရေးမှာ ထိန်းချုပ်ရခက်ခဲလှသည်။

လစ်ဗျား၊ ဆီးရီးယားနှင့် ယီမင်စသည့်နိုင်ငံများတွင် ငြိမ်းချမ်းရေးမတည်ဆောက်နိုင်သရွေ့ အီရီထရီးယား၊ ဆိုမာလီယာနှင့် တောင်ဆူဒန်စသည့်နိုင်ငံများတွင် ကောင်းမွန်သော အစိုးရများမပေါ်ထွန်းသရွေ့ ဒီရေအလား မြင့်တက်လာမည့် စစ်ပြေးဒုက္ခသည်များကိစ္စကို ဟန့်တားထိန်းချုပ်ရန် မလွယ်ကူလှပေ။

မည်သည့်နိုင်ငံမဆို စီးပွားရေးနှင့် နည်းပညာဖွံ့ဖြိုးရေးကို ထောက်ကူပြုနိုင်သော ရွှေ့ပြောင်းနေထိုင်သူများကိုသာ နိုင်ငံရေးခိုလှုံခွင့်ပေးပြီး လက်ခံထားနိုင်သော်လည်း စစ်ပြေးဒုက္ခသည်များကိုမူ လက်မခံလိုကြပေ။

သို့သော် တစ်ဖက်ကကြည့်လျှင် အရှေ့အလယ်ပိုင်းနှင့် အာဖရိကနိုင်ငံများမှာ ဥရောပနိုင်ငံများ၏ နယ်ချဲ့ကိုလိုနီအချယ်လှယ်ခံနိုင်ငံများဖြစ်ခဲ့ပြီး ဒုတိယကမ္ဘာစစ်ပြီးဆုံးပြီးနောက်ပိုင်းမှသာ လွတ်လပ်ရေးရရှိခဲ့ကြခြင်းဖြစ်သည်။

ထို့ကြောင့်ပင် စစ်ပွဲများနှင့်လူမျိုးရေးဘာသာရေးပဋိပက္ခများထဲတွင် ကြားညှပ်ဒုက္ခရောက်နေကြသည့် ကိုလိုနီနိုင်ငံဟောင်းများမှ ပြည်သူများကို စောင့်ရှောက်ရမည့် တာဝန်မှာ ဥရောပနိုင်ငံများတွင် ရှိနေပေသည်။

ဗြိတိန်အစပြုသည့် ဥရောပနိုင်ငံများစွာသည် လှေစီးဒုက္ခသည်များကို ရှာဖွေကယ်ဆယ်သည့် လုပ်ငန်းများနှင့် စခန်းများဖွင့်၍ ကျွေးမွေးစောင့်ရှောက်ထားရသောလုပ်ငန်းများမှာ ငွေကြေးများစွာ ကုန်ကျမည်ဖြစ်သည့်အတွက် ၎င်းလုပ်ငန်းများကို ဆောင်ရွက်ရန် တွန့်ဆုတ်နေခဲ့ကြသည်။

ဒုက္ခသည်များကို များများကယ်ဆယ်လေ နောက်ထပ်ဒုက္ခသည်များရောက်ရှိလာရန် အားပေးလေဖြစ်မည်ကိုလည်း စိုးရိမ်ခဲ့ကြသည်။ ဥရောပသမဂ္ဂအဖွဲ့သည် အစောပိုင်းကာလ၌ လှေစီးဒုက္ခသည်များ ရေနစ်သေဆုံးမှုကို မကယ်တင်ဘဲ လျစ်လျူရှုထားခဲ့လျှင် နောက်ထပ်ဒုက္ခသည်များ မလာရောက်ရဲဘဲ ရပ်တန့်သွားနိုင်သည်ဟု ယူဆခဲ့ကြသည်။

သို့သော် ၂၀၁၄ ခုနှစ်မှ ယနေ့အချိန်အထိ ဒုက္ခသည်များစွာ ရေနစ်သေဆုံးခဲ့ကြသော်လည်း နောက်ထပ်လာနေကြသော လှေစီးဒုက္ခသည်အရေအတွက်မှာ လျော့ကျမသွားသည်ကို တွေ့ရှိနေရပေသည်။ ၂၀၁၄ ခုနှစ်နှင့်နှိုင်းစာလျှင် လှေစီးဒုက္ခသည်အရေအတွက်မှာ ဆယ်ဆမြင့်တက်နေပေပြီ။

**ကုလသမဂ္ဂကွန်ဗင်းရှင်းသဘောတူညီချက်**

ကုလသမဂ္ဂကွန်ဗင်းရှင်း သဘောတူညီချက်အရဆိုလျှင် ပဋိပက္ခများမှ ထွက်ပြေးလာသည့် ဒုက္ခသည်များ၊ နိုင်ငံတစ်နိုင်ငံသို့ ဝင်ရောက်လာလျှင် ၎င်းနိုင်ငံက ဒုက္ခသည်များကို ကူညီစောင့်ရှောက်ရန် တာဝန်ရှိပေသည်။ ၎င်းနိုင်ငံ၏ မဟာမိတ်နိုင်ငံများကလည်း ဒုက္ခသည်များ၏ တာဝန်ကို မျှဝေယူထမ်းဆောင်ရမည် ဖြစ်သည်။

ချမ်းသာကြွယ်ဝသော နိုင်ငံများ၏ ညှိနှိုင်းဆောင်ရွက်မှု စီမံချက်အရ ဗီယက်နမ်လှေစီးဒုက္ခသည်တစ်သန်းကျော်မှာ အဆင်ပြေပြေဘဝအခြေချနေထိုင်ခွင့် ရရှိခဲ့သည့် အစဉ်အလာရှိခဲ့ဖူးသည်။

ယနေ့အချိန်၌ ဥရောပသမဂ္ဂအဖွဲ့ခေါင်းဆောင်များသည် ဒုက္ခသည်များအတွက် နိုင်ငံရေးခိုလှုံခွင့်ဆိုင်ရာပေါ်လစီများ ချမှတ်နိုင်ရန် ညှိနှိုင်းနေကြသည်။ ဒုက္ခသည် အရေးကိစ္စတွင် ဥရောပခေါင်းဆောင်များသည် ပူးပေါင်းဆောင်ရွက်မှု အားနည်းချက်များရှိနေသည်။ ဒုက္ခသည်များကို လက်ခံလိုက်ခြင်းဖြင့် အစိုးရ၏ ဩဇာအာဏာလျော့ကျနိုင်မှုနှင့် အမျိုးသားအကျိုး စီးပွားထိခိုက်လာနိုင်မှုများကိုလည်း စိုးရိမ်ပူပန်နေကြသည်။

ဒုက္ခသည်များနှင့် ပတ်သက်၍ ပြည်သူတို့၏ ဆန္ဒသဘောထားနှင့် လူဝင်မှုကို ဆန့်ကျင်သည့် အတိုက်အခံပါတီများ၏ ကန့်ကွက်မှုများကိုလည်း အာဏာပိုင်များက သတိထားနေကြသည်။ ထို့ကြောင့်ပင် ဒုက္ခသည်လူသားများကို အရေအတွက်များများ လက်မခံရဲကြခြင်းဖြစ်သည်။

၂၀၁၄ ခုနှစ်၌ ဒုက္ခသည် ၆၂၆၀၀၀ သည် ဥရောပသမဂ္ဂအဖွဲ့ထံ၌ နိုင်ငံရေးခိုလှုံခွင့်တောင်းခံခဲ့ရာ ၎င်းတို့အနက် ထက်ဝက်ခန့်သာ နိုင်ငံရေးခိုလှုံခွင့်ရရှိခဲ့သည်။ ပြင်သစ်နိုင်ငံက ဒုက္ခသည် ၁၅၀၀၀၊ ဗြိတိန်က ဒုက္ခ သည် ၁၁၀၀၀၊ ဂျာမနီက ၄၁၀၀၀၊ ဆွီဒင်က ၃၁၀၀၀ အသီးသီးနိုင်ငံရေးခိုလှုံခွင့်ပေးခဲ့ကြသည်။ အခြားသော ဥရောပနိုင်ငံအများစုကမူ ဒုက္ခသည်ပြဿနာ အမြန် ပြီးဆုံးစေရန် ဆန္ဒပြုလျက်ရှိကြသည်ဟု ကြားသိရသည်။

**အီးယူ၏ စံတန်ဖိုးများ**

ဥရောပသမဂ္ဂအဖွဲ့၏ စံတန်ဖိုးများတွင် လူသားချင်းကူညီစာနာမှုဟူသော အချက်လည်း ပါဝင်လေရာ အီးယူအဖွဲ့သည် ပင်လယ်ပြင်၌ ဒုက္ခရောက်နေသော လှေစီးဒုက္ခသည်များကို ကယ်ဆယ်မှုနှင့် ဒုက္ခသည်များကို စခန်းများဖွင့်၍ ကျွေးမွေးစောင့်ရှောက်ထားသည့် ဥရောပနိုင်ငံများအား ကူညီထောက်ပံ့မှုများကို တိုးမြှင့်လုပ်ဆောင်ရန် လိုအပ်နေသည်။ ၂၀၁၄ ခုနှစ်၌ လှေစီးဒုက္ခသည်များကို အီတလီကမ်းခြေစောင့် သင်္ဘောများက ကယ်ဆယ်ရေးပြုလုပ်ခဲ့ရာတွင် အီးယူ၏ ထောက်ပံ့ကူညီမှုမှာ မရှိသလောက်ပင်နည်းပါးခဲ့သည်။

ထို့ပြင် လူမှောင်ခိုကုန်ကူးမှုကျူးလွန်သူများကို အရေးယူနှိမ်နင်းရာတွင် အီးယူအဖွဲ့အနေနှင့် ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်ရန် လိုအပ်သည်။ မြောက်အာဖရိကနိုင်ငံများမှ ထွက်ခွာလာသည့် လှေစီးဒုက္ခသည်များသည် များသောအားဖြင့် တူနီးရှားကမ်းခြေမှ မိုင် ၇၀ ကွာဝေးသည့် အီတလီနိုင်ငံပိုင် လန်ပီဒူဆာ (Lampedusa) ကျွန်းသို့ ဦးတည်လာလေ့ရှိသည်။

အီးယူအဖွဲ့အနေနှင့် လန်ပီဒူဆာကျွန်းတွင်လည်းကောင်း၊ မြေထဲပင်လယ်တောင်ပိုင်းရှိ တူနီးရှားကဲ့သို့ နိုင်ငံများတွင်လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးရုံးခွဲများ ဖွင့်လှစ်ကာ နိုင်ငံရေးခိုလှုံခွင့်လျှောက်ထားသူများကို စနစ်တကျစိစစ်လက်ခံနိုင်ပါက လှေစီးဒုက္ခသည် သေကျေမှုများ အလွန်လျော့ကျသွားနိုင်သည်ဟု နိုင်ငံရေးလေ့လာသူများက အကြံပေးကြသည်။

သို့သော် မြောက်အာဖရိကနိုင်ငံများတွင် အီးယူလူဝင်မှုကြီးကြပ်ရေးရုံးခွဲများ ဖွင့်လှစ်နိုင်ရန်မှာ အိမ်ရှင်နိုင်ငံများကို ငွေကြေးထောက်ပံ့ပေးရခြင်းနှင့် အခြားသော စိန်ခေါ်မှုများရှိနေသဖြင့် မလွယ်ကူလှကြောင်း ဝေဖန်ထောက်ပြသူများ ရှိနေသည်။

---

ရယ်စရာ မောစရာ ဟာသပဒေသာ

## နားရက်ရအောင်လုပ်ပြမယ်

ရုံးဝန်ထမ်းနှစ်ဦး စကားပြောနေကြသည်။

အမျိုးသမီးဝန်ထမ်း- "ကျွန်မတို့ ဘော့စ် ကျွန်မကို ဒီနေ့ နားရက်ပေးအောင်လုပ်ပြမယ်"

အမျိုးသားဝန်ထမ်း- "ဘယ်လိုလုပ်မှာလဲ"

အမျိုးသမီးဝန်ထမ်း - "စောင့်ကြည့်လိုက်လေ"

ပြောပြောဆိုဆိုဖြင့်အမျိုးသမီးဝန်ထမ်းသည် မျက်နှာကြက်တွင် တွယ်တက်နေလိုက်သည်။

အခန်းထဲသို့ ဘော့စ်ဖြစ်သူ ဝင်လာသောအခါ-

ဘော့စ်- "ဘာလုပ်နေတာလဲ"

အမျိုးသမီးဝန်ထမ်း- "ကျွန်မက မီးသီးလေ"

ဘော့စ်- "ဟာ မင်းဒီမှာအလုပ်လုပ်နေတာကြာပါပြီ။ ဘယ်လိုဖြစ်သွားတာလဲ။ မင်း ဒီနေ့ နားဖို့တော့လိုအပ်နေပြီ"

ထိုစဉ်အမျိုးသားဝန်ထမ်းကလည်း အမျိုးသမီးဝန်ထမ်းနောက်သို့ လိုက်သွားရာ-

ဘော့စ်- "ဟေ့ မင်းကဘယ်သွားမလို့လဲ"

အမျိုးသားဝန်ထမ်း- "ကျွန်တော်လည်း ဒီနေ့အိမ်ပြန်နားမှာဖြစ်မယ်။ ကျွန်တော်က မှောင်ရင် အလုပ်မလုပ်တတ်လို့ပါ"

**ဆီလျော်အောင်ပြန်ဆိုထားသည်- ချမ်းမြတ်သော်ဇင်**

# ကျိုက္ကသာ မြို့ဟောင်းသို့

မောင်သာ(ရှေးဟောင်းသုတေသန)

*ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် ဝန်ကြီးဌာနကချမှတ်ထားသော "သမိုင်းဝင်ရှေးဟောင်းဒေသများ၊ အဆောက်အအုံများ၊ ရှေးဟောင်းပစ္စည်းများ ရှာဖွေဖော်ထုတ်ထိန်းသိမ်း ကာကွယ် စောင့်ရှောက်ရန်"ဟူသည့် မူဝါဒနှင့်အညီ မြန်မာနိုင်ငံအတွင်းရှိနေသည့် ရှေးဟောင်းမြို့ပေါင်း ၃၅၀ ကျော်အနက် မြို့ဟောင်း ၃၀ ခန့်ကို တူးဖော်ထိန်းသိမ်းထားခဲ့ရာ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကျိုက္ကသာ မြို့ဟောင်းသည်လည်း တစ်ခုအပါအဝင် ဖြစ်ပေသည်။*



ကျိုက္ကသာသည် ကျိုက်ထိုမြို့နှင့် မုပ္ပလင်အကြား စစ်တောင်းမြစ်၏ အရှေ့ဘက်ကမ်းတွင်တည်ရှိပြီး မီးရထားလမ်းအတိုင်း ကျိုက်ထိုမြို့မှ ခုနစ်မိုင်နှင့် မုပ္ပလင်မှ ခြောက်မိုင်ခန့်ကွာဝေးသည်။ ရန်ကုန်-မော်လမြိုင် မီးရထားလမ်းသည် ကျိုက္ကသာမြို့ရိုးကို ဖြတ်သန်းဖောက်လုပ်ထားသဖြင့် ကျိုက္ကသာသည် နှစ်ပိုင်းဖြစ်နေကာ ရထားလမ်းအရှေ့ပိုင်းကို ကော့စန်ဟု ခေါ်ပြီး ရထားလမ်းအနောက်ပိုင်းကို ကျိုက္ကသာဟု ခေါ်ကြသည်။ ကော့စန်နှင့် ကျိုက္ကသာနှစ် ရွာပေါင်းကာ ကျိုက္ကသာ ကျေးရွာအုပ်စုအဖြစ် သတ်မှတ်ထားသည်။ ကျိုက္ကသာရွာသည် စစ်တောင်းမြစ်ကမ်းဘက် မြေပြန့်ပိုင်းတွင်ရှိပြီး ကော့စန်ရွာက အတွင်းဘက်ကုန်းပိုင်းတွင် တည်ရှိသည်။

မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၂၁ မိနစ် ၃၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၅ မိနစ်တွင် တည်ရှိနေသည့် ကျိုက္ကသာသည် ယခုအခါတွင် အိမ်ခြေ ၁၁၀၀ ကျော်ရှိပြီး လူဦးရေ ၆၇၀၀ ကျော် နေထိုင်လျက်ရှိသည်။ ဒေသနေပြည်သူအများစုသည် လယ်ယာလုပ်ငန်းနှင့် ကွမ်းရွက်စိုက်ပျိုးခြင်းလုပ်ငန်းများဖြင့် အသက်မွေးကြသည်။ ကျိုက္ကသာသည် သစ်တောဦးအောင်မြင့်က ကောင်းကင်ဓာတ်ပုံများမှတစ်ဆင့် မြင်တွေ့ခဲ့ရသဖြင့် ၁၉၈၁ ခုနှစ် ဇန်နဝါရီလတွင် ကိုယ်တိုင်ကွင်းဆင်း ဖော်ထုတ်ပေးခဲ့သည့် မြို့ဟောင်းဖြစ်သည်။ ဦးအောင်မြင့်သည် မြို့ဟောင်းအတွင်းရှိနေသော ကျိုက္ကသာရွာကို အစွဲပြု၍ ကျိုက္ကသာမြို့ဟောင်းဟု အမည်ပေးခဲ့သည်။ ရှေးဟောင်းသုတေသနဦးစီးဌာနက ကျိုက္ကသာမြို့ဟောင်းကို ၁၉၈၆ ခုနှစ်တွင် တူးဖော်မှုများ ဆောင်ရွက်ခဲ့သည်။

ကျိုက္ကသာ မြို့ဟောင်းသည် သထုံမြို့ဟောင်းနှင့် အရွယ်တူဖြစ်ပြီး ပဲခူးမြို့ဟောင်းထက် အနည်းငယ်သေးကာအရှေ့အနောက် တစ်မိုင်ခွဲနှင့် တောင်မြောက် တစ်မိုင်နီးပါးခန့်ရှိသည်။ မြို့အကျယ်အဝန်း ၆၆၇ ဧကအတွင်း မြို့ရိုးနှစ်ထပ်ရှိသည်။ မြို့အတွင်းပိုင်းတွင် စတုဂံပုံရှိသည့် နန်းတော်ရာဟု ယူဆဖွယ်ရှိသော နေရာသည် ၉၀ ဒသမ ၅ ဧကကျယ်ဝန်းသည်။ မြန်မာနိုင်ငံရှိ ရှေးကျသော မြို့ဟောင်းများ၏ မြို့ရိုးများသည် ဝန်းဝိုင်းသော ပုံသဏ္ဌာန်ရှိကြပြီး မြို့ရိုးလေးထောင့်ပုံဖြစ်နေလျှင်လည်း မြို့ရိုး၏ ထောင့်အနားများကို ဝိုင်းထားလေ့ရှိသည်။ ပျူမြို့ဟောင်းများဖြစ်ကြသည့် သရေခေတ္တရာ၊ ဟန်လင်း၊ ဗိဿနိုး၊ မိုင်းမော၊ ဝတီးတို့သည်လည်းကောင်း၊ ရခိုင်မြို့ဟောင်းများဖြစ်သည့် ဝေသာလီနှင့် ဓညဝတီတို့သည်လည်းကောင်း မြို့ရိုးများလုံးဝိုင်းနေသည်ကို မြင်ကြရပေသည်။ ပဲခူးနှင့် သထုံမြို့ဟောင်းများသည် စတုဂံပုံမြို့ထောင့်များရှိကြသဖြင့် မြို့သက်တမ်း အလွန်ရှေးမကျကြောင်း သမိုင်းပညာရှင်ဒေါက်တာသန်းထွန်းက ရေးသားခဲ့သည်။ ထို့ကြောင့် ပညာရှင်များက ကျိုက္ကသာသည် ပဲခူး၊ သထုံမြို့ဟောင်းများထက် ကာလစောစွာတည်ဆောက်ခဲ့သည့် မြို့ဟောင်းတစ်ခုဖြစ်ဖွယ်ရှိကြောင်း သုံးသပ်ကြသည်။

ကျိုက္ကသာမြို့ဟောင်း၏ ထူးခြားချက်မှာ မြို့၏ဝန်းကျင်တွင် ခံတပ်များနှင့် ခံတပ်မြို့ဟောင်းများ ဝန်းရံထားခြင်းဖြစ်ပေသည်။ ကျိုက္ကသာမြို့ဟောင်းကို စစ်တောင်းခံတပ်၊ ကော့ထင်၊ ကတ်ကတစ်၊ ကတိုက်ကြီး၊ ကတိုက်လေး၊ ကေလာသ၊ အရက်သမ၊ ဝင်းက စသည့်ခံတပ်မြို့ဟောင်းငယ်များက ဝန်းရံနေသည်ကို တွေ့မြင်ရသည်။ ထိုသို့ခံတပ်ငယ်များဝန်းရံထားသည်ကို ထောက်ခြင်းအားဖြင့် ကျိုက္ကသာသည် ထိုဒေသတွင် အရေးပါသော မြို့တစ်မြို့ဖြစ်နိုင်ကြောင်း ပညာရှင်များက ယူဆကြသည်။

ထို့ကြောင့်လည်း "ကောင်းကင်ဓာတ်ပုံများမှ မြန်မာ့ရှေးဟောင်းမြို့တော်များ"စာအုပ်ကို ပြုစုခဲ့သူ ဦးအောင်မြင့်က "ကျိုက္ကသာ တည်ရှိသည့်ကျိုက်ထိုမြို့နယ်သည် အရှေ့ဘက်နှင့်တောင်ဘက်၌ မြို့ဟောင်းများပေါများသည့် ဘီးလင်းနယ်၊ သထုံနယ်တို့နှင့် ဆက်စပ်လျက်ရှိသည်။ အနောက်ဘက်တွင်လည်း ရှေးဟောင်းရာများ ပေါများသည့် ဝေါမြို့နယ်၊ ပဲခူးမြို့နယ်များတွင် အနည်းနှင့်အများ ရှေးဟောင်းရာများနှင့် ခံတပ်ဟောင်းများကို ကောင်းကင်မြေပုံများမှ ဖတ်ရှုတွေ့ရှိရပေသည်။ သို့ဖြစ်၍ ကျိုက္ကသာ၏ တည်နေရာသည် စိတ်ဝင်စားစရာဖြစ်နေပြီး ကျိုက္ကသာ၏ အရေးကြီးအချက်အချာကျပုံကို ထောက်ကူဖော်ညွှန်းနေခြင်းဖြစ်သည်"ဟု သူ၏စာအုပ်တွင် ရေးသားခဲ့ပေသည်။



လွန်ခဲ့သောလက ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ကော့ထင်၊ ဘိုရားကြီး၊ မုက္ခမူရွာများကို ဖြတ်သန်းပြီး ကျိုက္ကသာမြို့ဟောင်းသို့ ကျွန်တော်ရောက်ရှိခဲ့ပါသည်။ ကျိုက္ကသာအရှေ့မြို့ရိုးအပြင်တွင် ခံတပ်ငယ်များအဖြစ် အသုံးပြုခဲ့ဟန်တူသော ဂဝံကျောက်ကုန်းလိုဏ်ဂူများရှိရာ ရှေးဟောင်းသုတေသနဦးစီးဌာနက ထိန်းသိမ်းထားသော မုဆိုးမဂူသို့ ရောက်ရှိခဲ့သည်။ ပါးစပ်ရာဇဝင်များအရ မုဆိုးမဂူသည် သထုံပြည်ပျက်ပြီးနောက် မွန်မိဖုရားတစ်ပါး လာရောက်ပုန်းအောင်းရာ နေရာဖြစ်သည်ဟု ဆိုကြသည်။ လူများခိုအောင်းနိုင်ရန် ဂဝံကျောက်ကုန်းကို တူးထားသည့် မုဆိုးမဂူသည် လူလုပ်လိုဏ်တစ်ခုဖြစ်ပြီး အတွင်းတွင် အတန်ငယ်ကျယ်ဝန်း၍ လူများကောင်းစွာခိုအောင်းနိုင်သည့် နေရာတစ်ခုဖြစ်သည်။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ပြိုကျနေသောနေရာကို ပြုပြင်ကာ မုဆိုးမဂူအား ထိန်းသိမ်းထားသည်။ ရှေးဟောင်းသုတေသန ဦးစီးဌာနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် မွန်ပြည်နယ်အတွင်း ရှေးဟောင်းနေရာ ၁၂ ခုကို ထိန်းသိမ်းထားသည့်အနက် ကျိုက်ထိုမြို့နယ်တွင် ရှေးဟောင်းနေရာသုံးခုရှိရာ ကျိုက်ထီးရိုးဆံတော်ရှင် စေတီတော်၊ ကျိုက္ကသာတွင်တူးဖော်ခဲ့သော ကုန်းအမှတ်(၇)နှင့် မုဆိုးမဂူတို့ဖြစ်ကြသည်။

ရှေးဟောင်းရာဇဝင် သုတေသီအချို့က မုဆိုးမဂူသည် မြို့ရိုးအနီးတွင် တည်နေခြင်း၊ လူလုပ်ဂူဖြစ်ပြီး ရန်သူကို ခုခံကာကွယ်ရန် စနစ်တကျ ပြုပြင်ထားသည့် လက္ခဏာများ တွေ့ရခြင်းတို့ကြောင့် မြို့ရိုးစောင့် သူရဲသူခက်တို့ နားနေစခန်းချရာ အဆောက်အအုံတစ်ခု ဖြစ်နိုင်ကြောင်း ကောက်ချက်ချကြသည်။ ဂူ၏အလျားမှာ ၅၃ တောင်ခန့်၊ အနံမှာ ၁၃ တောင်ခန့်ရှိပြီး ဂူအပေါက်ဝသည် တစ်တောင်ခွဲမျှသာ ကျယ်၏။ ဂူအတွင်း၌ အခန်းငယ်များရှိသည်။ ဂူအလယ်ပိုင်းနှင့် အနောက်ခြမ်းမှာ ပြိုကျနေသဖြင့် အခန်းပေါင်း မည်မျှရှိသည်ကို အတိအကျ မသိနိုင်ခဲ့ပါချေ။ ပြိုကျနေသည့် ဂူအလယ်ပိုင်းတွင် အခန်းကျယ်တစ်ခုရှိပြီး ထိုအခန်းထဲတွင် ယခင်က ဂဝံဖြင့်ပြုလုပ်ထားသော ကျောက်ခုတင် တစ်လုံးရှိခဲ့သည်ဟု ရွာခံတစ်ဦးက ဆိုပါသည်။ ထိုအခန်းနေရာသည် လုံးဝပျက်စီးနေပြီဖြစ်သည်။

ကျိုက္ကသာမြို့ဟောင်းကို လေ့လာခဲ့ကြသူများသည် လက်ရေးစင်းပါအုတ်များကို တွေ့ရှိရသကဲ့သို့ ကျွန်တော်တို့အဖွဲ့ ကျိုက္ကသာသို့ ရောက်ရှိခဲ့စဉ် မလော့ချောင်ရွာတွင် ယင်းလက်စင်းရာပါ အုတ်များကို အများအပြား တွေ့ရှိခဲ့ရသည်။

မလော့ချောင်သည် ကျိုက္ကသာမှ တစ်မိုင်ခန့်ကွာဝေးပြီး အိမ်ခြေသုံးရာခန့်သာရှိသည်။ မလော့ချောင်တွင် ကြီးမားသော ကုန်းကြီးတစ်ခုကို တွေ့ခဲ့ရပြီး ထိုကုန်းကြီးပေါ်တွင် လက်စင်းရာပါအုတ်များကို တွေ့ခဲ့ရခြင်းဖြစ်သည်။ ယင်းကုန်းကြီးကို တူးဖော်နိုင်ပါက သမိုင်းအထောက်အထားများစွာရရှိနိုင်မည်ဟု ယူဆမိကြောင်း ခရီးစဉ်တွင်လိုက်ပါလာသည့် သုဝဏ္ဏဘူမိသမိုင်းကို ဖော်ထုတ်နေသူ သမိုင်းသုတေသနပညာရှင်ဆရာကြီး ဦးစံဝင်းက သုံးသပ်ခဲ့သည်။

လက်စင်းရာပါသော အုတ်များကို ပျူမြို့ဟောင်းများတွင် တွေ့ရလေ့ရှိသည်။ အောက်မြန်မာပြည်တွင်မူ လက်စင်းရာပါအုတ်များကို ကျိုက္ကသာတွင် ပထမဆုံးတွေ့ရှိခြင်းဖြစ်သည်။ ယေဘုယျအားဖြင့် လက်စင်းရာပါ အုတ်များကို ဘီစီ ၁ ရာစုမှ ၉ ရာစုအတွင်း ပြုလုပ်ခဲ့ကြသည်။

လက်စင်းရာပါအတိုင်း ပျူခေတ်အုတ်ဟု တစ်ထစ်ချ မပြောနိုင်သဖြင့် ပျူခေတ်ကပြုလုပ်ခဲ့သည့် အုတ်ဟုတ်၊ မဟုတ် ဆိုသည်ကို အပူလှိုင်းဖြင့် သက်တမ်းတွက်ချက်သည့် (Thermoluminescent) နည်းဖြင့် တွက်ချက်နိုင်ပေသည်။ ယခုအခါတွင် မြန်မာနိုင်ငံအတွင်းရှိ ရှေးဟောင်းအုတ်များနှင့် မြေထည်ပစ္စည်းများ၏ သက်တမ်းကို တွက်ချက်နိုင်ရန် (Thermoluminescent) စက်ပစ္စည်းများကို ပြည်ပမှမှာယူထားကြောင်း သိရသည်။

လက်စင်းရာပါသော အုတ်များကို အုတ်ဖုတ်သူက ထုတ်လုပ်သူ၏ အမှတ်အသားတစ်ခုအဖြစ် လည်းကောင်း၊ အုတ်စီရာတွင် သရိုးမြဲစေရန်ရည်ရွယ်၍လည်းကောင်း၊ အလှအပ မွမ်းမံသည့်အနေဖြင့်သော်လည်းကောင်း ပြုလုပ်ခြင်းဖြစ်နိုင်ကြောင်း၊ ရှေးဟောင်းသုတေသနဦးစီးဌာနမှ အရာရှိကြီးတစ်ဦးက သုံးသပ်ပြောကြားခဲ့သည်။ လက်စင်းရာများသည် လက်ချောင်းရာ တစ်ချောင်း၊ နှစ်ချောင်း၊ သုံးချောင်း အထိရှိပြီး မျဉ်းဖြောင့်၊ အကွေး၊ ထောင့်တန်း၊ ကန့်လန့်ဖြတ် စသည်ဖြင့်ပုံသဏ္ဌာန်များလည်း ကွဲပြားကြသည်။

ကျိုက္ကသာမြို့ဟောင်း၏အတွင်း မြို့ရိုးအလယ်တွင် ကျိုက်ခနံ့ဟု ဘွဲ့အမည်ရှိသော ရှေးဟောင်းဘုရားကြီးတစ်ဆူနှင့် မြို့အနောက်တောင်တွင် ဆုတောင်းပြည့် ရှေးဟောင်းစေတီတော်ကြီး တစ်ဆူရှိခဲ့သည်။ သို့သော်လည်း ယခုအခါတွင် ယင်းတို့ကို ပြုပြင်မွမ်းမံလိုက်ကြသဖြင့် ရှေးဟောင်းစေတီများဟု မခေါ်နိုင်တော့ပါချေ။ ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးအများစုသည် ဗုဒ္ဓသာသနာတော်အပေါ် ကြည်ညိုသဒ္ဓါစိတ်ကြီးမားမှုကြောင့် စေတီပုထိုးကျောင်းကန်များ ဟောင်းနွမ်းနေလျှင် အမြင်မတင့်တယ်ဟု ခံယူလေ့ရှိကာ လှပသစ်လွင်စေရန် ပြုပြင်မွမ်းမံလိုကြပေသည်။ စာမျက်နှာ ၂၂သို့

**ပညာရှင်များက ကျိုက္ကသာသည် ပဲခူး၊ သထုံမြို့ဟောင်းများထက် ကာလစောစွာတည်ဆောက်ခဲ့သည့် မြို့ဟောင်းတစ်ခုဖြစ်ဖွယ်ရှိကြောင်း သုံးသပ်**

# စကားပြေအလေ့အလာ(၇)



**မောင်ခင်မင်(ဓနုဖြူ)**

"ဆရာဇော်ဂျီညွှန်းတဲ့ Fundamentals of Good Writing လို စကားပြေအရေးအသားအကြောင်း ရေးထားတဲ့ တခြားစာအုပ်တွေလည်း ရှိမှာပေါ့နော်။ အဲဒီစာအုပ်တွေအကြောင်းလည်း သိပါရစေဆရာ"

"အင်း. . . အဲဒီစာအုပ်ကို ဆရာလေ့လာပြီးတော့ အခြားစာအုပ်တွေလည်း ရှာဖွေလေ့လာဖြစ်ပါတယ်။ စာအုပ်တွေကတော့ အများကြီးပါပဲ။ Studies in Prose Writing ဆိုတဲ့ စာအုပ်ဆိုရင်လည်း တော်တော်ကောင်းတယ်။ ထင်ရှားတဲ့ ဝတ္ထုတွေ၊ ပြဇာတ်တွေ၊ ရသစာတမ်းတွေ၊ အတ္ထုပ္ပတ္တိတွေ စသည်ဖြင့်ပေါ့။ အဲဒီစာပေတွေကို ဘယ်လိုရေးသားထားတယ်၊ ဘယ်လိုကောင်းတယ်ဆိုတာ စနစ်တကျလေ့လာပြထားတာလေ။ ကိုယ်ဘယ်လို လေ့လာရမယ်ဆိုတဲ့နည်း နားလည်ရတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါဆရာ။ သမီးတို့ ဆရာပြောတဲ့စာအုပ်တွေ ရှာပြီးဖတ်ပါ့မယ်"

" နောက် Rudof Flesch ဆိုတဲ့ ပုဂ္ဂိုလ်ရဲ့စာအုပ်တွေလည်း တော်တော်ကောင်းပါတယ်၊ ဒီပုဂ္ဂိုလ်က စာအရေးအသားတွေကို အထူးတလည် သုတေသနပြုထားတဲ့ ပါရဂူဘွဲ့ရပညာရှင်ပဲ။ The Art of Plain Talk, The Art of Readable Writing ဆိုတဲ့ သူ့စာအုပ်တွေဖတ်ပြီး အသိအမြင်တိုးပွားလာရတာပေါ့ကွယ်။ ဒါက နမူနာပြောတာပါ။ အဲဒီလိုစာအုပ်မျိုးတွေ ဒီနေ့အထိ အဆက်မပြတ်ထွက်နေတာပါ။ ရှာဖွေလေ့လာကြည့်နိုင်ရင် ကောင်းတာပေါ့ကွယ်"

"ပြောရဦးမယ်။ ဆရာဇော်ဂျီညွှန်းတဲ့စာအုပ်ကိုအခြေခံပြီး မန္တလေးတက္ကသိုလ်က ဆရာဦးအုန်းသော်က စာအုပ်တစ်အုပ်ပြုစုထားတယ်။ စာအုပ်နာမည်က 'စာရေးနည်းလေးမျိုး'တဲ့။ သရုပ်ဖော်၊ ဖြစ်စဉ်ပြ၊ ဖွင့်ဆိုရှင်းပြ၊ ကျိုးကြောင်းပြဆိုတဲ့ စကားပြေအဖွဲ့လေးမျိုးကို သာဓကတွေနဲ့ ရှင်းလင်းဖွင့်ဆိုထားတဲ့ စာအုပ်ပေါ့။ စကားပြေကို စနစ်တကျလေ့လာသူတွေအတွက် အထောက်အကူပြုတဲ့ စာအုပ်ပေါ့ကွယ်"

"အဲဒီစာအုပ်ကို ကျောင်းမှာ ပြဋ္ဌာန်းဖူးတယ်ထင်တယ်နော် ဆရာ။ စာအုပ်နာမည်ကြားဖူးပါတယ်"

"တက္ကသိုလ်ပထမနှစ် ကျောင်းသားတွေအတွက် ပြဋ္ဌာန်းစာအုပ်တစ်အုပ်ပေါ့ကွယ်။ ဒေသကောလိပ်ခေတ်က ပြုစုတာပါ"

"ဩော်. . . 'ဆရာရေးတဲ့ စကားပြေသဘောတရား၊ စကားပြေ အတတ်ပညာ' စာအုပ်အကြောင်းလည်း သိချင်ပါတယ်ဆရာ"

"အဲဒီစာအုပ်ထွက်တာ တော်တော်ကြာပြီထင်တယ်နော် ဆရာ။ ကျွန်တော်အဖေ့ရဲ့ စာအုပ်စင်မှာတွေ့လို့ ယူပြီးဖတ်ဖြစ်ပါတယ်။"

"အင်း. . . . ကိုယ့်စာအုပ်အကြောင်းဖြစ်နေလို့ အကျယ်ချဲ့မပြောတော့ပါဘူး။ ဒါပေမယ့် အဲဒီစာအုပ်ရေးရတဲ့ ရည်ရွယ်ချက်ကိုတော့ နည်းနည်းပြောဖို့လိုမလားမသိဘူး။ ဆရာပြောခဲ့တဲ့အတိုင်းပါပဲ။ ဆရာတို့ ဆရာဖြစ်စက စကားပြေသင်တဲ့အခါ စာထဲပါတဲ့အကြောင်းအရာကို ပြန်ပြောပြတာလောက်ပဲ လုပ်တတ်တယ်။ သနားစရာကောင်းတဲ့ အကြောင်းအရာကိုကျောင်းသားတွေသနားလောက်အောင် ဖွဲ့ဖွဲ့နွဲ့နွဲ့ပြောတယ်။ ပျော်စရာ၊ ကြည်နူးစရာ၊ အံ့ဩစရာစသည်ဖြင့်ပေါ့။ အဲဒီအကြောင်းအရာတွေကို ပုံပြောသလို ဖွဲ့ဖွဲ့နွဲ့နွဲ့ပြန်ပြောပြတော့ ကိုယ်အပြောကောင်းရင် ကျောင်းသားတွေက စိတ်ဝင်စားတာပေါ့။ အဲ. . . အပြောမကောင်းရင်လည်း သူတို့ပျင်းမှာပေါ့။ အဲဒီလိုအကြောင်းအရာကို ပြန်ဖောက်သည်ချတဲ့အလုပ်ပဲ ဆရာတို့ လုပ်တတ်တယ်လေ။ စာအရေးအသားနဲ့ပတ်သက်ပြီး ကျောင်းသားတွေ ပညာရအောင် ဟုတ်တိပတ်တိ မသင်တတ်ပါဘူး"

"ဟုတ်ကဲ့ပါ"

"အဲဒီတော့ ကိုယ့်ဟာကိုယ်သံသယဝင်လာတယ်။ 'ငါအခုလုပ်နေတာတပည့် တွေကို စကားပြေသင်တာမှဟုတ်ရဲ့လား။ စကားပြေထဲက အကြောင်းအရာတွေကို ပုံပြောသလိုပြန်ပြီး ဖောက်သည်ချနေတာ မဟုတ်ဘူးလား'လို့ ကိုယ့်ဟာကိုယ်ပြန်မေးမိတယ်"

"ဟုတ်ကဲ့ပါ"

"ပြီးတော့ 'စကားပြေထဲက အကြောင်းအရာကိုသာ ပြန်ပြောပြခြင်းသည် စကားပြေသင်ကြားခြင်းမဟုတ်' လို့ အခိုင်အမာယုံကြည်တယ်။ စကားပြေရဲ့ အရေးအသားကို ပညာရပ်အနေနဲ့သင်မှ စကားပြေသင်ရာရောက်မယ်လို့လည်း တွေးမိလာတယ်"

"အဲဒါနဲ့လည်း စကားပြေအရေးအသားနဲ့ပတ်သက်တဲ့ ရေးသားချက်တွေ အဆိုအမိန့်တွေ ဖတ်ရင်းလေ့လာရင်းနဲ့ နောက်တော့ ဆရာဇော်ဂျီညွှန်တဲ့စာအုပ်ကစပြီး အရေးအသားအကြောင်းစာအုပ်တွေလေ့လာရာက မျက်စိပွင့်လာပြီး စာသင်တဲ့အခါမှာလည်း စကားပြေရေးပုံတွေကို ထောက်ပြတတ်လာတယ်"

"အဲဒီလိုသင်တော့ ကျောင်းသားတွေပိုစိတ်ဝင်စားမှာပေါ့ ဆရာ"

"ဟုတ်ပါတယ်။ စကားပြေဆိုတာက ကျောင်းသားက ကိုယ့်ဘာသာကိုယ် ဖတ်ကြည့်ရင်နားလည်တဲ့စာမျိုးလေ။ ကဗျာနဲ့မတူဘူး။ ကဗျာက ကိုယ့်ဘာသာကိုယ် ဖတ်ရုံနဲ့အလွယ်တကူ နားမလည်နိုင်ပါဘူး။ ကာရန်ယူပုံတွေ စကားသုံးပုံတွေ အလင်္ကာတွေပါတယ်။ ရှေးသုံးစကားတွေပါတယ်။ အကွယ်အဝှက်တွေပါတယ်။ ဒီတော့ ဆရာသင်ပေးမှ နားလည်နိုင်တာမဟုတ်လား"

"ဟုတ်ပါတယ်ဆရာ"

"အဲ. . . စကားပြေကတော့ ဆရာသင်မပေးခင်ကတည်းက နားလည်နေတဲ့စာမျိုးမို့ အကြောင်းအရာသက်သက်ပြောပြရင် ကျောင်းသား သိပြီးသားဟာကို ပြန်ပြောသလိုဖြစ်နေမှာလေ"

"ဟုတ်ကဲ့ပါ"

"ဒီတော့ ပညာရပ်အနေနဲ့ ကျောင်းသားမသိသေးတဲ့ အရေးအသားပိုင်းကို သင်ပေးမှသာ စကားပြေသင်ရာရောက်မှာပေါ့ကွယ်။ ကျောင်းသားက ပညာလည်းရ၊ စိတ်ဝင်စားစရာလည်းကောင်းတာပေါ့"

"ဟုတ်ကဲ့ပါ"

"အဲဒီလိုခံယူပြီး စကားပြေသင်ရင်းနဲ့ ဆယ်နှစ်လောက်ကြာတော့ စကားပြေ သဘောတရားနည်းနာတွေကို တော်တော်လေးလေ့လာပြီးပြီ။ စကားပြေအရေးအသားနဲ့ ပတ်သက်တဲ့စာအုပ်တစ်အုပ် ရေးကြည့်ရင် ကောင်းမယ်လို့ စိတ်ကူးရပြီး 'စကားပြေသဘောတရား စကားပြေအတတ်ပညာ' စာအုပ်ကိုရေးခဲ့တာပါပဲ။"

"ခုဆို နှစ်သုံးဆယ်ကျော်ပြီပေါ့နော်"

"ဟုတ်ပါတယ်။ ဒီစာအုပ်ထွက်လာပြီးနောက်ပိုင်းမှာ စကားပြေလေ့လာတာ ပိုပြီးကျယ်ပြန့်လာတယ်လို့ဆိုရမှာပေါ့။ စကားပြေအရေးအသားကို အရင်ကထက်ပိုပြီး အာရုံစိုက်လာကြတာတွေ့ရပါတယ်။ စာရေးဆရာတွေရဲ့ အရေးအသားတွေကိုလေ့လာတဲ့ ဆောင်းပါးတွေ၊ အလုပ်စာတမ်းတွေ၊ ကျမ်းတွေ၊ အထိုက်အလျောက် ပေါ်ပေါက်လာတယ်လေ"

"ဟုတ်ကဲ့ပါ"

"တက္ကသိုလ်တွေက မြန်မာစာဌာနတွေ အင်္ဂလိပ်စာဌာနတွေမှာ ဘာသာစကားကို စနစ်တကျလေ့လာတဲ့ ဘာသာဗေဒ (Linguistics) ပညာရပ်ကို သင်ကြားရာမှာ ပညာရပ်ခွဲတစ်ခုဖြစ်တဲ့ ရေးဟန်ပညာ (Stylistics) ကိုလည်း သင်ကြားလာကြတော့ စကားပြေ အရေးအသားလေ့လာတာနဲ့ ဆက်မိသွားတာပေါ့"

> **စကားပြေဆိုတာက ကျောင်းသားက ကိုယ့်ဘာသာကိုယ် ဖတ်ကြည့်ရင် နားလည်တဲ့စာမျိုးလေ။ ကဗျာနဲ့မတူဘူး။ ကဗျာက ကိုယ့်ဘာသာကိုယ်ဖတ်ရုံနဲ့ အလွယ်တကူ နားမလည်နိုင်ပါဘူး**

"ဩော်. . . . ဟုတ်ကဲ့ပါဆရာ"

"ရေးဟန်ပညာဆိုတာကတော့ ကဗျာရေးဟန်လေ့လာတာရော၊ စကားပြေရေးဟန်လေ့လာတာရော အကျုံးဝင်တာပေါ့။ စကားပြေရေးဟန်အကြောင်းပြောရရင် စာရေးဆရာတစ်ယောက်ရဲ့ ဝတ္ထု၊ စကားပြေရေးဟန်၊ ဆောင်းပါးစကားပြေရေးဟန်၊ ရသစာတမ်းရေးဟန် စသည်ဖြင့် ပိုင်းခြားလေ့လာတာမျိုးတွေ စနစ်တကျလုပ်နိုင်ပါတယ်"

"ဆရာပြောတဲ့ စာအုပ်စာတမ်းတွေ၊ ကျမ်းတွေ ဘယ်မှာလေ့လာနိုင်ပါသလဲဆရာ"

ဩော်. . . တက္ကသိုလ်မြန်မာစာဌာနတွေမှာတင်သွင်းတဲ့ မဟာဘွဲ့၊ ပါရဂူဘွဲ့စာတမ်းတွေ၊ ကျမ်းတွေကို ဆိုလိုတာပါ။ ဥပမာကွယ်။ "ဆရာမောင်ထင်ရဲ့ သရော်စာရေးဟန်'၊ 'ဆရာဇော်ဂျီရဲ့ ဝတ္ထုတိုရေးဟန်'၊ ဆရာသိန်းဖေမြင့်ရဲ့ 'ခရီးသွားမှတ်တမ်းရေးဟန်'၊ ရှေးမြန်မာစာပေတွေထဲက ပါဠိမြန်မာနိဿယဆန်တဲ့ မြန်မာစကားပြေရေးဟန်၊ 'သတင်းစာစကားပြေရေးဟန်' ဆိုတဲ့ ကျမ်းမျိုးတွေ ပြုစုပြီးကြပါပြီ"

"ဆရာပြောတာ ကြားရရုံနဲ့တင် တော်တော်စိတ်ဝင်စားစရာကောင်းနေပါပြီဆရာ။ စကားပြေက သမီးတို့စာနယ်ဇင်းလောကမှာလည်း ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနေတာမို့ သမီးတို့လည်း စကားပြေကို လေးလေးနက်နက် လေ့လာဖို့ လိုအပ်တယ်ဆိုတာ နားလည်ပါပြီဆရာ"

"ကဲ. . . စကားပြေအလေ့အလာဆိုတဲ့ အကြောင်းအရာကို ဒီနေရာမှာပဲ နိဂုံးချုပ်ကြတာပေါ့ကွယ်"

"ကျေးဇူးတင်ပါတယ်ဆရာ"

# အမျက်ဒေါသဟူသည်

**မြင့်မောင်စိုး**

ကျွန်ုပ်တို့ လူသားများသည် ပုထုဇဉ်များဖြစ်ကြသည့်အလျောက် အမျက်ဒေါသထွက်တတ်ကြ၏။ ဒေါသအနည်း၊ အများသာ ကွာခြား၏။ အချို့က ဒေါသပြင်းစွာထွက်တတ်၏။ အချို့က ဒေါသထွက်သော်လည်း ပြေလွယ်၏။ ပျောက်လွယ်၏။ အချို့ကား ပြေခဲပျောက်ခဲ၏။ ဒေါသကို တအုံနွေးနွေးမွေးထားသူ၊ တေးထားသူများလည်းရှိသေး၏။ ဆန္ဒနှင့်ဘဝ တစ်ထပ်တည်း မကျသည့်အခါ တိုင်း ဒေါသထွက်ကြ၏။ ဆန္ဒသည် ဘဝကို အမြဲတမ်းလိုက်လျောသည် မရှိ။ တစ်ခါတစ်ရံ ဖြစ်ချင်သောဆန္ဒနှင့် ဖြစ်နေသောဘဝသည် ဗီလာကန့်လန့် ဖြစ်နေတတ်၏။ ထိုအခါ ဒေါသထွက်ကြရ၏။

ဒေါသသည် မကောင်း။ ဒေါသသည် စိတ်ကိုတိုစေ၏။ ရုပ်ကိုအိုစေ၏။ ဒေါသဟူသည် ပျက်စီးသောအကြောင်းတရားတည်း။ အချို့က ထွက်သောဒေါသကို မထိန်းချုပ်နိုင်သဖြင့် အရာရာဆုတ်ယုတ်ခြင်း၊ ပျက်စီးခြင်းတို့ ရောက်ရ၏။ အချို့က ဒေါသထွက်သော်လည်း ဒေါသကို အပြင်မထွက်။ ထိန်းချုပ်နိုင်စွမ်းရှိ၏။ သူကောင်းအမျက် အပြင်မထွက်ဆိုသည်အတိုင်း ဒေါသကို အတတ်နိုင်ဆုံး ထိန်းချုပ်နိုင်စွမ်းရှိကုန်၏။

လူတို့၏သန္တာန်တွင် အကြောင်းမညီညွတ်သည့်အခါ ထွက်ပေါ်လာသော ဒေါသကို ထိန်းချုပ်သင့်ကြောင်းကို ငါးရာ့ငါးဆယ်နိပါတ်တော် စူဠဗောဓိဇာတ်၌ လူ့ဘဝတွင် ဇနီးမယားတော်စပ်ခဲ့သော ရသေ့မအား တိုင်းပြည်အုပ်ချုပ်မင်းလုပ်တော်မူသည့် ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းက အာဏာစက်ဖြင့် သိမ်းပိုက်သည့်အခါ ဒေါသမထွက်ဘဲ ဆိတ်ဆိတ်နေသော ဗောဓိရသေ့ကြီးက မင်းကြီးအား ဤသို့ဟောကြား ဆုံးမလေ၏။

"အရှင်မင်းကြီး၊ ငါ့အား အမျက်ဒေါသတို့ဖြစ်စေ၏။ သို့သော်မေတ္တာဘာဝနာဖြင့် တားမြစ်ပယ်ဖျောက်ထား၏။ အရှင်မင်းကြီး အမျက်ဒေါသထွက်သည်ရှိသော် အကျိုးစီးပွားကိုမမြင်၊ အမျက်ဒေါသမထွက်သည်ရှိသော် အကျိုးစီးပွားကို ကောင်းစွာမြင်၏။ သူမိုက်တို့ ကျင်လည် ကျက်စားရာ အာရုံဖြစ်သော အမျက်ဒေါသသည် ငါ့အားဖြစ်၏။ သို့ပါသော်လည်း ကိုယ်သန္တာန်မှ ပြင်ပသို့ မထွက်ပေ။

"အရှင်မင်းကြီး အမျက်ဒေါသ နှိပ်စက်ခြင်းခံရသူသည် ကုသိုလ်ကို စွန့်ပယ်သူဖြစ်၏။ ပြန့်ပြောသော မိမိ၏အကျိုးစီးပွားကို ပစ်ပယ်၏။ ကိလေသာစစ်သည်ရှိသော အားကြီးသူတို့ကို နှိမ်နင်းနိုင်သော အမျက်ဒေါသသည် ကိုယ်သန္တာန်မှပြင်ပသို့မထွက်။

"အရှင်မင်းကြီး မီးပွတ်ခုံအား မီးပွတ်သည်ရှိသော် မီးသည် ဖြစ်လာ၏။ ထိုမီးသည် ပွတ်တိုင်ကိုပင် လောင်ကျွမ်း၏။ ထို့အတူပညာမရှိ၊ မိုက်မဲလျက် အကျိုးစီးပွားကို မသိသောသူအား နင်လား၊ ငါလားချုပ်ချယ်သော အမျက်ဒေါသသည် ထွက်လာခဲ့၏။ ထိုအမျက်ဒေါသသည် ဖြစ်သောသူကိုပင် လောင်ကျွမ်း၏။ အရှင်မင်းကြီး မျက်ခြောက်၊ သစ်ရွက်ခြောက်တို့ရှိသော အရပ်၌ လောင်သောမီးသည် ပြန့်ပွားသကဲ့သို့ နည်းသောသူအား အမျက်ဒေါသသည်ပြန့်ပွား၏။ ထိုအမျက်ဒေါသသည် ပြန့်ပွားမှုအား လဆုတ်ပက္ခ၌ဖြစ်သော လမင်းကဲ့သို့ စည်းစိမ်ချမ်းသာသည် တရွေ့ရွေ့ဆုတ်ယုတ်၏။

ဤသည်ကိုထောက်ရှုလျက် အမျက်ဒေါသကို တတ်နိုင်သရွေ့ ထိန်းချုပ်သင့်ပေသည်။ ဒေါသအလျောက် စိတ်လိုက်မာန်ပါလုပ်မိသဖြင့် အကျိုးစီးပွားများပျက်သုဉ်းကြရ၏။ အချို့အသက်ပင် ဆုံးရှုံးကြရသည်။ အချို့ကြီးမားသော အမှုအခင်းများဖြစ်ကြ၏။ အချို့နှလုံးသွေးရပ်၍ အသက်ပျောက်ခဲ့ရ၏။ ဒေါသသည် ကြောက်စရာကောင်း၏။ ယုတ်စွအဆုံးဒေါသနှင့်သေလျှင် ငရဲပင်ကျနိုင်သေး၏။ လူတိုင်းလူတိုင်းသည် ဒေါသရှိသည်က မှန်ပေ၏။ ထိုဒေါသကိုချုပ်တည်းနိုင်ဖို့သာလို၏။ ဒေါသကို အတတ်နိုင်ဆုံး ထိန်းချုပ်ခြင်းသည်သာ အကောင်းဆုံးဖြစ်၏။ မည်သည့်ပြဿနာမဆို ဒေါသအလျောက် တုံ့ပြန်မည့်အစား အကောင်းဆုံးဖြေရှင်းနိုင်သည့် နည်းလမ်းကိုသာ စဉ်းစားသင့်၏။ ဆွေးနွေးညှိနှိုင်းမှုဖြင့် အဖြေရှာသင့်၏။ ဒေါသအလျောက် ပြုမူပြောဆိုခြင်းဖြင့် အကျိုးမရှိ။ အကျိုးသာယုတ်နိုင်၏။ သို့ပါ၍ မနောကံမြောက်ဖြစ်သော ဒေါသကို မိမိ၏စိတ်သန္တာန်၌သာ ဖြေဖျောက် အဆုံးသတ်သင့်၏။ ဝစီကံမြောက်ပြောဆိုခြင်း၊ ကာယကံမြောက်ပြုမူခြင်းတို့ဖြင့် အကျိုးရှိမည်မဟုတ်ပေ။ ထို့ကြောင့် အမျက်ဒေါသဟူသည် ပျက်စီးစေတတ်သော အကြောင်းတရားဖြစ်၍ အပြင်သို့မထွက်အောင် ထိန်းချုပ်အပ်ပေကြောင်း။ ။

စာမျက်နှာ ၂၁မှ

ရှေးဘုရားဟောင်းများကို မျက်မှောက်ခေတ်တွင် အမြင်မတင့်တယ်ဟု ယူဆကြသော်လည်း ယင်းရှေးဟောင်း စေတီပုထိုးများကို တည်ထားခဲ့သည့် လွန်ခဲ့သော နှစ်ပေါင်းများစွာကမူ ထိုခေတ်ထိုအခါက ပြည်သူများ၏အမြင်တွင် တင့်တယ်ခဲ့မည်သာဖြစ်သည်။ ခေတ်သမိုင်းကို မော်ကွန်းထင်ဟပ်နေသည့် ရှေးဟောင်း အဆောက်အအုံများအား ပြုပြင်ကြခြင်းဖြင့် ရှေးဟောင်းတန်ဖိုး လျော့ကျသွားကြောင်း ပြည်သူအများ သိရှိလက်ခံထားကြရန် လိုအပ်လှပေသည်။

ကျိုက္ကသာ၏ အရှေ့ပိုင်းတွင် ဘုရားထောင်ကုန်းခေါ် ဘုရားတစ်ထောင်ကုန်းဟုခေါ်သည့် ကုန်းမြင့် တစ်ခုရှိသည်။ ကုန်းထိပ်တွင် စေတီပျက်ကြီးနှစ်ဆူရှိသည်။ထိုကုန်းသို့ ကျိုက္ကသာမှတက်လာလျှင် လမ်း၏ ဘေးနှစ်ဖက်တွင် ကုန်းမို့ငယ်ပေါင်း ၈၄ ကုန်းကို မြင်တွေ့နိုင်သည်။ ကုန်းများသည် တစ်ဖက်လျှင် ၄၂ ခုစီရှိပြီး ပျမ်းမျှ ၁၀ တောင်၊ ၁၅ တောင်ဝန်းကျင်မြင့်သည်။ ရှေးယခင်က ထိုကုန်းငယ်များပေါ်တွင် စေတီငယ်များ စီတန်းတည်ထားခဲ့ဟန်ရှိသည်။ ယခုအခါတွင် စေတီငယ်များ ပြိုပျက်ကာ မရှိတော့ချေ။ နှောင်းလူများက ထိုကုန်းမို့များပေါ်တွင်ရွှေရောင်များဝင်းနေသည့် ခေတ်စေတီများတည်ထားရာ စုစုပေါင်း ၁၄ ဆူမျှရှိနေသည်ကို တွေ့ခဲ့ရသည်။

ရှေးခေတ်ဟောင်းကာလများက ဘုရားတစ်ထောင် ကုန်းထိပ်သို့တက်သည့် နတ်လမ်းကဲ့သို့သော လမ်း၏ ဘေးနှစ်ဖက်တွင် စေတီတန်းများ တည်ထားခြင်း ဖြစ်နိုင်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သုံးသပ်ပြောဆိုခဲ့သည်။

၁၉၇၁ ခုနှစ် ဝန်းကျင်က ကျိုက္ကသာရှိ ရွာလှည်းလမ်းကို ဒေသခံများပြုပြင်ရာမှ ကြေးဆင်းတုငါးဆူနှင့် ငွေဒင်္ဂါး ၅၀၀ ခန့်ရရှိခဲ့သည်။ ယင်းတို့အနက် ဒင်္ဂါးအပြား ၃၆၀ ကို ရှေးဟောင်းသုတေသနဌာနသို့ ပေးအပ်ခဲ့သည်ဟု ဆိုသည်။ ကျိုက္ကသာငွေဒင်္ဂါးများသည် ပျမ်းမျှအချင်း ၂ ဒသမ ၆ စင်တီမီတာရှိကာ သရေခေတ္တရာ၊ ဟန်လင်း၊ ဗိဿနိုးနှင့် မိုင်းမောတွင်တွေ့ရှိခဲ့သောပျူဒင်္ဂါးများထက် အနည်းငယ်သေးငယ်သည်။ ဒင်္ဂါးငယ်များသည် အချင်း ၁၄ မီလီမီတာမျှသာရှိသည်။ စိတ်ဝင်စားဖွယ်ကောင်းသည့်အချက်မှာ ကျိုက္ကသာဒင်္ဂါးများတွင် ပျူမြို့ဟောင်းများ၌ တွေ့ရသည့် ဒင်္ဂါးများတွင်ပါရှိသည့် အမှတ်သင်္ကေတ အချို့ပါဝင်နေခြင်းပင်ဖြစ်သည်။ မျက်နှာဘက်တွင် သီရိဝစ္ဆပုံပါရှိ၍ ကျောဘက်တွင် ခရုသင်းပုံပါရှိသည်။ ခရုသင်းအနားပတ်လည်တွင် ဗိန္ဒုပြောက် ၂၃ ခု မှ ၂၆ ခုအထိ ပါရှိသည်။

ကြေးဆင်းတုငါးဆူမှာ ရုပ်တော်မူ သုံးဆူနှင့် ထိုင်တော်မူနှစ်ဆူ ဖြစ်သည်။ ထိုင်တော်မူ ရုပ်ပွားတော်သည် ဉာဏ်တော် ငါးလက်မခန့်ရှိသည်။ ရပ်တော်မူဆင်းတုတော်များမှာ ဉာဏ်တော်အနိမ့်ဆုံး ၃ ဒသမ ၅ လက်မနှင့် အမြင့်ဆုံး၁၀ လက်မခန့်ရှိသည်။ ထိုင်တော်မူ တစ်ဆူမှာကား ကျိုးပဲ့ပျက်စီးနေပြီဟု သိရှိရပေသည်။

ယခု လက်ရှိဘဏ္ဍာရေးနှစ်တွင် မွန်ပြည်နယ်အတွင်း ရှေးဟောင်းသုတေသန တူးဖော်ရေးလုပ်ငန်းများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးမှ ဆောင်ရွက်ရန် စီစဉ်လျက်ရှိသဖြင့် ကျိုက္ကသာမြို့ဟောင်းကို ဆက်လက်တူးဖော် သုတေသနပြုခြင်းဖြင့် မွန်ဒေသ၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ယခုထက်ပိုမိုဖော်ထုတ် ထိန်းသိမ်းနိုင်မည်ဟု ယုံကြည်မိပါသည်။


telenor
၁မိနစ် ၁၈/-
သုံးစွဲသူ (၁၀) သန်းနဲ့
ပို..ပိုပြီးဆက်သွယ်၊ ပို..ပိုပြီးပျော်ရွှင်ကြမယ်။
စူပါပွား
တယ်လီနော‌ဖုန်းအချင်းချင်း ဖုန်းခေါ်ဆိုခ
၁မိနစ် ၁၈ ကျပ်
အခြားဖုန်းများသို့ ဖုန်းခေါ်ဆိုခ
၁မိနစ် ၂၃ ကျပ်
SMART အင်တာနက် သုံးစွဲခ
၁မီဂါဘိုက် ၆ ကျပ်
SUP ON ဟု ရိုက်ပြီး 365 သို့ SMS ပေးပို့ခြင်းဖြင့် စူပါပွား ကို ရယူနိုင်ပါသည်။
အသေးစိတ်အချက်အလက်များအတွက် 979 (သို့) နီးစပ်ရာတယ်လီနောဆိုင်များသို့ ဆက်သွယ်ပါ။

## စက်မှုဝန်ကြီးဌာန
## အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း
## အမှတ်(၁၅) အကြီးစားစက်ရုံ(သာဂရ)
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း အမှတ်(၁၅) အကြီးစားစက်ရုံ(သာဂရ)မှ အောက်ဖော်ပြပါပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | Tender No. |
|---|---|---|---|
| (က) | Lot No.(1)Battery အဟောင်း | 35 Nos | HI-15/001 |
| (ခ) | Lot No.(2)Tyre(All Size)အဟောင်း | 91 Nos | HI-15/002 |
| (ဂ) | Lot No.(3) စက်ဆီ၊ ချောဆီအဟောင်း | 397.5 Gals | HI-15/003 |
| (ဃ) | Lot.No.(4) Transformer Oil အဟောင်း | 520 Gals | HI-15/004 |
| (င) | Lot.No.(5) Copper Winding အဟောင်း | 1308.5 Kgs | HI-15/005 |

၂။ အထက်ဖော်ပြပါပစ္စည်းများအား Lot No.အလိုက်သာ လေလံတင်ရောင်းချမည်ဖြစ်ပါသည်။
၃။ **တင်ဒါပုံစံထုတ်ယူရမည့်ရက်** - ၂၁-၈-၂၀၁၅ ရက်မှ ၂၇-၈-၂၀၁၅ ရက်
၄။ **တင်ဒါပုံစံထုတ်ပေးမည့်နေရာ** - အမှတ်(၁၅)အကြီးစားစက်ရုံ(သာဂရ)၊စီမံကိန်းဌာန
